မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်   ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ကြာသပတေးနေ့၊   အတွဲ (၅၆)၊ အမှတ်(၁၀၄)

သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကိုမတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည် ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့ အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး ဒေါက်တာ ခါလစ် ဟူစိန် မန်မွန်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီသည် ညနေ ၃ နာရီ ၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်

နေပြည်တော် ဩဂုတ် ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးသည်။

ယနေ့ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❄

တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကောက်ယူသွားမည်

စာ » ၉

အီရတ်ပဋိပက္ခကြောင့် ဇူလိုင်လအတွင်း သေဆုံးသူ ၂၃၉ ဦး ရှိကြောင်း ကုလသမဂ္ဂမှ ကြေညာချက်ထုတ်ပြန်

စာ » ၁၄

နိုင်ငံတကာသံခင်းတမန်ခင်းမှာ ဒေါ်နယ်ထရန့်နဲ့ ပနံသင့်နေတဲ့ ထရူးဒီယူ

စာ » ၁၅

မြန်မာ့အလင်း

မြန်မာ့ငါးသယံဇာတ ထိန်းသိမ်းတိုးပွားရေး

နိုင်ငံတိုင်းသည် တိုးပွားလာသောလူဦးရေအတွက် စားနပ်ရိက္ခာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရသည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း တိုးပွားလာသော ပြည်သူပြည်သား တို့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးချဲ့ရေးကို ဆောင်ရွက်ရသည် သာမက မွေးမြူရေးကဏ္ဍတိုးချဲ့ရေးကိုပါ ဆောင်ရွက်ရပါသည်။ မွေးမြူရေးကဏ္ဍတိုးချဲ့သည်ဆိုရာ၌ ငါးမွေးမြူရေးလည်းပါဝင်ပါသည်။ မြန်မာနိုင်ငံသည် သဘာဝအလျောက် ရေချို ရေငန် ငါးတို့ ပေါကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း နှစ်ပေါင်းများစွာဖမ်းဆီးမှုတို့ကြောင့် မြန်မာ့ ပင်လယ်ပြင်နှင့် သဘာဝရေပြင်တို့မှ ငါးဖမ်းဆီးရရှိမှုသည် လျော့ကျလာပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငါးမွေးမြူရေးလုပ်ငန်းတိုးချဲ့ရေးကိုလည်း ဆောင်ရွက်ရတော့မည် ဖြစ်ပါသည်။

ငါးမွေးမြူရေးဆောင်ရွက်ရာ၌လည်း မြန်မာ့ရာသီဥတုနှင့်ကိုက်ညီ၍ မြန်မာ့အကြိုက်နှင့်လိုက်ဖက်ညီသော ငါးမျိုးစိတ်တို့ကို မွေးမြူနိုင်မှသာ ဈေးကွက်ကျယ်ပြန့်ခိုင်မာမှုရှိမည်ဖြစ်ပါသည်။ ဤကဲ့သို့ မွေးမြူရာ၌ ငါးသားပေါက်ငယ်များကို သဘာဝအတိုင်းမွေးမြူခြင်းထက် သားဖောက် မွေးမြူခြင်းက လုပ်ငန်းအောင်မြင်မှုရရှိစေရန် ပိုမိုတွန်းအားပေး မြှင့်တင်သွားနိုင်မည် ဖြစ်ပါသည်။ ငါးမြင်းငါးသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အကြိုက် ငါးလည်းဖြစ်ပါသည်။ ယခုအခါ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ငါးမြင်းငါးတို့ကို သားဖောက်မွေးမြူနိုင်ရန် ဆောင်ရွက် နေပြီဖြစ်ပါသည်။ ဂျပန်ပညာရှင်တို့က ငါးမြင်းငါးနမူနာများဖြင့် ငါးမြင်းငါးတစ်ရှူးတို့ကို ဂျပန်နိုင်ငံသို့သယ်ဆောင်၍ လိုအပ်သည့် စမ်းသပ်ဆောင်ရွက်မှုများကို ဆောင်ရွက်နေပြီဖြစ်ပါသည်။

ငါးမြင်းငါးမွေးမြူရေး၌သာမက ငါးရှဉ့်မွေးမြူရေး၌ပါ ဂျပန်နိုင်ငံ၏ အကူအညီကို ရယူဆောင်ရွက်လျက်ရှိပါသည်။ ငါးရှဉ့်သည် ပြည်တွင်း ဈေးကွက်အခိုင်အမာရှိသကဲ့သို့ ပြည်ပဈေးကွက်လည်း အခိုင်အမာရှိသော ရေထွက်ကုန်တစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နှစ်စဉ်ငါးရှဉ့်တန်ချိန် ၁၂၀၀၀ ဝန်းကျင်ခန့်တင်ပို့နေရသော်လည်း သဘာဝအလျောက်ဖမ်းဆီး ရယူမှုအပေါ်၌သာ အားပြုဆောင်ရွက်ရသည်ဖြစ်၍ ၂၀၁၆ ခုနှစ်၌ တန်ချိန် ၇၀၀၀ ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ငါးရှဉ့် မွေးမြူရေးကို စနစ်တကျဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။ ဤ လိုအပ်ချက်နှင့်အညီ မြန်မာ့လုပ်ငန်းရှင်တို့သည် ဂျပန်နည်းပညာအပါအဝင် တရုတ်နှင့် ဗီယက်နမ်နည်းပညာတို့ကို အသုံးပြု၍ ငါးရှဉ့်မွေးမြူရေးကို ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၌ ငါးရှဉ့် သားဖောက် မွေးမြူနည်းစနစ်လေ့လာခြင်းကဲ့သို့သော လုပ်ငန်းစဉ် များသည် များစွာအကျိုးရှိမည့်လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

ငါးမွေးမြူရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ တစ်ဖက်၌လည်း မြန်မာ့ငါးသယံဇာတများ အလဟဿ ဆုံးရှုံးမှုကို ဟန့်တားကာကွယ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တရားမဝင် ငါးဖမ်းယာဉ်များနှင့် လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များကို ထိထိရောက်ရောက် ထောက်လှမ်းအရေးယူနိုင်ရမည် ဖြစ်ပါသည်။ ဤသို့ ထောက်လှမ်း အရေးယူနိုင်ရန်အတွက် တရားဝင်ငါးဖမ်းရေယာဉ် ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရမည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာ့ငါးဖမ်းစက်လှေများတွင် စက်လှေ စောင့်ကြည့်စနစ် (Vessel Monitoring System -VMS) ကို တပ်ဆင်သွားတော့မည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် လူထုအစိုးရသစ်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာ့ငါးသယံဇာတ ထိန်းသိမ်း တိုးပွားရေးလုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်း လေးစားစွာ တင်ပြ အပ်ပါသည်။ ။

ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေး

လောင်းလုံး ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရာသီတုပ်ကွေးနှင့် ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗထူးခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ သူဇာဝင်းက ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကာကွယ် ခြင်း၊ ကုသခြင်း များကို ဆွေးနွေးကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာထွန်းက တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ဆွေးနွေးရှင်းလင်း ခဲ့ကြသည်။

စိုးထွန်း(မြန်/ဆက်)

ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကီလိုစတေကာများကပ်ခြင်းနှင့် အသိပညာပေး

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အမြန်လမ်းမကြီးအပေါ် မောင်းနှင် သွားလာသည့် ကိုယ်ပိုင်ယာဉ်ငယ်များနှင့် Express ယာဉ်များအား သတ်မှတ်ကီလိုဖြင့် မောင်းနှင်ခွင့်ပြုရန် မော်တော်ယာဉ်များအား စတေကာကပ်ခြင်းနှင့် အသိပညာပေး ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ် ၁ ရက်က အမြန်လမ်းမကြီး (နေပြည်တော်) တိုးဂိတ်ပြုလုပ်ခဲ့သည်။

ထိုသို့ ကွင်းဆင်းပညာပေးဆောင်ရွက်ရာ၌ အမြန်လမ်းရဲတပ်ဖွဲ့ နေပြည်တော် ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးဝင်းနှင့်တပ်ဖွဲ့ဝင်များက နေပြည်တော် တိုးဂိတ်မှ ဖြတ်သန်းသွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်ငယ်များအား ကီလို ၁၀၀ နှုန်း၊ ခရီးသည်တင်ယာဉ်များအား ကီလို ၉၀ နှုန်းနှင့် လိုက်ထရပ်၊ ဟိုက်ဂျက်၊ ကုန်တင်ယာဉ်များကို ကီလို ၆၀ နှုန်း မောင်းနှင်ရန် သတ်မှတ်စတေကာများအား ယာဉ်မောင်း၏ ဘယ်ဘက်ထောင့်တစ်နေရာတွင် အသိပေးတပ်ဆင်ပေးခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ခြင်းကို နံနက်ပိုင်း၌ နေပြည်တော် အမှတ်(၃) ဖြူး၊ သီးကုန်း၊ စကားအင်းတိုးဂိတ်များနှင့် ဘောနတ်ကြီး မီနီတိုးဂိတ်တို့တွင် တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပညာပေးဆောင်ရွက်ခြင်းကို ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်လတိတိ ပညာပေးဆောင်ရွက်မည်ဖြစ်ကာ စက်တင်ဘာ ၁ ရက်မှ စတင်၍ လိုက်နာမောင်းနှင်ခြင်းမရှိသည့် အရှိန်နှုန်းလွန်ယာဉ်များအား တိုင်းတာစစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၏ ပြောပြချက်အရ သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)၊ မင်းမင်းလတ်(မန်းတက္ကသိုလ်)

ထင်သာမြင်သာပြုပြင်စရာ

ရွှေပြည်သာမြို့နယ် ဘုရင့်နောင် (ပုလဲ)လမ်းမပေါ်ရှိ ချိုင့်ခွက်များကို ပြန်လည်ပြုပြင်ပေးစေလို

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ဘုရင့်နောင် (ပုလဲ)လမ်းမတွင် လမ်းပျက်စီးမှုများကြောင့် ခရီးသည်တင် ယာဉ်လိုင်းအချို့ဖြတ်သန်းမောင်းနှင်မှုမရှိတော့သဖြင့် ခရီးသွား ပြည်သူများလိုရာခရီးကို တိုက်ရိုက်မရောက်ဘဲ ခရီးထောက် တစ်ဆင့်သွားလာနေရသည်။ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် သက်ဆိုင်ရာမှ အမြန်ပြုပြင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

“တော်ရုံတန်ရုံလမ်းပျက်စီးတာကတော့ ကားကိုထိန်း မောင်းပြီးသွားလို့ရပါသေးတယ်။အခုဟာက လမ်းချိုင့်ခွက် တွေနဲ့ကမူတွေက ဆက်နေတော့ တိမ်းရှောင်ပြီး မောင်းလို့ မရအောင်ဖြစ်နေတယ်။ ဝန်အား၊ ယာဉ်အားနဲ့ဆိုယာဉ်အန္တရာယ် ဖြစ်မှာစိုးရိမ်ရလို့ လမ်းလွှဲက မောင်းနှင်နေတာပါ”ဟု YBS (၆၅) ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကပြောသည်။

“ဒီလမ်းပိုင်းပျက်စီးပြီး ခရီးသည်ယာဉ်တွေဖြတ်သန်းမှု နည်းတော့ ဒညင်းကုန်းဈေးမှာ ဈေးရောင်းဈေးဝယ်လုပ်တဲ့ ပြည်သူတွေ၊ စက်မှုဇုန်တွေမှာ အလုပ်ဆင်းနေတဲ့ အလုပ်သမား တွေ၊ အနောက်ပိုင်းတက္ကသိုလ်တွေမှာ ကျောင်းတက်နေတဲ့ ကျောင်းသားတွေ အခက်ကြုံရတယ်။ ဒါကြောင့် ပျက်စီးမှုများနေတဲ့ လမ်းသားတွေကို အမြန်ပြုပြင်ပေးစေချင်ပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ဌာနက Water bround ကျောက်ကြီးနဲ့သဲညှပ်စနစ်နဲ့ လမ်းပျက်စီးနေတဲ့ နေရာတွေကို ဖာထေးပြုပြင်သွားမှာပါ။ နောင်နှစ်မှာတော့ ကျောက်ချောလမ်းသစ်အဖြစ်ခင်းကျင်းဖို့ တင်ပြထားပါတယ်” ဟု အင်ဂျင်နီယာ (လမ်းနှင့်တံတား)ဌာနမြောက်ပိုင်းခရိုင်ခွဲတာဝန်ရှိသူတစ်ဦး က ပြောသည်။ အဆိုပါ ပျက်စီးနေသောလမ်းတွင် YBS (၆၅)၊(၄၀)၊(၆၈)ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်၊ အခြားယာဉ်များအသုံးပြုနေသော လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၀၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၅၃၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၀၆၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၀/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၅၀/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၀/၇၁၅ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၀/၆၈၅ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၆၂ ・ ၀
ဥရောပ	တစ်ယူရို	၁၆၁၀ ・ ၄
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၄ ・ ၇
ထိုင်းဘတ်	တစ်ဘတ်	၄၀ ・ ၉၂
အိန္ဒိယ	တစ်ရူပီး	၂၁ ・ ၂၁
တရုတ်	တစ်ယွမ်	၂၀၂ ・ ၄၈
မလေးရှား	တစ်ရင်းဂစ်	၃၁၈ ・ ၄၈

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် KOMERI Home Center ၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင် သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၂၀ တွင် ဂျပန်နိုင်ငံ Tokyo မြို့ရှိ Haneda လေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. Yohei SASAKAWA၊ အမှုဆောင်ဒါရိုက်တာ Mr. Yuji MORI၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် စောမင်းနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Tokyo မြို့ရှိ အသေးစားစက်မှုလုပ်ငန်း ခေါက်ဆွဲစက်ရုံ Maruyama Seiman သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် တိုကျိုဘူတာမှ Nagaoka မြို့သို့ Max TOKI-p393 Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Nagaoka ဘူတာသို့ ရောက်ရှိရာ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo WATANABE က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် KOMERI Home Center သို့ရောက်ရှိကြပြီး ဆိုင်ခန်းများအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ သမိုင်းကြောင်းနှင့် အသုံးအဆောင်ပစ္စည်းများအား လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါပြတိုက်တွင် ရေတပ်ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ အသုံးအဆောင်ပစ္စည်းများနှင့် ဓာတ်ပုံမှတ်တမ်းများ၊ ၎င်း၏လေယာဉ်ပစ်ချခံရချိန်တွင် ကျန်ရှိသော အတောင်ပံတစ်ခု၊ ဗိုလ်ချုပ်ကြီးလိုက်ပါစီးနင်းခဲ့သော ထိုင်ခုံနှင့် သမိုင်းမှတ်တမ်းစာအုပ်များအား ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ အထိမ်းအမှတ်ပြတိုက်၌ ကြည့်ရှုလေ့လာစဉ်

(သတင်းစဉ်)

၂၀၁၇ ခုနှစ် နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂

၂၀၁၇ခုနှစ် နဝမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ယနေ့ နံနက် ၇ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘောလုံးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ နေဇင်ဟိန်း ကျောနံပါတ်(၂၀) အား ငွေသားဆု ငါးသောင်းကိုလည်းကောင်း၊ အကောင်းဆုံး နောက်တန်းဆုရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ဟိန်းဆွေ ကျောနံပါတ်(၁၇) အား ငွေသားဆုငါးသောင်းကို လည်းကောင်း၊ အကောင်းဆုံး အလယ်တန်းဆုရ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဘောလုံးအသင်းမှ နေလင်းသူ ကျောနံပါတ်(၁၃) အား ငွေသားဆု ငါးသောင်းကိုလည်းကောင်း၊ အကောင်းဆုံးရှေ့တန်းဆုရ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ဟိန်းမင်းစိုး ကျောနံပါတ်(၂၂)အား ငွေသားဆု ငါးသောင်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ ရဲဇော် ကျောနံပါတ်(၉)အား ငွေသားဆု တစ်သိန်းကို လည်းကောင်း၊ အသန့်ရှင်းဆုံးဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ငွေသားဆု နှစ်သိန်းနှင့် ဆုဖလားကိုလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ငွေသားဆုခြောက်သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ ဒုတိယဆုရရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ငွေသားဆု ၁၀ သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ငွေသားဆု ၁၅ သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တံခွန်စိုက်ဆုကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

မိတ္ထီလာခရိုင်နှင့် ဝမ်းတွင်းမြို့နယ် ပြန်/ဆက်ရုံးများ ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဩဂုတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်း စာငှားစာဖတ်ဆောင်ရွက်နိုင်မှု၊ စာကြည့်တိုက်ရှိ စာအုပ်/စာစောင်များ စနစ်တကျထားရှိမှု၊ ကလေးစာဖတ်ခန်းအတွင်း ကလေးငယ်များ ရေးဆွဲထားသည့် ပန်းချီလက်ရာများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ခေါင်းစဉ်အလိုက် ကလေးများ ပါဝင်ယှဉ်ပြိုင်ထားမှု၊ Community Center တွင် အသုံးပြုရန်အတွက် အသံပိုင်းဆိုင်ရာတပ်ဆင်ထားရှိမှု၊ အခမ်းအနားများ ပြုလုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းနှင့် ပြခန်းငယ်(Museum)အတွင်း ကြည့်ရှု၍ ပြခန်းငယ်တွင် ပြသထားရှိသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို ယခုထက် ပိုမိုပြည့်စုံအောင် စုဆောင်းထားရှိရန် ပေ၊ ပုရပိုက်များနှင့် ပတ်သက်၍ ရေးသားသည့် ခုနှစ်၊ ရေးသားပြုစုသူ၏ အမည်နှင့် ရေးသားထားရှိသည့် အကြောင်းအရာကောက်နုတ်ချက် အနှစ်ချုပ်ကို ပြုစုထားရှိရန် မှာကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)



မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ် မိတ်ဆက်ထုတ်ပြန်

တရားစီရင်ရေးကျင့်ဝတ်ကို လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းအတွက် အရေးယူဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို တရားသူကြီးများ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းအတွက် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြောကြားလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်မိတ်ဆက်ထုတ်ပြန်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပစဉ် ပြည်ထောင်စုတရားသူကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်မိတ်ဆက်ထုတ်ပြန်သည့်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်

လမ်းညွှန်မှုရရှိစေ

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ရည်မှန်းချက် "၄.၂.၂- ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာ နည်းဗျူဟာများ မြှင့်တင်ပေးခြင်း" အစီအစဉ်အရ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များ အသစ်ရေးဆွဲရန်နှင့် အသစ်ရေးဆွဲထားသည့် ကျင့်ဝတ်များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (ICJ)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့၏ နည်းပညာဆိုင်ရာအကူအညီ၊ ဒိန်းမတ်သံရုံး၏ အထောက်အပံ့များဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းနှင့် ညီညွတ်သော တရားစီရင်ရေးကျင့်ဝတ်စာအုပ် ထုတ်ပြန်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုထုတ်ပြန်သည့် မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်သည် တရားသူကြီးများအတွက် ကျင့်ဝတ်ဆိုင်ရာ အပြုအမူများအတွက် စံချိန်စံနှုန်းများ သတ်မှတ်ရန်နှင့် တရားစီရင်ရေးတာဝန် ထမ်းဆောင်သည့်အခါ လမ်းညွှန်မှုရရှိစေရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် တရားစီရင်ရေးကျင့်ဝတ်တွင် ပါဝင်သော အခြေခံမူများသည် နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာပိုင်နှင့် ဥပဒေပြုအာဏာပိုင်များ၊ ရှေ့နေများနှင့် ပြည်သူလူထုအား တရားစီရင်ရေးကဏ္ဍ၏ လုပ်ဆောင်ချက်များကို တိုင်းတာဆန်းစစ်နိုင်ရန် စံတစ်ခုအနေဖြင့် ရည်ရွယ်ရေးဆွဲခြင်းလည်းဖြစ်ပါကြောင်း၊ တရားစီရင်ရေးကျင့်ဝတ်ကို ထုတ်ပြန်လိုက်ခြင်းအတွက် တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍတွင် ဆက်စပ်ပါဝင်သူများအားလုံးက တရားစီရင်ရေးစနစ်အပေါ် ပိုမိုသဘောပေါက်နားလည်လာပြီး လိုအပ်သော ပံ့ပိုးမှုများကို အထောက်အကူပြုခြင်းဖြင့် မျှတ၍ ခိုင်မာသော တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးကို မျှော်လင့်ပါကြောင်း ဆက်လက်ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်များမှ ဥပဒေပါမောက္ခများ၊ ရှေ့နေများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ် ရှင်းလင်းဆွေးနွေးပွဲနှင့် တရားစီရင်ရေးကျင့်ဝတ် အကောင်အထည်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်နေသည့် ဝန်ကြီးဌာနများအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်နေသည့် ဝန်ကြီးဌာနများအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် International Finance Corporation (IFC)၊ Australian Aid၊ UK Aid တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဝန်ကြီးဌာနများ သိသင့်သိထိုက်သော အချက်အလက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်တင်အေးဟန်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြခဲ့သည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများ ရပ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာများမှ Focal Contact Person များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် USAID တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဇူလိုင် ၂ ရက်နှင့် ၃ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် USAID ညွှန်ကြားရေးမှူး မစ္စ ထရီဇာ အယ်လ် မက်ဂီတို့က အမှာစကားများပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ စာချုပ်နှင့်သက်ဆိုင်သည့် အစိုးရဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အတည်ပြုပါဝင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ USAID ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်လျက်ရှိသည့် ယခုအလုပ်ရုံ ဆွေးနွေးပွဲသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်သို့ မြန်မာနိုင်ငံမှ မကြာမီ အတည်ပြုပါဝင်နိုင်ရေးအတွက် အထောက်အကူပြုကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရှိရသည်။

(သတင်းစဉ်)

❄ *ရွှေဖုံးမှ*

ဒုတိယသမ္မတသည် နံနက် ၉ နာရီတွင် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပလျက်ရှိသည့် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ခံသမိုင်းအကျဉ်း၊ ပြပွဲရည်ရွယ်ချက်၊ စည်းကမ်းချက်များ၊ ပြပွဲဆိုင်ရာ အချက်အလက်များနှင့် သက်ဆိုင်သည့်ဗီဒီယိုကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း အပေါ်ထပ်၌ ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ ခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ အသင်းဥက္ကဋ္ဌနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသသည်။

ယခုပြပွဲတွင် နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများက တင်ပြသည့် ကျောက်မျက် ၇၈ တွဲ၊ ပုဂ္ဂလိကကုမ္ပဏီများကတင်ပြသည့် ကျောက်မျက် ၁၇၁ တွဲ၊ ရတနာဆိုင်များက တင်ပြသည့် ကျောက်မျက် ၄၇ တွဲ၊ ပုဂ္ဂလိကမှ တင်ပြသည့် ကျောက်မျက် ၂၉ တွဲ၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုကတင်ပြသည့် လက်ဝတ်ရတနာတစ်တွဲအပါအဝင် စုစုပေါင်း ကျောက်မျက် အတွဲ ၃၂၆ တွဲကို ခင်းကျင်းပြသထားကြောင်းနှင့် အခြေခံဈေးယူရိုငွေ ၅၀၀နှင့်အထက် ကျောက်မျက်အတွဲ ၃၂၆ တွဲပါဝင်ပြီး ဩဂုတ် ၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းတွဲများအနေဖြင့် နိုင်ငံပိုင်ကျောက်စိမ်းအချောထည် အတွဲ ၂၀၊ နိုင်ငံပိုင် ကျောက်စိမ်းအရိုင်း အတွဲ ၂၀၊ နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများက တင်ပြသည့် ကျောက်စိမ်းအရိုင်းတွဲ ၂၉၀၀၊ ပုဂ္ဂလိကကျောက်စိမ်းအရိုင်း ၃၅၄၅ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက်အရိုင်း ၁၆ တွဲ၊ ပုဂ္ဂလိကကျောက်စိမ်းအချောထည် ၂၅ တွဲ၊ ကျောက်စိမ်းဖြင့် ဆင်ယင်ထားသော ခုတင်သုံးလုံး၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက် အချောထည် ၃၂ တွဲအပါအဝင် စုစုပေါင်းကျောက်စိမ်းအတွဲ ၆၅၆၁ တွဲကို ခင်းကျင်းပြသထားကြောင်းနှင့် အခြေခံဈေးယူရိုငွေ ၄၀၀၀ နှင့်အထက် သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲပေါင်း ၆၄၈၁တွဲ၊ အခြေခံဈေးယူရိုငွေ ၁၀၀၀ နှင့် အထက် ကျောက်စိမ်းအချောထည် အတွဲ ၈၀ ပါဝင်ပြီး ဩဂုတ် ၆ ရက်မှ ၁၁ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲဝင်ကြေးအနေဖြင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေ၊ ပြည်တွင်းရတနာကုန်သည် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀၊ ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သူတစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀၊ ကျောက်အတွဲ ထိန်းသိမ်းသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှင့် ရတနာဆိုင်ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ကောက်ခံလျက်ရှိကြောင်း။

ပြပွဲသို့ တက်ရောက်ခွင့်လျှောက်ထားသည့် ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ခန့်၊ ပြည်ပရတနာကုန်သည် ၂၀၀ ခန့်ရှိကြောင်းနှင့် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းဖြင့် ဆင်ယင်ထားသော ခုတင်ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစဉ် (သတင်းစဉ်)

တပ်မတော်နှစ်ရပ်အကြား ပိုမိုနီးကပ်စွာ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, Jr. အား ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုပ်ဆောင်နေမှုအခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပိုမိုနီးကပ်စွာ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေး၊ ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့တွင် ထိရောက်စွာ လုပ်ဆောင်နေမှုအခြေအနေ၊ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးစွမ်းအားမြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူစာပေဆုများထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို အမျိုးသားစာပေဆုရ ဆရာကြီးတောသားကြီး လူနိုင် ရရှိ

ရန်ကုန် ဩဂုတ် ၂

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၆ ခုနှစ်အတွင်း ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ကျော်လွင် (စက်မှု) ရေးသားသည့် **"တောအရိပ်တောင်အရိပ်အောက်က စေတနာပုံရိပ်နှင့် အခြားဝတ္ထုတိုများ"** စာမူ၊ ဒုတိယဆုကို ထီလာဝင်းယုမာရေးသားသည့် **"ဆူးစည်းနှင့် အခြားဝတ္ထုတိုများ"** စာမူ၊ တတိယဆုကို မောင်နေခြည် (ပြည်)ရေးသားသည့် **"ခရေပန်းတို့၏ ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ"** စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ (မြန်မာစာ)ရေးသားသည့် **"ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေမြစေသော်"** စာမူ၊ ဒုတိယဆုကို ကောင်းကင်ရေးသားသည့် **"စံပယ်ဖြူအပွင့်မူ ဘယ်လိုသေးပေမယ့် လေသင့်ရာမွှေး"** စာမူ၊ တတိယဆုကို ကောင်းကင်မေ (စီးပွားရေးတက္ကသိုလ်)ရေးသားသည့် **"မြတ်နိုးစွာနှောင်ဖွဲ့ထားသော"** စာမူတို့က လည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကျော်စိုး (မြင်းမူ) ရေးသားသည့် **"ပန်းအိပ်မက်ကဗျာများ"** စာမူ၊ ဒုတိယဆုကို မောင်လွယ်အိတ် ရေးသားသည့် **"အညာအလှရွာအလှ ကျေးလက်ရနံ့ ကဗျာများ"** စာမူ၊ တတိယဆုကို တင်မောင်ထက် (ကွမ်းခြံကုန်း)ရေးသားသည့် **"ပန်းတစ်လေ့နှင့်အခြားကဗျာများ"** စာမူတို့က လည်းကောင်း၊ သုတေသနဆုတွင် ပထမဆုကို ကိုကိုညိမ်း (ကောလင်း)ရေးသားသည့် **"ဆင်ပြုစုရေးနှင့် ဆင်ဘဝ"** စာမူ၊ ဒုတိယဆု ကိုလွင်မြန်မာ (မန်းတက္ကသိုလ်) ရေးသားသည့် **"ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာစာဟောခြင်းနှင့် ပန်းဒကာဓလေ့သဘာဝ"** စာမူ၊ တတိယဆုကို မောင်မောင်ချစ်ဦး(မုံရွာ)ရေးသားသည့် **"အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် သာယာလှပရေရှည်တည်တံ့ရေး"** စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် တတိယဆုကို မောင်ရွှေကျေး (တွံတေး)ရေးသားသည့် **"ရှေးဟောင်းအမွေ ဒလမြေ"** စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၆ခုနှစ် အတွက် **"တစ်သက်တာစာပေဆု"**ကို အမျိုးသားစာပေဆုရ စာရေးဆရာကြီး တောသားကြီးလူနိုင်က ရရှိသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ခန့်မျိုးနောင်၊ ဒုတိယနှစ်(ဂီတအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ဆန်းမင်းသူ၊ ပထမနှစ် (သဘင်အထူးပြု)တို့က ရရှိကြသည်။

၂၀၁၆ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စိုးတင့် (ရောဝတီ)ရေးသားသည့် **"ကျွန်တော်ချစ်သော ရောဝတီ"** စာအုပ်၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)ရေးသားသည့် **"စိတ်ကိုရှုပ်ထွေးစေသော ဆေးပညာအယူအဆများနှင့် ကျန်းမာရေးအဖြာဖြာ"** စာအုပ်နှင့် စိမ်းမြမြရေးသားသည့် **"ကျွန်မဆရာဝန်ကတော်"** စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကျင်းပမည့် အချိန် နေရာ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ၀၁-၃၇၄၅၃၂ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

စစ်ဆေးခဲ့ရာ H1N1 အတည်ပြုလူနာ ၂၃ ဦး တွေ့ရှိရကြောင်း၊ ဆေးရုံတက်ရောက်သော လူနာစာရင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် လူနာ ၁၉ ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လေးဦး စုစုပေါင်းလူနာ ၂၃ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း။ ယနေ့အထိ လူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရခြင်းမရှိကြောင်း။

ယနေ့နံနက် ၈ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နေပြည်တော်၌ကျင်းပရာ အစည်းအဝေးတွင် ရောဂါပိုးတွေ့ရှိလူနာများအား သတ်မှတ်ဆေးရုံကြီးများတွင် ထားရှိကုသနိုင်ရေးနှင့် အထူးသဖြင့် ဝေဘာဂီဆေးရုံကြီးတွင် လူနာများအားအထူးကြပ်မတ်ပြုစုကုသပေးနိုင်ရေး၊ ဝေဘာဂီဆေးရုံကြီးအတွက် လိုအပ်သည့် အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းပေးနိုင်ရေး၊ လူနာလွှဲပြောင်းမှု အသေးစိတ်အစီအစဉ်များနှင့် လျင်မြန်ချောမွေ့စွာ ပို့ဆောင်နိုင်ရေး၊ ရောဂါပိုးတွေ့လူနာများအား Tamiflu ဆေးဖြင့် ကုသမည့် သတ်မှတ်ချက်များ၊ ရောဂါပိုးတွေ့ရှိလူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများအတွက် ကာကွယ်ဆေးများထိုးနှံရေး၊ အဖွဲ့အစည်းများမှ လှူဒါန်းသည့်ဆေးနှင့်ဆေးပစ္စည်းများအား စနစ်တကျအသုံးပြုကုသနိုင်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ်များမှရရှိသော သတင်းအချက်အလက်များ၊ နေ့စဉ်သတင်းထုတ်ပြန်ချက်များနှင့် ဆေးရုံတက်လူနာများ၏ ရောဂါနှင့်ပတ်သက်သောအချက်အလက်များ တိကျသေချာမှုရှိရေး၊ ရောဂါဖြစ်ပွားမှုများနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (RRT) ဖွဲ့စည်းဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း။

ဂျပန်နိုင်ငံသို့ ပေးပို့စစ်ဆေးထားသောအဖြေများအရ ရာသီတုပ်ကွေးရောဂါပိုး (H1N1) သည် ပုံမှန်အသုံးပြုနေကျ Antiviral ဆေးဖြင့် ကုသပါက Sensitivity ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအထိရှိကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center တွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ တာဝန်ခံသမားတော်ကြီးများပါဝင်သော ရာသီတုပ်ကွေးရောဂါကုသရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း။

ရာသီတုပ်ကွေးဆန်သော လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါ လက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

မြေပြန့်တောင်ကုန်း နယ်လုံးဝန်းကျင်စိမ်းစိုလွင်ဖို့

လင်းညို

**"တောင်တောရယ်သာ၊ မာလာကင့်ဖူး
တစ်ပင်ကို နှစ်ပင်ယှက်တယ်၊ ကျေးငှက်ကမြူး။"**

ကြည်နူးဖွယ် အလွန်ကောင်းသော မူလတန်းဖတ်စာမှ ကဗျာလေးတစ်ပုဒ်ဖြစ်ပါသည်။ စေ့စေ့တွေးလေလေ သဘာဝပတ်ဝန်းကျင်၏ အလှတရားများက ရေးရေးပေါ်လေလေ ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ အလှတရားများ မပျောက်ပျက်ရေး၊ ဆက်လက်ဖြစ်ပေါ်ရေးတို့မှာလည်း ကမ္ဘာသူ၊ ကမ္ဘာသားတိုင်း၏ တာဝန်တစ်ရပ်ပင်။ အစိမ်းရောင်ပတ်ဝန်းကျင်များ (Green Environments) ကို အခြေပြု၍ အစိမ်းရောင်ကမ္ဘာကြီး (Green Earth) ဖြစ်ဖို့ ဝိုင်းဝန်းထိန်းသိမ်းရမည် ဖြစ်ပါသည်။ ယနေ့ခေတ် ကမ္ဘာနှင့်အဝန်း ဆုံးရှုံးမှု၏ အဓိကကြောင်းရင်းများထဲမှာ သဘာဝဘေးဆိုက်ရောက်မှုသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပေသည်။ ကျွန်တော်တို့ ကမ္ဘာကြီး၏ ရာသီဥတုများ အပြောင်းအလဲဖြစ်ပေါ်ခြင်းသည် သက်ရှိသတ္တဝါများ၏ အကျိုးသက်ရောက်မှုနှင့် ထိခိုက်မှုများ၏ အပြောင်းအလဲပင် ဖြစ်ပါသည်။

"သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားနိုင်"...။ သစ်တစ်ပင်မှစ၍ သစ်တောများ၏ ကောင်းကျိုးကဏ္ဍများမှာ များပြားလှပါသည်။ သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပေးနိုင်သော အဓိက သဘာဝအရင်းအမြစ်ပင်။ ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပေးခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာမှု လျော့ကျစေခြင်း၊ လေပြင်းမုန်တိုင်းများ၏ဒဏ် လျော့ကျစေခြင်း၊ ရေနှင့် ရေခိုးများကို ပို၍ထိန်းသိမ်းနိုင်စွမ်းရှိခြင်း စသည်ဖြင့် နောက်ဆုံးလျှင် စိမ်းစိမ်းစိုစိုမြင်ရတိုင်း စိတ်ကြည်နူးစေသော စက္ခုပသာဒကိုပါ ဖြည့်ဆည်းပေးနိုင်စွမ်းရှိပေသည်။

ကမ္ဘာပေါ်ရှိ သက်ရှိအမျိုးမျိုးသည် မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မြေဆီလွှာ အမျိုးအစား စသည်တို့ပေါ်တွင်လိုက်၍ ကွဲပြားကြသည်။ သစ်တောအမျိုးအစား ပေါ်လိုက်၍လည်း ကွဲပြားကြပါသည်။ သစ်တောအမျိုးအစားပေါ်လိုက်၍ မှီတင်းနေထိုင်ကြသော ဇီဝမျိုးများလည်းကွဲပြားကြရာ သစ်ပင်သစ်တောများနှင့် ဇီဝမျိုးစုများသည် အပြန်အလှန် အကျိုးပြုကြကြောင်း သုံးသပ်ချက်များလည်း လေ့လာတွေ့ရှိရပါသည်။ သက်ရှိသတ္တဝါများအတွက် အစာအာဟာရနှင့် ရေအရင်းအမြစ်ကိုလည်း ဖန်တီးပေးရာဖြစ်ပါသည်။ သမိုင်းအစဉ်အဆက်တို့၏ အဆိုအရ ဆေးဖက်မဝင်သောအပင်မရှိဟု ဆိုခဲ့ကြရာ ကျန်းမာရေးဆိုင်ရာ၌လည်း များစွာအကျိုးပြုလျက်ရှိကြသည်။ အဝတ်အထည်များထုတ်လုပ်ရာတွင်လည်း အထူးအရေးပါ၍ ဝါပင်၊ လျှော်ပင်များမှရသော ချည်သားများသည် ကျန်းမာရေးနှင့် အညီညွတ်ဆုံးသော ချည်တစ်မျိုးဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းလုံး လက်ခံထားကြခြင်းဖြစ်ရာ ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ခန့်၏ စားနပ်ရိက္ခာနှင့် အဘက်ဘက်မှ လိုအပ်မှုများသည် သစ်တောများ၏ အရေးပါမှုကဏ္ဍ တဖြည်းဖြည်းမြင့်တက်လာမည်ဟု ဆိုရမည်ပင်ဖြစ်ပါသည်။

သုတေသနပြုချက်များကို လေ့လာကြည့်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို တစ်နှစ်လျှင် ပျမ်းမျှ ၅ ဒသမ ၂၁ မက်ထရစ်တန်ခန့် သစ်တောစိုက်ခင်း တစ်ဧကမှ ခုတ်ယူနိုင်ကြောင်း သိရပါသည်။ ပုံမှန်အင်ဂျင်နှင့် မော်တော်ကားတစ်စီးသည် ဓာတ်ဆီတစ်ဂါလန်ကုန်အောင်မောင်းလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁၀ ဒသမ ၃၉၅ ကီလိုဂရမ်၊ မီသိန်းဓာတ်ငွေ့ ဒသမ ၀၀၀၄၅ ကီလိုဂရမ်၊ ဒိုက်ထရိုက်အောက်ဆိုက်ဓာတ်ငွေ့ဒသမ ၀၀၀၀၉ ကီလိုဂရမ် ထုတ်လွှတ်နိုင်ကြောင်း လေ့လာရပါသည်။ ရေနံမှဖြစ်သော လောင်စာဆီများကြောင့် ကမ္ဘာကြီးပူနွေးလာမှု အကြောင်းတရားများကိုလည်း သစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကာကွယ်ကြရမည်ဖြစ်ပါသည်။

သစ်တောများပြုန်းတီးခြင်းကြောင့် လွင်တီးခေါင်ဒေသများ၊ ကန္တာရဒေသများ မဖြစ်စေရန် အထူးကြပ်မတ်ဆောင်ရွက်သင့်လှပါသည်။ တောမီးများလောင်ခြင်း၊ လူသားတို့၏ မတွေးမဆင်ခြင် ခုတ်ယူခြင်း၊ စည်းကမ်းဖောက်ဖျက်၍ လောဘတက်သစ်ထုတ်လုပ်မှုများကြောင့် ပြုန်းတီးမှုများလေလေ သက်ရှိသတ္တဝါတို့၏ ရပ်တည်မှုမှာ ပို၍ခက်ခဲလေလေ ဖြစ်ပေလိမ့်မည်။ ရုရှား၊ ဘရာဇီး၊ ကနေဒါ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် သစ်တောဧရိယာအများဆုံးပိုင်ဆိုင်သော နိုင်ငံများဖြစ်ကြပါသည်။ ထိုနိုင်ငံများတွင် ကမ္ဘာ့သစ်တောဧရိယာစုစုပေါင်း၏ တစ်ဝက်ကျော် (ဟက်တာသန်း ၂၀၀၀ ကျော်)တည်ရှိနေပါသည်။ သို့သော်လည်း ဥပဒေဖြင့် ကာကွယ်ပေးထားသော သစ်တောဧရိယာမှာ စုစုပေါင်းဧရိယာ၏ ၁၃ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် သစ်တောဧရိယာ စုစုပေါင်းအားဖြင့် နိုင်ငံဧရိယာ၏ ၆၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရပါသည်။ မြင့်မားရှည်လျားသော တောင်တန်းများ၊ သစ်တောများဖြင့် သစ်တောသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ ရခိုင်ရိုးမ၊ တနင်္သာရီရိုးမ၊ ပဲခူးရိုးမစသော ထင်ရှားသော တောင်တန်းကြီးများလည်း ပိုင်ဆိုင်ထားပါသည်။

> ■ သစ်ပင်သစ်တောဟူသော သဘာဝအလှတရားများမှာ ကျွန်တော်တို့ကမ္ဘာကြီးအတွက် လက်ဆောင်မွန်ဖြစ်သလို ရှေးမျိုးရိုး အစဉ်အဆက်၏ အမွေအနှစ်လည်းဖြစ်
>
> ■ ထိုအမွေအနှစ်များကို စနစ်တကျမထိန်းသိမ်း မသုံးစွဲလျှင် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးကျေးဇူးမဖြစ်ထွန်းဘဲ အလျင်အမြန် ကုန်ဆုံးပျောက်ကွယ်မည်
>
> ■ သဘာဝသယံဇာတများကို နည်းပညာများဖြင့်ပေါင်းစပ်ပြီး တိုးတက်ဖြစ်ထွန်းအောင် နည်းဥပဒေ စည်းမျဉ်းများဖြင့်လည်း ကာကွယ်သင့်

သစ်တောဧရိယာစုစုပေါင်းသည် ဟက်တာ ၃၂ ဒသမ ၇ သန်းရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟက်တာ ၄ ဒသမ ၉၆၀သန်း၊ ကချင်ပြည်နယ်တွင် ဟက်တာ ၄ ဒသမ ၇၉ သန်းရှိပြီး ကြိုးဝိုင်းသစ်တောနှင့် အခြားသစ်တောဟူသော နှစ်မျိုးနှစ်စားသည်လည်း ထိုဒေသတွင် အများဆုံးရှိကြောင်း သိရပါသည်။ ထိုကဲ့သို့ဂုဏ်ယူဖွယ်ကောင်းသော သဘာဝသယံဇာတများကို ရေရှည်တည်တံ့စေရေး၊ ဆက်လက်ဖြစ်ထွန်းရေးတို့ကို အမျိုးသားအသိ၊ ပတ်ဝန်းကျင်အသိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်လှပေသည်။

၂၀၁၁ ခုနှစ် မက္ကဆီကိုနိုင်ငံ၌ မိုးကြိုးပစ်ရာမှ စတင်လောင်ကျွမ်းသည်ဟုဆိုသော တောမီးသည် ဧပြီလ ၁၈ ရက်နေ့တွင် ဧက ၂၄၅၀၀၀ ကျော်အထိရှိခဲ့ပြီး အမေရိကန်မှ မီးသတ်ယာဉ်များ ကူညီပေးသည့်တိုင် မေလ ၉ ရက်နေ့တွင် ဧက ၁ ဒသမ ၃ သန်းအထိ လောင်ကျွမ်းခဲ့ကြောင်း သိရပါသည်။ ဒေသခံပြည်သူများ၏ ပြောပြချက်အရ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းမှ စတင်လောင်ကျွမ်းကြောင်းလည်း သိရပါသည်။ ထိုကဲ့သို့သော ပေါ့ဆမှုများကြောင့် တောမီးလောင်ကျွမ်းခြင်းကိုလည်း ဥပမာယူ၍ ဆင်ခြင်သင့်လှပေသည်။ ယခုအခါတွင် သစ်တောမပြုန်းတီးရေးကို ကမ္ဘာနှင့်တစ်ဝန်း စနစ်တကျဆောင်ရွက်လျက်ရှိရာ လက်ရှိအရာများကို ထိန်းသိမ်းရေး၊ ဆက်လက်ဖြစ်ထွန်းရေးတို့ကို ဦးတည်ချက် စိမ်းလန်းမြို့တော်(Green City)၊ စိမ်းလဲ့ရပ်ဝန်း (Green Belt)စသည်တို့ကို နိုင်ငံအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်များကို ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပေသည်။

ထိုကဲ့သို့သော ထိန်းသိမ်းစောင့်ရှောက်မှုတွင်လည်း လူသားများသည်သာ သက်ရှိများထဲတွင် တိုက်ရိုက်စွမ်းဆောင်နိုင်သော သက်ရှိများဖြစ်ပါသည်။ ဂေဟစနစ်တစ်ခုအတွင်း၌ သက်ရှိများအားလုံးသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းမျိုးစုံဖြင့် အချင်းချင်းဆက်စပ်နေကြပါသည်။ အပင်များ၊ သတ္တဝါများအတွက် အစားအစာနှင့် အသိုက်အမြုံတို့ကို ပေးအပ်ပါသည်။ ထိုကဲ့သို့ပင် သတ္တဝါများ၏ အကူအညီဖြင့်လည်း အပင်များမျိုးပွားခြင်း၊ အစားအစာချက်လုပ်ခြင်းတို့ကို ပြုလုပ်ကြရပါသည်။ သဘာဝအတိုင်း မပျက်စီးသေးသော ဂေဟစနစ်များသည် ၎င်းတို့အတွင်းရှိ လူသားများအပါအဝင် သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရန်အတွက် လိုအပ်သော သယံဇာတများကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးလျက်ရှိသလို ထိုသို့သော သယံဇာတများ၏ ကောင်းမွန်စွာဖြစ်တည်မှုကိုလည်း စွမ်းဆောင်ပေးနေခြင်းပင် ဖြစ်ပါသည်။

သစ်ပင်သစ်တောဟူသော သဘာဝအလှတရားများမှာ ကျွန်တော်တို့ကမ္ဘာကြီးအတွက် လက်ဆောင်မွန်ဖြစ်သလို ရှေးမျိုးရိုး အစဉ်အဆက်၏ အမွေအနှစ်လည်းဖြစ်ပါသည်။ ထိုအမွေအနှစ်များကို စနစ်တကျမထိန်းသိမ်း မသုံးစွဲလျှင် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးကျေးဇူးမဖြစ်ထွန်းဘဲ အလျင်အမြန် ကုန်ဆုံးပျောက်ကွယ်မည်ဖြစ်ပါသည်။ နောင်လာနောက်သား မျိုးဆက်များအတွက်လည်း တိုးတက်မှုဝေးနိုင်၍ ဆိုးမွေများ ချန်ခဲ့ရာလည်းရောက်မည်ဖြစ်ပါသည်။ သဘာဝသယံဇာတများကို နည်းပညာများဖြင့် ပေါင်းစပ်ပြီး တိုးတက်ဖြစ်ထွန်းအောင် နည်းဥပဒေ စည်းမျဉ်းများဖြင့်လည်း ကာကွယ်သင့်ပါသည်။ အမေရိကန်နှင့် အာရပ်စော်ဘွားနိုင်ငံများသည် သယံဇာတများအား စနစ်တကျစီမံဆောင်ရွက်၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိနိုင်ပါသည်။ သဘာဝသယံဇာတများ ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားသော ကျွန်တော်တို့ မြန်မာနိုင်ငံကြီးသည် ထိုကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သုံးစွဲခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးသောနိုင်ငံတော်ကြီးဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ဟုဆိုရာတွင်လည်း သဘာဝအလျောက် ဖြစ်တည်လျက်ရှိသော ရေ၊ မြေ၊ တော၊ တောင် တွင်းထွက်သယံဇာတနှင့် သဘာဝကို မှီတင်းနေထိုင်ကြသော ကျေးငှက်သားငါး တိရစ္ဆာန်အားလုံးပင်ဖြစ်ပါသည်။ ထိုသို့သော သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြု၍ ဆက်စပ်လျက်ရှိကြပေသည်။ ယခုအခါတွင် သစ်ပင်၊ သစ်တောများ၏ အကျိုးကို ရှေးရှုလျက် ဇူလိုင်လကို **"ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့"** ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် **"သဘာဝ"** ဆိုတော အမြဲတေ လက်ဆောင်မွန်ကို ရင်ထဲတွင်ကိန်းအောင်းပြီးသားဖြစ်ကြပါသည်။ ထိုအမြဲတေ လက်ဆောင်မွန်ကို ဆက်လက်ထိန်းသိမ်းသွားရန် ပတ်ဝန်းကျင်အသိဖြင့် အတူတကွ ကြိုးစားသွားကြရန် ဖြစ်ပါသည်။ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှတရားများကိုလည်း သမိုင်းအစဉ်အဆက်ကတည်းက မြတ်နိုးတတ်ကြပေရာ စာဆိုရှင် ကဗျာရှင်တို့၏ သဘာဝအလှတရားအပေါ် ခံစားရေးဖွဲ့မှုများဖြင့်လည်း သိနိုင်ကြပါသည်။ "ကွန့်ကွန့်သာထူးတော့တယ်၊ ညွန့်ဖူးစုံခွင်မှာ၊ ထုံစည်ရွှေဝတ်က၊ လေညွတ်ရာလှိုင်ချိုလှိုင်" ဟု စာဆိုတော်ဦးမင်း၏ ဖွဲ့ဆိုမှု၊ မဟာအတုလမင်းကြီး၏ "ရှုလေတိုင်းကိုတဲ့၊ ဝေ့မှိုင်းကယ်ဖြာဖြာ၊ လေညှင်းငယ်လာသည်" ဟူသော ဖွဲ့ဆိုမှုများဖြင့် သဘာဝအလှတရားများအပေါ် မြတ်နိုးစိတ်များကိုလည်း မြင်နိုင်ပေသည်။ ကျွန်တော်တို့ မျိုးဆက်သစ်များသည်လည်း သဘာဝတရားကြီးအား မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များ၊ ပတ်ဝန်းကျင်အသိ၊ ပတ်ဝန်းကျင်သတိများဖြင့် ထိန်းသိမ်းကာကွယ်ရင်း ဆက်လက်ဖန်တီးသွားရန် ဆန္ဒပြုလိုက်ရပါသည်။ ။

ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် NPO Asia Environmental Technology Promotion Institute (အာရှဒေသတွင်း နည်းပညာမြှင့်တင်ရေးအဖွဲ့)၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး Mr. Akio Kawakami နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ဆွေးနွေး

တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ NPO က ဦးစီးပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Japan-Myanmar Vocational Training Institute (JMVTI) Aung San Project နှင့် ပတ်သက်၍ စီမံကိန်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေရှာဖွေရေးနှင့် ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေရှာဖွေရေးနှင့် ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၇)၏ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှုအခြေအနေများအား လုပ်ငန်းအဖွဲ့ဝင်များ၊ ကော်မတီအဖွဲ့ဝင်များမှ ရှင်းလင်းတင်ပြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းများအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဇန်နဝါရီလမှ ဇူလိုင်လအထိ လူကုန်ကူးမှုများလျော့နည်းကျဆင်းရေး ဆောင်ရွက်ထားရှိမှုများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူးက ရှင်းလင်းတင်ပြ၍ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာ ဆရာမများ ၏ ဝတ်စုံစရိတ်ကိစ္စကို ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်

နေပြည်တော် ဩဂုတ် ၂

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမောင်သင်း၏ **နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ အားလုံးအား နှစ်စဉ်ဝတ်စုံစရိတ် ချီးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်တွင် ဝတ်စုံစရိတ်ခေါင်းစဉ်ဖြင့် နှစ်စဉ်ထည့်သွင်းလျာထားသုံးစွဲလျက်ရှိပါကြောင်း။

ရုံးအကူ၊ စာပို့ဝန်ထမ်း၊ ရုံးလုလင်များ၏ အသုံးအဆောင်များအတွက် တစ်ယောက်လျှင် ငွေကျပ်နှစ်သောင်းနှုန်း သတ်မှတ်ခံစားခွင့်ပြုရန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က လမ်းညွှန်ချက်အရ ဆရာ ဆရာမဝန်ထမ်းများကို သင့်တင့်သောထောက်ပံ့မှုပေးရန် ညွှန်ကြားချက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတို့တွင် ဆရာ ဆရာမ စုစုပေါင်း ၃၉၆၄၄၅ ဦးရှိပါကြောင်း၊ ယခုနှစ်တွင် တစ်ဦးလျှင် ဝတ်စုံတစ်စုံအတွက် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ထောက်ပံ့နိုင်ရေး ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၉၆၄ ဘီလီယံသုံးစွဲခွင့်ပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ ဝတ်စုံစရိတ်ကိစ္စကို ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ဘဏ္ဍာငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ဒေါက်တာဦးမောင်သင်းက ဆက်စပ်မေးခွန်းအဖြစ် **သူနာပြု ဆရာမများအတွက် တစ်နှစ်လျှင်ငွေကျပ် နှစ်သောင်းထောက်ပံ့ရန် စီစဉ်နေသည့်အတွက်ကြောင့် ပညာရေးဆရာ ဆရာမများ၏ ထောက်ပံ့ကြေး ငွေကျပ် တစ်သောင်းအား ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** ဆက်လက်မေးမြန်းရာ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယခုဆောင်ရွက်ပေးနေသည့် ငွေကျပ်တစ်သောင်းမှ နှစ်သောင်းသို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရငွေ၊ သုံးငွေ ဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များကို ကျား/မ တန်းတူ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များတွင် အမျိုးသားဦးရေ ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေ ၅၀ ရာခိုင်နှုန်း အချိုးအစားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များတွင် တက္ကသိုလ်ဝင်တန်းအောင် အနိမ့်ဆုံးရမှတ်သတ်မှတ်ချက်အား အမျိုးသား၊ အမျိုးသမီး ခွဲခြားထားခြင်းမရှိဘဲ လက်ခံနိုင်သည့် ဦးရေအရ ကျား၊ မ အမှတ်တန်းတူဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရစက်မှုလက်မှု သိပ္ပံများသို့ တက်ရောက်နိုင်ရေးအတွက် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူရာတွင် ကျား၊ မ ခွဲခြား သတ်မှတ်ခေါ်ယူခြင်းမရှိဘဲ သင်္ချာနှင့်အင်္ဂလိပ်စာ နှစ်ဘာသာ၏ စုစုပေါင်းရမှတ်အရ ရွေးချယ်ခြင်းဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်များသို့ အမျိုးသား ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာဖြင့် လည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ သူနာပြု တက္ကသိုလ်များသို့ အမျိုးသား ၁၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၉၀ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ အခြေခံကျန်းမာရေး တက္ကသိုလ်သို့ အမျိုးသား ၈၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း ဝင်ခွင့်ပြုခဲ့ပြီး ဆေးဝါးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များသို့ အမျိုးသား၊ အမျိုးသမီး အချိုးခွဲခြားမှုမရှိဘဲ ဝင်ခွင့်ပြုခဲ့ပါကြောင်း။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်သတ်မှတ်ရာတွင် သက်ဆိုင်ရာတက္ကသိုလ်အလိုက် အမျိုးသား၊ အမျိုးသမီး အချိုးသတ်မှတ်ထားခြင်းအား လတ်တလောတွင် ပြင်ဆင်ရန်အစီအစဉ် မရှိသေးပါကြောင်း၊ နောင်အခါတွင် အမျိုးသား ပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ တက္ကသိုလ်အသီးသီး၏ ပဋိညာဉ်စာတမ်းများ ဆောင်ရွက်ပြီးချိန်တွင် အမျိုးသား၊ အမျိုးသမီး အချိုးသတ်မှတ်ချက်ကို ပြန်လည်စိစစ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမောင်သင်း

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

ထို့ပြင် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့၏ ပန်ဆောင်မြို့ပေါ်မှ ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီအားအရေးယူပေးရေး၊ တမူးမြို့နယ် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ ထီးအုံစောက်ရွာအတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရေး၊ လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာသင်ကျောင်းပြန်လည်ဖွင့်လှစ်ပေးရေး ဆိုင်ရာမေးခွန်းများကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့ ဖြေကြားခဲ့ ကြသည်။

အစည်းအဝေးတွင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းထားသည့် **ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့် ပတ်သက်၍ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်းက ထုတ်ပြန်ထားသော ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတွင်လည်း ယခုရောဂါ ဖြစ်ပွားနေပါကြောင်း၊ အခြေအနေကို စောင့်ကြည့်နေပြီး စနစ်တကျကာကွယ်ထိန်းချုပ်ရန် လိုအပ်ပါကြောင်း၊ ရောဂါကူးစက်မှုအခြေအနေနှင့် ရောဂါဖြစ်ပွားမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိစေခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းကို ပိုမိုထိရောက်စေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်က ယခုကိစ္စတွင် ကူးစက်ခံလူနာ၊ ပြုစုသူမိသားစုဝင်၊ ကုသသူ ကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းစီကို ကာကွယ်ကုသရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံးကိုလည်း ခြုံငုံကြည့်ကာ ဟန်ချက်ညီညီ စီမံရန်လိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လုက H1N1 ကာကွယ်ရေးနှင့် ပတ်သက်ပြီး WHO ၏သတ်မှတ်ချက်အရ ကူးစက်မှု Phase ခြောက်ခုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး အကောင်းဆုံးကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများကို ဆောင်ရွက်သင့်ပါကြောင်း၊ ကုသမှု ဆေးဝါးများဖြစ်သည့် Oseltami - vir(Tamiflu)နှင့်

စာမျက်နှာ ၈ သို့

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုကြောင်း လွှတ်တော်ကကြေညာ

နေပြည်တော် ဩဂုတ် ၂

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး၏ **မိုးကောင်းမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နန့်ရင်းချောင်းနှင့် မိုးကောင်းချောင်းတစ်လျှောက် ရေတိုက်စား ကမ်းပါးပြိုခြင်းကို ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် နေရာများကို ဦးစားပေး၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသထွက်ပစ္စည်းများဖြင့် လိုက်လျောညီထွေဖြစ်မည့် ကုန်ကျစရိတ်သက်သာသည့် ဝါးကရစ်တန်းများကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ပါကြောင်း။

ထိုသို့ဝါးကရစ်တန်း တည်ဆောက်ပေးခြင်းမှာ နိုင်ငံတော်၏ရန်ပုံငွေ အနည်းငယ်ဖြင့် ချောင်း၏သွင်ပြင်သဏ္ဌာန်အားပြောင်းလဲမှု နည်းပါးစေပြီး ကမ်းပါးတိုက်စားခြင်းအလျားအား လုံလောက်စွာ ကာကွယ်ပေးနိုင်ခြင်း၊ တိုင်ဝါးအဖြစ်အသုံးပြုသော ဝါးနက်ဝါးများအား မြေဝင်အနက် အနည်းဆုံး ၁၀ ပေအထိ စိုက်ပြီးတင်းဝါးများဖြင့် တန်းချုပ်ခြင်း၊ ချောင်းကမ်းပါးတိုက်စားမှု လျော့နည်းရန် ဝါးထရံများအား စနစ်တကျ ခင်း၍ ဆောင်ရွက်ပေးခြင်းတို့ကြောင့် ရေစီးနှင့်အတူပါဝင်လာသော အနည်အနှစ်များအား အနည်ကျပြီး ဒေသအတွင်းပေါက်သည့်ကိုင်းပင်အစရှိသည်တို့ပေါက်ရောက်စေရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိုးကောင်းချောင်းနှင့် နန့်ရင်းချောင်း ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရမည့်နေရာများကို ဦးစားပေးဆောင်ရွက်ပြီးဖြစ်သည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မိုးကောင်းမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအဖြစ် ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၏ **ကျိုက်လတ် - လှိုင်သာယာ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း Main Station ခွဲရုံ အမြန်ပြီးစီး၍ ဓာတ်အားပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးရန်နှင့် ယခုဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၃၀ ကေဗွီ ကျိုက်လတ် - လှိုင်သာယာ ဓာတ်အားလိုင်း ၅၁ ဒသမ ၂၉ မိုင်အား ၂၀၁၄ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ပါကြောင်း၊ တည်ဆောက်ရန် တာဝါတိုင် ၂၀၉ တိုင် ရှိသည့်အနက် တာဝါတိုင်ဖောင်ဒေးရှင်း ၁၈၉ တိုင် ပြီးစီးပြီး တာဝါတိုင်တပ်ဆင်ခြင်း ၁၇၇ တိုင် ပြီးစီးနေပြီဖြစ်၍ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ ၆၇ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းမှာ ၈၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး

ဒုတိယဝန်ကြီး ဦးကျော်မျိုး

တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း လှိုင်သာယာဓာတ်အားခွဲရုံအတွက် တာဝါတိုင် ၁၃ တိုင် တည်ဆောက်ခြင်းလုပ်ငန်းတွင် သီးနှံလျော်ကြေးများနှင့်ပတ်သက်၍ ကန့်ကွက်မှုများ ဖြစ်ပေါ်နေသဖြင့် တောင်သူများနှင့် ညှိနှိုင်းဖြေရှင်းခဲ့ရသည့်အတွက် လုပ်ငန်းများ အနည်းငယ် ကြန့်ကြာခဲ့ရသော်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ညှိနှိုင်းဖြေရှင်းနိုင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ အဆိုပါအခက်အခဲများအပြင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၅၁ ဒသမ ၂၉ မိုင် တည်ဆောက်ရန် ဘတ်ဂျက်ခွဲဝေရရှိမှုအရ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေ လုံလောက်မှုမရှိသည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေလုံလောက်စွာရရှိပါက ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြု ချက်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ **ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံဆွေးနွေးပြီး အဆိုပါ **ဥပဒေကြမ်း** အား အမျိုးသား လွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြသီတာထွန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော၊ ဗိုလ်မှူး ကိုကိုနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်တို့က အကြံပြုဆွေးနွေးကြသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောက ပြင်ဆင်ချက်များအရ မူးယစ်ဆေးဝါးသုံးစွဲသူများကို မှတ်ပုံတင်ခြင်းမပြုလုပ်ဘဲ ပြစ်မှုကြောင်းအရ

စာမျက်နှာ ၈ သို့

မောင်တောခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရာသီတုပ်ကွေးရောဂါအကြောင်း ဟောပြော

မောင်တော ဩဂုတ် ၂

မောင်တောခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား H1N1 ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့မေယု ခန်းမ၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြော ပွဲသို့ မောင်တောခရိုင် ရဲတပ်ဖွဲ့မှ အရာရှိ ၁၆ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၀၁ ဦး၊ မိသားစုဝင် ၅၇ ဦး စုစုပေါင်း ၁၇၄ ဦး တက်ရောက်ခဲ့ပြီး မောင်တောခရိုင် ပြည်သူ့ဆေးရုံကြီး ရောဂါကာကွယ်တိုက်ဖျက်ရေးဌာနမှ ဒေါက်တာနကေသီစံက ရာသီတုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း မောင်တော ခရိုင်ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း

မောင်တောခရိုင်ရဲတပ်ဖွဲ့တွင် ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်ပွဲ ကျင်းပ

မောင်တော ဩဂုတ် ၂

မောင်တောခရိုင်ရဲတပ်ဖွဲ့တွင် ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မေယုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက အမှာစကားပြောကြားပြီး သင်တန်းသား ၂၅ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်ရှိ တပ်ဖွဲ့၊ တပ်ဖွဲ့စုများမှ တာဝန်ခံများ၊ အရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ ဖမ်းဆီးနည်းသင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

မောင်တောတွင် ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မောင်တော ဩဂုတ် ၂

မောင်တောမြို့နယ်၌ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအနေဖြင့် ရောဂါလက္ခဏာများ၊ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုအား ပညာပေး ဆောင်ရွက်လျက်ရှိကြောင်း မောင်တောမြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

မောင်တောပြည်သူ့ဆေးရုံအနေဖြင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည့် လမ်းညွှန်မှုများအတိုင်း လူနာများကို ကုသမှုပေးရန် ဆောင်ရွက်ထားရှိကြောင်း၊ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် သံသယ လူနာများထားရှိရန် သီးသန့်လူနာခန်းထားရှိပေးထားကြောင်း၊ ယခုလောလောဆယ် မောင်တောမြို့နယ်တွင် ရာသီတုပ်ကွေးနှင့်ပတ်သက်၍ သံသယ လူနာများ မတွေ့ရှိရသေးကြောင်း၊ ပညာပေးမှုများအနေဖြင့် လွန်ခဲ့သည့် တစ်ပတ်ကျော်ကတည်းက ဆောင်ရွက်လျက်ရှိကြောင်း မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေါက်တာနကေသီစံက ပြောကြားသည်။

ရာသီတုပ်ကွေးနှင့် ပတ်သက်၍ ပညာပေးဟောပြောမှုများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ စာသင်ကျောင်းများနှင့် ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်စပ်ဒေသဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံတွင် အဆိုပါရောဂါဖြစ်ပွားမှု ရှိ၊ မရှိ ကိုလည်း အထူးလေ့လာစောင့်ကြည့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက် ပြောကြား သည်။

"တကယ်တော့ H1N1 ဟာ ရာသီတိုင်းဖြစ်လေ့ဖြစ်ထရှိတဲ့ ရာသီတုပ်ကွေးရောဂါဖြစ်ပါတယ်။ ဒီရောဂါမဖြစ်ပွားအောင် အဓိကအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့လိုပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အနေအထိုင်၊ အပြုအမူရှိရမယ်။ ရောဂါကူးစက်နိုင်တဲ့ နည်းလမ်းတွေကို သိရှိလိုက်နာ ကာကွယ်ဖို့လိုပါတယ်။ ကောလာဟလတွေကိုမယုံဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အချက်အလက်တွေ၊ ကြော်ငြာတွေကို လိုက်နာဆောင်ရွက်ဖို့လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

ပြင်ဆင်ဖတ်ရှုပေးပါရန်

ဇူလိုင် ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင်ဖော်ပြခဲ့သော ဥက္ကံမြို့တွင် လိုင်မြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းစတင်ဖွင့်လှစ်သတင်းတွင် "၂၀၁၇ ခုနှစ် ဇူလိုင်လတတိယပတ်မှစတင်၍" **အစား** "၂၀၁၆ ခုနှစ် ဇူလိုင်လတတိယပတ်မှစတင်၍" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

ရာသီတုပ်ကွေးကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေး

ကျောက်ကြီး ဩဂုတ် ၂

ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဒေသခံပြည်သူများအား မြို့နယ်ဆရာဝန် ဒေါက်တာလွင်ဌေးက ရာသီတုပ်ကွေးရောဂါ၏ လက္ခဏာများ၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်း၊ ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် ရောဂါဖြစ်ပွားနိုင်သည့် ကြက်၊ ဝက်၊ ငှက်များကို သတိပြုကိုင်တွယ်ကြရန်နှင့် လက်ကို စင်ကြယ်စွာဆေးကြောရန်၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိပါက ရောဂါကူးစက်နိုင်ခြေနှင့် ဖြစ်ပွားမှုကျဆင်းနိုင်သည့်အတွက် ပြည်သူများအနေဖြင့်လည်း လွန်ကဲစွာ စိုးရိမ်ထိတ်လန့်မှုမရှိကြရန် စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ကိုလွင်(ဆွာ)

__ပြည်သူ့လွှတ်တော်မှ__

Zanamivir (Relenza)ဆေးတို့ကိုလည်း နိုင်ငံတော်အနေဖြင့် လုံလောက်စွာသိုလှောင်ထားရှိသင့်ပြီး လိုအပ်သည့်အချိန်တွင်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် မင်းလှမဲဆန္ဒနယ်မှဒေါက်တာဦးသန်းအောင်စိုး၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံ၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ ရေကြည် မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လုတို့ကလည်း အရေးကြီးအဆို နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက H1N1 နှင့်ပတ်သက်၍ ယနေ့ နံနက်အထိ သေဆုံးသူ ၁၃ ယောက်ရှိပါကြောင်း၊ ထိန်းမနိုင်သိမ်းမရ အခြေအနေမဟုတ်ပါကြောင်း၊ ပြန့်ပွားမှုမရှိစေရေးအတွက် အထူးကြပ်မတ် ကုသဆောင်များတွင် ကုသပေးလျက်ရှိပါကြောင်း၊ ရောဂါစတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ကုသပေးနေသည့် ဆရာဝန်ကြီးများ၊ သူနာပြုများ ရောဂါကူးစက်ခံရမှု မရှိပါကြောင်း၊ ကူးစက်ခံရမှုမရှိသော်လည်း ကုသရေးလုပ်ငန်းများကို သေသေချာချာ ဆောင်ရွက်နေပါကြောင်း၊ ရောဂါကူးစက်ခံရသည့် လူနာ၏နေအိမ်သို့ ချက်ချင်း သွားရောက်၍ မိသားစုဝင်များကို ပညာပေးခြင်း၊ စောင့်ကြည့်ခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ရောဂါကူးစက်ခံရသည့်လူနာ ဆေးရုံသို့ နောက်ကျမှရောက်လျှင် အသက်ဆုံးရှုံးရန် အခွင့်အလမ်းပိုများပါကြောင်း၊ ထို့ကြောင့် ပြည်သူကို ပညာပေးရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပြီဆိုလျှင် ဆေးရုံကိုချက်ချင်း သွားရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ယခင်ကလည်း ဆောင်ရွက်နေသလို ဆက်လက်ပြီးလည်း ဆောင်ရွက်ရန်လည်း လုပ်ငန်းရမည့်လုပ်ငန်းစဉ်များရှိသည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။ ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော "တူးမြောင်းဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ကျော်သူထက်၊ မွှေးကြူဇင်(သတင်းစဉ်)

__အမျိုးသားလွှတ်တော်မှ__

အရေးယူဆောင်ရွက်မည့်အစား ကျန်းမာရေးဆိုင်ရာ ပြဿနာခံစားနေရသူအဖြစ် ရှုမြင်ပြီး ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်စေရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြဋ္ဌာန်းခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲသူနည်းပါးပြီး တရားဥပဒေစိုးမိုးမှုအားကောင်းသော၊ တစ်ဦးချင်းဝင်ငွေကောင်းမွန်၍ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်သောဖွံ့ဖြိုးပြီးနိုင်ငံများအတွက် လက်တွေ့လုပ်ကိုင်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီမှုရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ရပ်သည် စကားပြေအသုံးအနှုန်း ကောင်းမွန်သော်လည်း လက်တွေ့ အကောင်အထည်ဖော်လိုက်နာကျင့်သုံးနိုင်ခြင်း မရှိပါက အကျိုးသက်ရောက်မှု အားနည်းပြီး ဆန့်ကျင်ဘက်ဆိုးကျိုးများ ထွက်ပေါ်လာနိုင်သည်ကိုလည်း ဥပဒေပြုလွှတ်တော်အနေဖြင့် စဉ်းစားသုံးသပ်ရမည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲသူများကို ကုသမှုခံယူရမည့် လူနာများအဖြစ် သတ်မှတ်မည်ဆိုပါက နိုင်ငံတစ်ဝန်းလုံးရှိ မူးယစ်ဆေးဝါးသုံးစွဲသူ ခန့်မှန်းအရေအတွက်အား စစ်တမ်းကောက်ယူရန် လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူကို ပြစ်မှုကျူးလွန်သူဟု မသတ်မှတ်သည့်အတွက် လက်တည့်စမ်းပြီး သုံးစွဲလိုသည့် လူငယ်များလည်း တိုးပွားလာနိုင်သည်ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေကြမ်းအရ ပြန်လည်ထူထောင်ရေးစခန်းတွင် ခြောက်လကြာထားရှိပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးရမည်ဆိုသော ပြဋ္ဌာန်းချက်အား အကောင်အထည်ဖော်ရန် လုံလောက်သည့် ပြန်လည်ထူထောင်ရေးစခန်းများ ရှိ၊ မရှိ၊ ပြန်လည်ထူထောင်ရေးစခန်းတွင် ထားရှိစဉ် နေ့စဉ်ကျွေးမွေးစရိတ်၊ ဆေးကုသမှုစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်းမှ လုံလောက်စွာ ခွဲဝေချမှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ စိတ်ရောဂါအထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမည့် လူသားအရင်းအမြစ်များ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိတို့ကို ဦးစွာဆန်းစစ်ပြီးမှသာ ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက လူမှုရေးပြစ်ဒဏ်ချမှတ်ခြင်းသည် ကမ္ဘာနှင့်ယှဉ်ပြီး မိမိတို့နိုင်ငံသားများ၏ ယဉ်ကျေးမှုအဆင့်ကို မြှင့်တင်ခြင်းဖြစ်သည်ဟု မိမိမှတ်ယူ၍ လက်ခံပါကြောင်း၊ သို့ရာတွင် အကြိမ်ကြိမ်ထပ်ပြီး ကျူးလွန်နေမည်ဆိုပါက ပတ်ဝန်းကျင်နှင့် မိသားစုကိုပါ ထိခိုက်လာနိုင်သည့်အတွက် ဒုတိယအကြိမ် ဖောက်ဖျက်ပါက မူလပြစ်ဒဏ်၏ နှစ်ဆ၊ တတိယအကြိမ်နှင့်အထက် ကျူးလွန်သူများကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် ပုဒ်မ(၂၈)၏ နောက်တွင် ပုဒ်မ(၂၉)အဖြစ် ယခုပြင်ဆင်သည့် ဥပဒေမပြဋ္ဌာန်းမီက ပြစ်ဒဏ်ကျခံရသူများနှင့် စစ်ဆေးစီရင်ဆဲပြစ်မှုများသည် ဤဥပဒေပြင်ဆင်ချက်ပါ အခွင့်အရေးများအားတည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်ရရှိစေရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နောက်ကြောင်းပြန်ပြီး ပြစ်မှုများဟု သတ်မှတ်၍ မရပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါ **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာ ဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည် ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် ရောဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင်နှင့် **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် တို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ဩဂုတ် ၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သူရဇော်၊မီမီဖြိုး(သတင်းစဉ်)

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များကို ပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

အခန်း (၄)

လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ လိုက်နာရန်စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း

၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် သက်ဆိုင်သည့် လိုင်စင်များ ထုတ်ပေးခြင်း၊

(ခ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုရာတွင် သတ်မှတ်ပေးသည့် နေရာများမှတစ်ပါး အခြားနေရာများမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်ခြင်း၊

(ဂ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ပြည်တွင်းသို့တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့်စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံနည်းလမ်းများ၊ စည်းကြပ်ရမည့်အခများနှင့် အခြားကိစ္စတစ်ရပ်ရပ်အတွက် လိုအပ်သည်ဟု ယူဆသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၈။ ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့်သက်ဆိုင်သည့်လိုင်စင်များထုတ်ပေးခြင်း၊ လုပ်ငန်းတစ်မျိုးထက် ပိုမိုဆောင်ရွက်ခြင်းအတွက် နှစ်မျိုးတွဲလိုင်စင်ကိုဖြစ်စေ၊ ပေါင်းစပ်လိုင်စင်ကိုဖြစ်စေ ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဂ) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် တင်ပို့သူ၊ လက်ခံသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) သယ်ယူပို့ဆောင်မည့်ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အရည်အသွေးနှင့် ပိုက်လိုင်းများအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးတွင် တည်ဆဲဥပဒေများအရ တားမြစ်ကန့်သတ်ချက်တွင် မပါဝင်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းနှင့်စက်ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည့် သတ္တုဓာတ်ပစ္စည်းများ၏ ပါဝင်ရမည့် အချိုးအစားနှင့်ပမာဏကို သတ်မှတ်ခြင်း၊ တားမြစ်ခြင်း၊

(ဆ) စံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ် မှန်ကန်မှုရှိစေရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကိုသတ်မှတ်ခြင်း၊

(ဇ) စမ်းသပ်စစ်ဆေးမှုများအရ သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(ဈ) ချက်လုပ်မည့်နေရာ၊ သိုလှောင်မည့်နေရာနှင့် သိုလှောင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကိုသတ်မှတ်ခြင်း၊

(ည) လက်ဝယ်ထားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဋ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းကို သင့်လျော်သော ထိန်းကွပ်ကြီးကြပ်မှုပြုလုပ်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဌ) နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေးတို့အတွက် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း၊

(ဍ) သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ စမ်းသပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ချက်လုပ်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း။

၉။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဂ) ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့်မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပဖြစ်သည့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၁၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) ပါ လိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါ ခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပွားပါက ကွင်းဆင်းစစ်ဆေးခြင်း တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) သိုလှောင်ကန်နှင့်သိုလှောင်ရုံများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

၁၁။ ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့်ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်းပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့်သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၁၂။ ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်သည် အောက်ပါထုပ်ပိုးထည့်သွင်း ပစ္စည်းတစ်ခုခုနှင့်သက်ဆိုင်ခြင်း မရှိစေရ -

(က) နှစ်ဂါလန် ပမာဏအောက် လျော့နည်းသည့် ဘေးအန္တရာယ်ရှိသော ရေနံကို အဖုံးလုံခြုံစွာဖြင့် ထည့်သွင်းထားသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထည်တစ်ခုခု၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးသုံးသည့် စက်အားသုံးယာဉ်၊ စက်ယန္တရားတွင် တွဲလျက်ပါဝင်သော တိုင်ကီ၊

(ဂ) မြေအောက်တွင် လုံးဝမြှုပ်ထားသော သိုလှောင်ကန်၊

(ဃ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ထုပ်ပိုးထည့်သွင်းပစ္စည်း အတန်းအစားတစ်ခုခု။

၁၃။ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်သည့် ပိုက်လိုင်းတစ်လျှောက်တွင် အန္တရာယ်အမှတ်အသား သတိပေးချက်ကို ထင်သာမြင်သာရှိသော စာဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၁၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ခြွင်းချက်ပေးနိုင်သည်။

၁၅။ ဘေးအန္တရာယ်မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုလုပ်လိုသူသည် စုစုပေါင်း ဂါလန် ၅၀၀ ထက်ပိုမိုလျှင် လိုင်စင်ရယူရမည်။ သို့ရာတွင် ဂါလန် ၅၀၀ နှင့် အောက်ရှိသော ပမာဏကို ထားသိုရာတွင် ဂါလန် ၂၀၀ ထက် မကျော်လွန်သည့် ထုပ်ပိုးထည့်သွင်းပစ္စည်းကို အသုံးပြုရမည်။

၁၆။ မည်သူမဆို ရောင်းချရန်မရည်ရွယ်သည့် ခြောက်ဂါလန် ထက်မပိုသော ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို လိုင်စင်ရယူရန်မလိုဘဲ သိုလှောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကောက်ယူသွားမည်

နေပြည်တော် ဩဂုတ် ၂

တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်းရရှိနိုင်ရန် လာမည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်းမကောက်ယူမီ ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

"တိရစ္ဆာန်ကောင်ရေစာရင်း မကောက်ယူခဲ့တာ နှစ် ၂၀ ရှိပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက တိရစ္ဆာန်ကောင်ရေစာရင်းကို လာမယ့်နှစ် ဇန်နဝါရီ ၁ ရက်က နေ ၃၁ ရက်အထိ တစ်လတာအတွင်း အပြီးကောက်ယူသွားမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေကိုတော့ ဖေဖော်ဝါရီ ၂၈ ရက်အပြီး ကောက်ယူသွားမှာဖြစ်ပါတယ်။ ဒီလိုမကောက်ယူခင်မှာ ရှေ့ပြေးတိရစ္ဆာန်ကောင်ရေ ကောက်ယူဖို့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူတဲ့အခါ မြို့နယ်ပေါင်း ၃၃၀၊ မြို့၄၂၂ မြို့နဲ့ ကျေးရွာပေါင်း ၆၃၈၆၀ မှာ ကျေးရွာစုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းကို အပြည့်အစုံစာရင်းကောက်ယူတဲ့ နည်းစနစ်နဲ့ ကောက်ယူမှာဖြစ်ပါတယ်။

၈-၉-၂၀၁၆ ရက်က ညောင်ဦးမြို့နယ်၌ စီမံကိန်းအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းရှေ့ပြေးကောက်ယူရေး ဆရာဖြစ်သင်တန်း သင်ကြားနေမှုကို တွေ့ရစဉ်

"ဒီလိုစာရင်းကောက်ယူနိုင်ဖို့အတွက် အရင်ဆုံးသင်တန်းတွေ ပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီလ ၁၀ ရက်ကစပြီး နေပြည်တော်မှာ ဆရာဖြစ်သင်တန်းတွေ ပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီသင်တန်းဆရာတွေကတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ပြန်လည်ပို့ချပေးသွားမှာဖြစ်ပါတယ်။ စာရင်းကောက်လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဟာတိရစ္ဆာန်မွေးမြူတဲ့ အိမ်ထောင်စုတစ်စုချင်းအလိုက်တွေ့ဆုံမေးမြန်းပြီးရရှိလာတဲ့ အချက်အလက်တွေကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် စုစည်းပြီး ပြုစုသွားမှာဖြစ်ပါတယ်။ ဒီလိုပြုစုရရှိလာတဲ့ အချက်အလက်တွေကိုလည်း ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူသည့်လုပ်ငန်းကို ၁၉၇၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကောက်ယူခဲ့သော်လည်း ၁၉၉၄ ခုနှစ်နောက်ပိုင်း မြေပြင်တွင် ကောက်ယူနိုင်ခဲ့ခြင်းမရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲထားပြီး စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် ဗဟိုတိရစ္ဆာန် ကောင်ရေစာရင်းကောက်ယူရေးကော်မတီကို ဖွဲ့စည်းထားသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)အနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာအထောက်အပံ့ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၆) မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအားလုံးတွင် စီမံကိန်းအဆင့်ကောင်ရေစာရင်း ကောက်ယူခြင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၈ မြို့နယ်ရှိ ကျေးရွာ ၆၀ တွင် တိရစ္ဆာန်ကောင်ရေ စာရင်း ရှေ့ပြေးစမ်းသပ်ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်း-ရှင်မင်း၊ မီမီဖြိုး

ဓာတ်ပုံ- KYS ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

အာဆီယံ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ်မှစကားသံများ

ရှင်မင်း၊ အေးအေးသန့်၊ ဓာတ်ပုံ- အေးအေးသန့်

နေပြည်တော် ဩဂုတ် ၂

“ပျော်ရွှင်မှု၊ ဖန်တီးမှု၊ စာပေဗဟုသုတများစွာရတဲ့ ဒီနေရာကို အမြဲလာချင်တာ”ဟူသည့် ကလေးငယ်တစ်ဦး အမှတ်တရရေးသားခဲ့သည့် စာကြောင်းလေးသည် အဓိပ္ပာယ်ရှိလှ၏။ ကလေးငယ်ရည်ညွှန်းသည့်နေရာကား အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ် ပြုလုပ်နေသည့် အမျိုးသားစာကြည့်တိုက်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်တွင် ပြုလုပ်သည့် အာဆီယံရွှေရတုအထိမ်းအမှတ်အစီအစဉ်တွင် အနာဂတ်ကြယ်ပွင့်လေးများဖြစ်သည့် ကလေးများအတွက် အစီအစဉ်များစွာပါဝင်နေပြီး “နောက်တစ်ခါလာချင်ပါတယ်”ဆိုသည့် ကလေးများ၏ အမှတ်တရစကားသံများနှင့်အတူ အဆိုပါအစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသူများ၏ စကားသံများကို ဖော်ပြလိုက်သည်။

ဒေါက်တာကေသီအေး

လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်

အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကိုလည်း လုပ်ခဲ့ပြီး စာတမ်းငါးစောင် ဖတ်ကြားခဲ့ပါတယ်။ ဒါက အာဆီယံကို ဂုဏ်ပြုအထိမ်းအမှတ်အနေနဲ့ ဖတ်ကြားတာဖြစ်ပါတယ်။ ထင်ရှားတဲ့ စာရေးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ သတင်းစာဆရာကြီးတွေရဲ့ လက်ရေးမူတွေကို လဲလှယ်ပြီး ပြသသွားမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဆရာကြီးတွေ ရေးသားခဲ့တဲ့ စာပေတွေနဲ့ လက်ရေးမူတွေကို ပြည်သူတွေကို လေ့လာသိရှိစေချင်လို့ဖြစ်ပါတယ်။ လို့ရတဲ့ Link တွေကိုလည်း ဒီမှာပြသပေးပါတယ်။ ဆရာ ဆရာမတွေကိုလည်း ဒီအကြောင်းအရာတွေကို သိစေချင်ပါတယ်။ ဒါမှ ကလေးတွေကို ပြန်ပြီးဖြန့်ဝေနိုင်မှာ ဖြစ်ပါတယ်။ ကလေးတွေအတွက် Tablet တွေ ဒီမှာတော့ ချထားပေးပါတယ်။ ဒီမှာ ဉာဏ်စမ်းဂိမ်းလေးတွေကစားပြီး ကလေးတွေနဲ့ ကာတွန်းလေးတွေတွဲပေးတာ လိုက်ဖက်ညီပါတယ်။ စာကြည့်တိုက်ကလည်း ဒီလိုပွဲမျိုးတွေမှာ ကလေးစာပေပွဲတော်တွေလို အများပြည်သူလာရောက်နိုင်အောင် စာအုပ်ဆိုင်လေးတွေရှိတာကိုလည်း သက်ဆိုင်ရာဌာနတွေကတစ်ဆင့် အသိပေးဖို့ အကြံပြုပြောကြားလိုပါတယ်။

ဆရာမ ဒေါ်ခင်ထားထား

နေပြည်တော် အ-ထ-က(၉) ဇမ္ဗူသီရိမြို့နယ်

ဗဟုသုတတွေအများကြီးရတော့ ကလေးတွေအတွက်လည်းကောင်းတယ်။ စာအုပ်တွေလည်း ဝယ်လို့ရတယ်။ ဈေးချိုချိုနဲ့လည်းရတယ်။ သူတို့ကစားချင်တာတွေလည်း ကစားရတယ်။ လိုက်ချင်တဲ့သူတွေကများနေလို့ အားလုံးကို ခေါ်ခဲ့ချင်ပေမယ့် အခြေအနေအရ အဆင်ပြေမယ့် ကလေးတွေကိုပဲ လူဦးရေကန့်သတ်ချက်နဲ့ လာခဲ့ရတယ်။ ဖြစ်နိုင်ရင်

ဆရာသစ်ထွဏ်း (ကာတွန်း)

မောင်ကောင်းမြတ်ပိုင်

ဆရာဇော်ဝိတ်

ကိုသိန်းဇော်ထွန်း

ဆရာမ ဒေါ်ခင်ထားထား

မဍူဍူး

အမျိုးသားစာကြည့်တိုက်မှာ အာဆီယံပြခန်းကို ဖွင့်လှစ်ထားပါတယ်။ အာဆီယံအထိမ်းအမှတ်နဲ့အတူ ကလေးတွေအတွက် Activities တွေ လုပ်ပေးတာ ဖြစ်ပါတယ်။ အာဆီယံနဲ့ ပတ်သက်တဲ့ ဉာဏ်စမ်းပဟေဠိတွေလည်း ပါပါတယ်။ ကလေးတွေကို စာဖတ်ဖြစ်စေချင်တာ ဖြစ်ပါတယ်။

အမျိုးသားစာကြည့်တိုက်က ကလေးတွေလာရောက်တာနည်းတယ်။ ဒီအတွက် ကျောင်းတွေကိုဖိတ်ပြီး ကျောင်းကနေတစ်ဆင့် ကလေးတွေကို စာကြည့်တိုက်ကို လာရောက်စေတာဖြစ်ပါတယ်။ ကာတွန်းအဖော် စာဖတ်ပျော်ဆိုတဲ့ အစီအစဉ်လေးကို ကလေးတွေအတွက် လုပ်ပေးပါတယ်။ ပုံပြောတဲ့ အစီအစဉ်တွေ၊ လက်မှုလုပ်ငန်း လုပ်တာတွေ၊ ဂိမ်းကစားတာတွေ၊ ကာတွန်းဆရာကြီးတွေ ဖိတ်ကြားပြီးတော့ ကလေးတွေအတွက် ကာတွန်းပုံဆွဲပေးတာတွေကိုလည်း လုပ်ပေးပါတယ်။ ကလေးတွေအတွက် စာအုပ်အရောင်းဆိုင် လာဖွင့်ပေးတာလည်း ရှိပါတယ်။ သုံးတန်းကနေ ခုနစ်တန်းအထိ ကလေးတွေကို ဖိတ်ကြားခဲ့ပါတယ်။

အစီအစဉ်လုပ်မယ့်သုံးရက်မှာ မနက်ကို ကျောင်းနှစ်ကျောင်း၊ ညနေပိုင်းကို ကျောင်းနှစ်ကျောင်း၊ တစ်နေ့ကို ကျောင်းလေးကျောင်းနဲ့ သုံးရက်အတွက် ကျောင်း ၁၂ ကျောင်းကို ဖိတ်ကြားခဲ့ပါတယ်။ မနက်ဖြန်မှာလည်း ကလေးတွေအတွက် British Council က လာပြီး Activities တွေ လုပ်ဆောင်ပေးဦးမှာ ဖြစ်ပါတယ်။ ပြီးတော့ Save The Library ရဲ့ စာကြည့်တိုက်နဲ့ပတ်သက်တဲ့ အစီအစဉ်တွေလည်း ပါပါတယ်။ ကာတွန်းဆရာကြီးတွေက ကလေးတွေကို ကာတွန်းပုံတွေ ရေးဆွဲပေးပါတယ်။ ကလေးတွေအတွက် လက်မှုနဲ့ပတ်သက်တဲ့ အစီအစဉ်လည်း ပါပါတယ်။

နောက်တစ်ခုက အမျိုးသားစာကြည့်တိုက်မှာ စာရေးဆရာကြီးတွေရဲ့လက်ရေးမူတွေကိုလည်း ပြသထားပါတယ်။ အခု စာရေးဆရာကြီး အယောက် ၂၀ ရဲ့ လက်ရေးမူတွေနဲ့ သူတို့ရဲ့ ဓာတ်ပုံတွေနဲ့ ရေးသားတဲ့စာအုပ်တွေကို ပြသထားပါတယ်။ သက္ကရာဇ်စဉ်အလိုက်စီစဉ်ပြီး ပြသထားပါတယ်။

ချမ်းလင်းနေခြည်

စတုတ္ထတန်း၊ အ-ထ-က (၁၁) ဇမ္ဗူသီရိမြို့နယ်

အခုလို သူငယ်ချင်းတွေနဲ့အတူလာပြီးတော့ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ သမီးက တစ်ခါမှ သူငယ်ချင်းတွေနဲ့ ဒီလို မသွားဖူးပါဘူး။ ပထမဆုံးအကြိမ်ဆိုပေမယ့် သူငယ်ချင်းတွေနဲ့မို့ ပျော်စရာကောင်းပါတယ်။ ဒီမှာ သမီးတို့ကြိုက်တဲ့ စာအုပ်တွေအပြင် ပုံလည်းဆွဲလို့ရတယ်။ ကာတွန်းဆရာကြီးတွေက ကာတွန်းလေးတွေ ဆွဲပေးတယ်။ နောက်ထပ်လည်း ဒီလိုသူငယ်ချင်းတွေနဲ့လာပြီး လေ့လာချင်ပါတယ်။

မောင်ကောင်းမြတ်ပိုင်

စတုတ္ထတန်း၊ အ-ထ-က (၁၁) ဇမ္ဗူသီရိမြို့နယ်

သားက ပုံပြင်ဖတ်ရတာ ကြိုက်တယ်။ လူစွမ်းကောင်းပုံပြင်တွေ၊ ဟာသစာအုပ်တွေ ပိုကြိုက်တယ်။ တစ်ခါတလေမှာ သမိုင်းစာအုပ်တွေ ဖတ်တယ်။ ဒီမှာ စာအုပ်ဆိုင်ရှိတော့ သားကြိုက်တဲ့ပုံပြင် ဖတ်ခဲ့တယ်။ ဂိမ်းကစားလို့လည်းရတော့ သူငယ်ချင်းတွေနဲ့ ဘောလုံးပစ်ကစားကြတယ်။ ဒီလို သူငယ်ချင်းတွေနဲ့ အတူတူလာပြီးလေ့လာရတော့ ပျော်တယ်။ ဗဟုသုတအများကြီးရပါတယ်။ ဆရာမကလည်း သားတို့ကို ဗဟုသုတရအောင် ပြောပြပါတယ်။ ဆရာမက အမျိုးသားစာကြည့်တိုက်ကို သွားမယ်ပြောတော့ သားတို့တစ်ခန်းလုံး ပျော်လို့အော်ကြတယ်။ နောက်ထပ်လည်း သွားခွင့်ရချင်ပါတယ်။

ကိုမောင်မောင်စိုး

Save The Library

ဒီအစီအစဉ်မှာ စာကြည့်တိုက်နဲ့ပတ်သက်တဲ့ နည်းပညာကို လာရောက်ပြသတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ https://save the librarymyanmar.org ကနေ စာအုပ်တွေ ဖတ်ရှုနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ ကလေးတွေက နည်းပညာတွေနဲ့ ထိတွေ့မှုများလာပါတယ်။ ဒါကြောင့် ကလေးတွေအတွက် အရွယ်အလိုက် Website ကနေတစ်ဆင့် လေ့လာပျော်အောင် ဆုလေးတွေ ကျွန်တော်တို့က ပြန်ပြီးပေးပါတယ်။

ဆရာဇော်ဝိတ်နှင့် ဆရာသစ်ထွဏ်း (ကာတွန်း)

ကလေးတွေကို ဒီပွဲမှာပံ့ပိုးပေးဖို့ပါ။ ကလေးတွေ စာဖတ်ချင်စိတ်ရှိလာတယ်။ ပျော်လာတယ်။ ကလေးတွေ စိတ်ချမ်းသာဖို့အတွက် ကာတွန်းဆရာတွေက ပံ့ပိုးပေးတာပါ။ အခုပွဲထဲမှာရှိတဲ့ ကာတွန်းပုံတွေက ကျွန်တော်တို့ ကာတွန်းဆရာတွေ ဆွဲထားတဲ့ပုံတွေပါ။ ရန်ကုန်မှာလည်း ဒီလိုပွဲမျိုးလုပ်ခဲ့ပါတယ်။ အဓိကက ကလေးတွေ စာဖတ်အောင်ပါ။ ကလေးတွေကို ဒီပွဲမှာ အမှတ်တရ အခမဲ့ဆွဲပေးတာပါ။ ကလေးတွေက အစက ဆွဲခိုင်းချင်တဲ့ပုံ ဆွဲခိုင်းတယ်။ ပြီးတော့မှ ဆရာတို့က ဘယ်သူလဲလို့ မေးတော့မှ သူတို့လေးတွေကသိသွားပြီး ကျွန်တော်တို့ရဲ့ ဇာတ်ကောင်လေးတွေကို ဆွဲခိုင်းကြတယ်။

ကလေးတွေ စာဖတ်လာတာကို သိလာပါတယ်။ ဒီပွဲရဲ့ အမှတ်တရကတော့ ကလေးတွေက သူတို့ရဲ့လိုချင်တာလေးတွေကို ဆွဲခိုင်းကြပါတယ်။ သူတို့ရဲ့ဆန္ဒလေးတွေကို ဖြည့်ဆည်းပေးရလို့ ဝမ်းသာပါတယ်။ ဒီလိုပွဲလေးတွေကို မကြာခဏကျင်းပပေးရင် ကလေးတွေအတွက် ကောင်းပါတယ်။ ကလေးတွေ စာဖတ်ဖို့ စိတ်ဝင်စားလာဖို့အတွက် ကူညီပေးတာပါ။ လူ့ဘဝမှာ လူရယ်လို့ဖြစ်လာရင် စာသင်ရပါတယ်။ မိဘတွေလည်း စာဖတ်ဖို့အရေးကြီးပါတယ်။ မိဘတွေကိုယ်တိုင် စာဖတ်မှ သားသမီးတွေကို စာအုပ်ဝယ်ပေးမှာ ဖြစ်ပါတယ်။

ကိုသိန်းဇော်ထွန်း

ဆုစာပေ

ကျွန်တော်တို့ရန်ကုန်က စာအုပ်တိုက် ငါးတိုက်လာပါတယ်။ ဒီမှာရှိတဲ့ ဒေသခံစာပေတိုက် တစ်တိုက်နဲ့ဆို ခြောက်တိုက်ပါ။ ကာတွန်းဆရာတွေကို ဖိတ်တော့ ရန်ကုန်ကစာအုပ်တိုက်ငါးတိုက် ဖိတ်ပေးပါဆိုတော့ ဖိတ်လို့လာတာပါ။ ကလေးတွေက ဘာသာရေးနဲ့ပတ်သက်တဲ့ ပုံပြင်စာအုပ်လေးတွေ၊ ဉာဏ်စမ်းစာအုပ်လေးတွေ ဝယ်ကြပါတယ်။ ဒီလိုအစီအစဉ် လုပ်ပေးတာ ကောင်းပါတယ်။ စာအုပ်တိုက်၊ စာကြည့်တိုက် တစ်ကျောင်းလုံး ခေါ်ခဲ့ချင်တာပါ။ ကလေးတွေအတွက် ဗဟုသုတလည်းရ၊ ကောင်းလည်းကောင်းတဲ့ အစီအစဉ်ဖြစ်နေတော့ တစ်နှစ်ကို နှစ်ကြိမ်လောက် လုပ်စေချင်ပါတယ်။

မမြတ်ပန်သု

အ-ထ-က(၉) ဇမ္ဗူသီရိမြို့နယ်

သူငယ်ချင်းတွေနဲ့ စုံစုံလင်လင်လာရတော့ ပျော်ပါတယ်။ ပီတိလည်းဖြစ်မိပါတယ်။ ပြိုင်ပွဲတွေလည်းရှိတော့ ပျော်ဖို့ကောင်းပါတယ်။ လက်မှုပစ္စည်းလေးတွေလည်း လုပ်ခဲ့ပါတယ်။ ပိတ်စလေးတွေရယ်၊ စက္ကူလေးတွေရယ်နဲ့ တိမ်မင်းသားလုပ်ခဲ့ပါတယ်။ အာဆီယံအကြောင်းတွေ လေ့လာခဲ့ပါတယ်။ အာဆီယံပြခန်းထဲမှာ အာဆီယံနဲ့ပတ်သက်တဲ့ နိုင်ငံတွေ၊ အာဆီယံကို တည်ထောင်ခဲ့တဲ့နှစ်တွေအကြောင်း လေ့လာခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ Speaking နဲ့ ပတ်သက်တဲ့ စာအုပ်တွေအကြောင်း လေ့လာခဲ့ပါတယ်။

မဍူဍူး (လက်မှုပညာရှင်)

ကလေးတွေအတွက် Hand Made သင်တန်းပေးဖို့ လာတာပါ။ ပွဲတိုင်းမှာက စက္ကူနဲ့လုပ်တာသင်ပေးတာ များပါတယ်။ ဒီပွဲမှာ ပထမဆုံးအနေနဲ့ ကလေးတွေအတွက် အဝတ်စနဲ့ အရုပ်လေးတွေလုပ်တာသင်ပေးပါတယ်။ အခြေခံအဖြစ် အဝတ်စလေးတွေနဲ့ တိမ်လေးတွေ၊ အသည်းပုံလေးတွေ၊ ဝက်ဝံရုပ်လေးတွေ သင်ပေးပါတယ်။ ဒီအစီအစဉ်လေး လုပ်တာကောင်းပါတယ်။ သူတို့လေးတွေ လုပ်တဲ့ဟာကို လွယ်အိတ်လေးတွေ၊ ဖုန်းလေးတွေမှာ ချိတ်ကြပါတယ်။ သူတို့လေးတွေပျော်နေတာမြင်တော့ ကျွန်မလည်း ပီတိဖြစ်ရပါတယ်။

အာဆီယံ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ်ကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်တွင် ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

သံတွဲမြို့နယ် ငပလီမြို့ဂျိတ္တောရပ်ကွက်ရှိ ကူးတို့လှေဆိပ်များမှ လှေများတွင် စီးနင်းသူ ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် စည်ပင်သာယာရေးအဖွဲ့က အသက်ကယ်အင်္ကျီများ လှူဒါန်းပေးထားပြီးဖြစ်ရာ ထိုအသက်ကယ်အင်္ကျီများကို လှေများတွင် စနစ်တကျထားရှိ၊ ဝတ်ဆင်အသုံးပြုမှု ရှိ/မရှိနှင့် လှေများ ကြံ့ခိုင်ရေးကောင်းမွန်မှု ရှိ/မရှိတို့ကို သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ ဦးဆောင်သည့် စည်ပင်တာဝန်ရှိသူများက ဩဂုတ် ၁ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးစဉ် (ခရိုင် ပြန်/ဆက်)

မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ၇-၁၀ ပေ ... ရှစ်ပေမှ ၁၁ခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ ပိသာချိန်သိန်းချီဝင်သော်လည်း ဈေးမကျ

ရန်ကုန် ဩဂုတ် ၂

ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိသော ရန်ကုန်ဈေးကွက်သို့ ယခုရက်ပိုင်းအတွင်း ကြက်သွန်နီပိသာချိန်သိန်းချီ၍ ဝင်ရောက်နေသော်လည်း ဈေးနှုန်းလျော့ကျသွားခြင်းမရှိသေးကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်သို့ ဇူလိုင် ၂၉ ရက်က ပိသာချိန် ၁၅၀၀၀၀ ဝင်ရောက်ခဲ့သော်လည်း နေ့စဉ်တက်နေသော တစ်ပိသာ ၂၅ ကျပ်နှုန်းထက်ပို၍ အလုံးသေး တစ်ပိသာ ၅၀ ကျပ်နှုန်းနှင့် အလုံးကြီး တစ်ပိသာ ၇၅ ကျပ်နှုန်းအထိ ဈေးအတက်ကြမ်းခဲ့သည်။ ဈေးနှုန်းမှာ နယ်လှောင်လက်များ ဝယ်ရင်းထားသည့်ဈေးထက်တစ်ပိသာလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင် ဈေးပိုရနေသဖြင့် နယ်လှောင်လက်အချို့က ရန်ကုန်သို့ ပိုမိုတင်ပို့လာရာ ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်သို့ ကြက်သွန်နီပိသာချိန် ၃၁၈၀၀၀ ဝင်ရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ပိသာချိန် ၁၈၀၀၀၀ ဝင်ရောက်ခဲ့သည်ဟု ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းသတင်းများအရလည်းကောင်း၊ ပွဲရုံပိုင်ရှင်များထံမှလည်းကောင်း သိရသည်။

ရန်ကုန်ဈေးကွက် ကြက်သွန်နီဈေးမှာ ဇူလိုင် ၂၉ ရက်က ဈေးတက်ပြီးနောက် အဆိုပါတက်ဈေး ၁၂၇၅ - ၁၅၂၅ - ၁၆၀၀-၁၆၅၀ ကျပ်နှုန်းအတိုင်း ဩဂုတ် ၁ ရက်အထိ သုံးရက်ဆက်တိုက် အတက်အကျမရှိဘဲ ဈေးတန့်နေခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်မှ အမေရိကန်ဒေါ်လာ ၆၄၅၈၂ တန်ဖိုးရှိ ကြက်သွန်နီ ၁၄၁ တန်ခွဲ၊ မြဝတီမှ ၆၉၀၀ ဒေါ်လာတန်ဖိုးရှိ ကြက်သွန်နီ ၁၂ တန်တို့ကို တစ်ဖက်နိုင်ငံများသို့ ဇူလိုင် ၁၅ ရက်မှ ၂၀ ရက်အတွင်း တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ကြက်သွန်နီဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သာ ဈေးရခဲ့၍ လက်ရှိ ရန်ကုန်ဈေးကွက်ပေါက်ဈေးထက် ဈေးနှုန်းနည်းခဲ့သည်။

ကြက်သွန်နီလှောင်သူအချို့အနေဖြင့် ဈေးအလွန်မြင့်တက်ခဲ့သည့် ၂၀၁၅ နှစ်ကုန်ပိုင်းရရှိခဲ့ဖူးသော အကျိုးအမြတ်အတွေ့အကြုံအရ ယခုနှစ်တွင်လည်း ထပ်မံ၍ အကျိုးအမြတ်ရရှိရန် လုပ်ဆောင်ခြင်းမျိုး ရှိနိုင်သည့်အတွက် စားသုံးသူများ ဈေးနှုန်းကြီးမြင့်ခြင်း ထပ်မံမတွေ့ကြုံရစေရန် ဈေးနှုန်းသက်သာသော ပြည်ပကြက်သွန်နီများ တင်သွင်းခြင်းကို လှောင်သမားများ အကျိုးအမြတ်ရရှိရေးထက် စားသုံးသူအကျိုးအတွက် လုပ်ဆောင်ပေးသင့်နေသည်ဟု စားသုံးသူများက ဆိုသည်။

ပြည်တွင်းတွင် အကြောင်းအမျိုးမျိုးပြ၍ ကြက်သွန်နီဈေးမြင့်တက်နေခြင်း၏ အကြောင်းရင်းများကို သက်သေပြနိုင်သည့်အချက်များဖြစ်သော ပြည်တွင်းစိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ပမာဏ၊ အောင်မြင်မှုနှင့် အထွက်ပမာဏ၊ အချိန်အခါမဲ့မိုးကြောင့် နယ်အချို့တွင် ပျက်စီးသည့်ပမာဏတို့ကို ထုတ်ပြန်ကာ အမှန်တကယ် ပြည်တွင်းစားသုံးခြင်းအတွက် မလုံလောက်လျှင်လည်း ယခင်နှစ်များကဲ့သို့ ဈေးနှုန်းမြင့်တက်ခြင်း မကြုံတွေ့ရစေရန် ကြိုတင်လုပ်ဆောင်ပေးမည့်အစီအစဉ်များကို စားသုံးသူများအား အသိပေးစေလိုကြောင်းလည်း စားသုံးသူများက အကြံပြုပြောဆိုလျက်ရှိသည်။

ခင်ဆိုင်

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ မော်တော်ယာဉ်များ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ရေး ပညာပေး

တံတားဦး ဩဂုတ် ၂

တံတားဦးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်နေကြသော မော်တော်ယာဉ်များအား သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ရေး အသိပညာပေး ဟောပြောပွဲကို တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စကားအင်းတိုးဂိတ်အနီး၌ ဩဂုတ် ၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ထွန်းအောင်၏ ကြီးကြပ်မှုဖြင့် စကားအင်း အမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ်သိန်းဗိုလ်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်မောင်းသူများအား သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြရေး အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောရာတွင် ခရီးသည်တင် မှန်လုံမော်တော်ယာဉ်များသည် တစ်နာရီလျှင် ၉၀ ကီလိုမီတာနှုန်း မောင်းနှင်ကြရန်နှင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ်အပေါ်စားများဖြစ်ကြသည့် ပစ်ကပ်၊ Single Cab၊ လိုက်ထရပ်၊ ဟိုက်ဂျက်မော်တော်ယာဉ်များနှင့် သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များမှာ တစ်နာရီလျှင် ၆၀ ကီလိုမီတာနှုန်းဖြင့်သာ မောင်းနှင်ကြရန်၊ လူစီးယာဉ်ငယ်များဖြစ်ကြသည့် ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ ဒဗယ်ကပ်မော်တော်ယာဉ်များသည် တစ်နာရီလျှင် ၁၀၀ ကီလိုမီတာနှုန်းအထိသာ မောင်းနှင်ကြရန် စသည်တို့ကို ယာဉ်မောင်းသူများအား အသိပေးဟောပြောကြပြီး ယာဉ်များ၏ရှေ့လေကာမှန်တွင် အသိပညာပေးစတစ်ကာများ ကပ်ပေးခဲ့သည်။

မော်တော်ယာဉ်များအနေဖြင့် သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြရေးကို ယခု ဩဂုတ်လဆန်းမှစ၍ ဩဂုတ်လအတွင်း ပညာပေးကာလ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စက်တင်ဘာလမှစ၍ သတ်မှတ်ကီလိုမီတာထက် ကျော်လွန်မောင်းနှင်သည့် မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲတင့်(မြန်/ဆက်)

A(H1N1) အကြောင်း မြို့နယ်အဆင့်အသိပေးရှင်းလင်း

မြန်အောင် ဩဂုတ် ၂

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09)အကြောင်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဩဂုတ် ၁ ရက်က မြန်အောင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မောင်မောင်ချစ်က ရာသီတုပ်ကွေးရောဂါကူးစက်နိုင်သော အခြေအနေများနှင့် ကူးစက်မခံရအောင် ကာကွယ်ရမည့်နည်းလမ်းများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုရန်၊ နှာချေ၊ ချောင်းဆိုးလျှင် ပါးစပ်၊ နှာခေါင်းကိုအုပ်ပြီး လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံးပါးစပ်၊ နှာခေါင်းစည်းများ အသုံးပြုရန်၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်၊ ကောင်းစွာအိပ်စက်အနားယူရန်၊ အာဟာရပြည့်ဝသောအစားအစာများ စားသုံးရန်၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ရန်၊ လူထူထပ်သောနေရာများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်၊ မိမိ သို့မဟုတ် တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနကို သတင်းပေးပို့ ကုသမှုခံယူရန်တို့ကို ရှင်းလင်းဟောပြောကာ ရာသီတုပ်ကွေးရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဝင်းဗိုလ်(မြန်/ဆက်)

ကျေးလက်ကျန်းမာရေးဌာနများအတွက် ရန်ပုံငွေ ပိုမိုသုံးစွဲလျက်ရှိ

ရေး ဩဂုတ် ၂

မွန်ပြည်နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၏ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ယခင်နှစ်ကထက် ဘဏ္ဍာငွေပိုမိုသုံးစွဲရန်ရှိနေကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၁၆၈၉ သန်း ဖြင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ၂၄ ခုကို ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၂၈ ခု အတွက် ဘဏ္ဍာငွေကျပ် ၁၉၅၃ သန်း အသုံးပြုမည်ဖြစ်၍ ယခင်နှစ်ထက် ငွေကျပ် ၂၆၄ သန်း ပိုမိုသုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းက ပြောသည်။

ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၏ ဆေးဝါးအသုံးစရိတ်တွင်မူ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က ငွေကျပ် ၅၉၂ သန်း သုံးစွဲထားခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

❊ ကျော့ဖုံးမှ

ဆောင်ရွက်နိုင်ပါသည်။ တံတားနှင့်အတူ ပြည်ပ ပို့ကုန်/သွင်းကုန်များထားသိုနိုင်ရန် သိုလှောင်ရုံခုနစ်လုံးကိုလည်း တံတားခုနစ်စင်းနှင့်ယှဉ်လျက် တည်ဆောက်ထားသဖြင့် သိုလှောင်ရုံခုနစ်လုံးမှ စုစုပေါင်း ကုန်တန်ချိန် ၉၆၁၁၀ မက်ထရစ်တန် သိုလှောင်နိုင်ပါသည်။

ဆူးလေဆိပ်ကမ်းမှာ အထွေထွေကုန်ပစ္စည်း(General Cargo) တင်/ချသော ဆိပ်ကမ်းဖြစ်ပြီး လွန်ခဲ့သော (၁၈) နှစ်အတွင်း တစ်နှစ်လျှင် သွင်းကုန်မက်ထရစ်တန် ၁ ဒသမ ၃ သန်းနှင့် ပို့ကုန်မက်ထရစ်တန် ၀ ဒသမ ၆ သန်း စုစုပေါင်း သွင်းကုန်/ပို့ကုန်မက်ထရစ်တန် ၁ ဒသမ ၉ သန်း (ပျမ်းမျှ) ကိုင်တွယ်နိုင်ခဲ့ပြီး စွမ်းဆောင်ရည်ပြည့်သာ ကိုင်တွယ်နိုင်မည်ဆိုပါက ၂ ဒသမ ၅ သန်းခန့်ထိ ကိုင်တွယ်နိုင်မည်ဖြစ်ပါသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ကုန်သေတ္တာများ တင်/ချသော ခေတ်မီဆိပ်ကမ်းကြီးများရှိသော်လည်း အထွေထွေကုန်ပစ္စည်း တင်/ချသည့် ဆိပ်ကမ်းအနေဖြင့်မူ ဆူးလေဆိပ်ကမ်းမှာ အဓိကနေရာမှ ပါဝင်နေဆဲ ဖြစ်ပါသည်။

အထူးသဖြင့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများကို ဆူးလေဆိပ်ကမ်းမှသာ အဓိကတင်ပို့ကြောင်း တွေ့ရပြီး ယခင်က ဘိလပ်မြေနှင့် သစ်လုံးများကိုလည်း ဆူးလေဆိပ်ကမ်းက အဓိကတင်/ပို့ခဲ့ကြောင်း တွေ့ရပါသည်။ ထို့အပြင် တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် Steel နှင့် Steel Products ပစ္စည်းများမှာလည်း ဆူးလေဆိပ်ကမ်းကပင် အဓိကကိုင်တွယ်ပေးကြောင်း သိရပါသည်။ မြန်မာနိုင်ငံ၏အဓိကပို့ကုန်ဖြစ်သောဆန်ကို ဆူးလေဆိပ်ကမ်းက တင်ပို့ခဲ့ရာ ယခုဘဏ္ဍာရေးနှစ်မှာပင် စုစုပေါင်း ဆန်မက်ထရစ်တန်ချိန် ၄၉၈၀၁ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း တွေ့ရပါသည်။

မှတ်တမ်းသစ်နှင့် ဆူးလေဆိပ်ကမ်း

အထက်တွင် တင်ပြထားသကဲ့သို့ ဆူးလေဆိပ်ကမ်းမှာ နှစ်ပေါင်း တစ်ရာကျော်ခဲ့ပြီးဖြစ်သော်လည်း ဆိပ်ကမ်းသို့ ဝင်/ထွက်သည့် ရေယာဉ်များအတွက်မူ ရေယာဉ်၏ အလျား L.O.A ကို သမိုင်းတစ်လျှောက်လုံး ၁၆၇ မီတာသာ သတ်မှတ်ခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် လိုအပ်သော ရေလမ်းကြောင်းများသောင်တူးဖော်ပေးခြင်း၊ ရေကြောင်းလမ်း ပုံမှန်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၆-၄-၂၀၁၇ ရက်တွင် ရေယာဉ်အလျား L.O.A ၁၉၀ မီတာရှိသော MV. TOP FAIR အမည်ရှိ သင်္ဘောကြီးမှာ ဆူးလေဆိပ်ကမ်း အမှတ်(၅)သို့ အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ခဲ့သဖြင့် ဆိပ်ကမ်းသမိုင်း စာမျက်နှာသစ်ကို ရေးထိုးနိုင်ခဲ့ပါသည်။ ဖော်ပြပါ MV. TOP FAIR အမည်ရှိ သင်္ဘောမှာ အလျား L.O.A ၁၉၀ မီတာ၊ ရေစူး ၈ ဒသမ ၆ မီတာရှိပြီး ကုန်တန်ချိန် ၅၀၀၀၀ တင်နိုင်ပါသည်။ ဖော်ပြပါသင်္ဘောဖြင့် ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်ပြီး ၂၇-၄-၂၀၁၇ ရက်တွင် ကောင်းမွန်စွာ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

အလားတူ ရေယာဉ်အလျား L.O.A ၁၉၁ မီတာရှိပြီး ရေစူး ၆ ဒသမ ၇၅ မီတာရှိသည့် MV.MARILIA အမည်ရှိ သင်္ဘော၊ ရေယာဉ်အလျား L.O.A ၁၉၀ မီတာရှိပြီး ရေစူး ၇ ဒသမ ၃ မီတာရှိသည့် MV.TETON အမည်ရှိ သင်္ဘောတို့မှာလည်း ဆူးလေဆိပ်ကမ်းသို့ အန္တရာယ်ကင်းစွာ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်တင်/ ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည့်အတွက် ဆိပ်ကမ်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာကြောင်း တွေ့ရပါသည်။

အရေးပါသော ဆိပ်ကမ်း

ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်ဦးက "ဆန်တင်ဖို့ ရောက်ရှိလာတဲ့သင်္ဘောတွေဟာ သီလဝါဆိပ်ကမ်းမှာ ဆိုက်ကပ်ဖို့ သီလဝါမှာ သင်္ဘောနေရာတွေ ကျပ်နေတဲ့အတွက် လနဲ့ချီ စောင့်ဆိုင်းနေရပြီး အလှည့်ကျ တစ်စီးနှစ်စီးသာ နေရာပေးနိုင်မှုကြောင့် ကြန့်ကြာမှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။

"L.O.A ၁၆၇ မီတာအထက် သင်္ဘောတွေ ဆူးလေဆိပ်ကမ်းကို မသွင်းနိုင်ရင် အခုလို ဆန်အဝယ်လိုက်တဲ့ ကာလတွေမှာ သင်္ဘောတင်ပို့မှု နှောင့်နှေးမှာဖြစ်လို့ L.O.A ၁၆၇ မီတာအထက် သင်္ဘောတွေ ဆူးလေဆိပ်ကမ်းကိုသွင်းပြီး ဆန်တင်တဲ့အတွက် ဆူးလေဆိပ်ကမ်းဟာ ဆန်တင်ပို့မှု၊ ပြည်ပပို့ကုန်/သွင်းကုန်အတွက် အရေးပါတဲ့ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။

"လက်ရှိပြည်ပဆန်တင်ပို့မှုရဲ့ ၇၀ ရာခိုင်နှုန်းဟာ Africa Market တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ အဲဒီဈေးကွက်ရဲ့ Shipment တွေကို General Cargoes သင်္ဘောနဲ့ ဦးစားပေးတင်ပို့ပါတယ်။ Container Shipment ကို အနည်းငယ်သာအသုံးပြုပါတယ်။ ဒါ့အပြင် ဆူးလေဆိပ်ကမ်းဟာ မြို့တွင်းမှာ တည်ရှိတဲ့အတွက် ကုန်းလမ်း၊ ရေလမ်းကို အချိန်တိုအတွင်း အသုံးပြုနိုင်တဲ့အတွက် Cargo Loading Discharging မြန်ဆန်တဲ့ အားသာချက်ရှိတာကြောင့် Rice Buyer တွေက အခြားဆိပ်ကမ်းတွေထက်ပိုပြီး ဆူးလေဆိပ်ကမ်းကို အသုံးပြုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာလတိုအတွင်း ကုန်တင်ကုန်ချလုပ်နိုင်တဲ့အတွက် Ship Charter Fees မှာ Competitive Rate ကို Shipper Owner တွေဆီကရရှိပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ဆူးလေဆိပ်ကမ်းသို့ ၁၆၇ မီတာအထက် Steel & Steel Product သင်္ဘောတစ်စီးနှင့် ဆန်တင်သင်္ဘောကိုးစင်း စုစုပေါင်းသင်္ဘောကြီး ၁၀ စင်း ဆိုက်ကပ်ပြီးဖြစ်ပါသည်။ အထူးသဖြင့် ဆူးလေဆိပ်ကမ်းမှာ ရန်ကုန်မြို့နှင့် အနီးဆုံးအချက်အချာကျသောနေရာတွင် တည်ရှိသည့်အတွက် မြို့တော်သူမြို့တော်သားများသာမက မြန်မာနိုင်ငံသားများအတွက်ပါ အရေးပါသော နိုင်ငံတကာပင်လယ်ကူးဆိပ်ကမ်းကြီးဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

အင်းတော်မြို့နယ် ပင်ဝယ်နှင့် စီးမော်ဘူတာအကြား ရထားလမ်း မိုင်းပေါက်ကွဲ

အင်းတော် ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ပင်ဝယ်နှင့် စီးမော်ဘူတာအကြား မီးရထားသံလမ်းတွင် မိုင်းပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် ည ၉ နာရီ မိနစ် ၄၀ ခန့်က အင်းတော်မြို့နယ် ပင်ဝယ်ဘူတာနှင့် စီးမော်ဘူတာအကြား မန္တလေး-မြစ်ကြီးနားမီးရထားလမ်း မိုင်တိုင်အမှတ် (၆၀၂/၁၂ နှင့် ၁၃)ကြားတွင် အဝေးထိန်းရှေ့မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ကချင်ပြည်နယ် ပြည်ထောင်ဘူတာမှ မန္တလေးဘူတာသို့ ထွက်ခွာလာသည့် စက်ခေါင်းမောင်း ဦးမြတ်ကို၊ အကူ ဦးအောင်ကျော်ထွန်း၊ ရထားထိန်း ဦးမျိုးမြင့်ဦးတို့ မောင်းနှင်လာပြီး တပ်မတော်သားများလိုက်ပါလာသည့် (DF-1332) တပ်မတော်အထူးအစုန်ရထား၏ စက်ခေါင်းယာဘက် လေကာမှန်ကွဲပြီး မီးရထားပေါ်ပါ လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရရှိကြောင်းနှင့် အဆိုပါပေါက်ကွဲမှုမှာ အဝေးထိန်းစနစ်ဖြင့်ဖောက်ခွဲရသော ရှေ့ထွက်မိုင်းတစ်ခု ဖောက်ခွဲခံခဲ့ရခြင်းဖြစ်ကြောင်းသိရပြီး အဆိုပါ မီးရထားမှာ ည ၁၁ နာရီ မိနစ် ၄၀ တွင် ပင်ဝယ်ဘူတာမှ မန္တလေးဘက်သို့ ချောမောစွာ ထွက်ခွာလာခဲ့ကြောင်း သိရသည်။

လူအောင် (ကသာ)

မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စံပယ်ပင်ရင်းချောင်းဝ၌ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မသင်္ကာဖွယ်လှေတစ်စင်းအား ဖမ်းဆီးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅ သိန်းခန့်)နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

မောင်တောမြို့နယ် မြန်မာ့ရေပိုင်နက်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် စံပယ်ပင်ရင်းချောင်းဝ၌ မသင်္ကာဖွယ် လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူသည်ကို လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါလူသုံးဦးအနက် နှစ်ဦးမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ လည်းကောင်း၊ ကျန်တစ်ဦးမှာ မြန်မာနိုင်ငံဘက်သို့ လည်းကောင်း ရေကူးထွက်ပြေးသွားကြောင်း၊ ထွက်ပြေးသူများနောက်သို့ လိုက်လံဖမ်းဆီးစဉ် မောင်တောမြို့၏မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဆော်လိမ်းကို စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅ သိန်းခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား မောင်တောမြို့ရှိ မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟန်းဆက်အတုများ ရောင်းချသူအား အရေးယူ

ရန်ကုန် ဩဂုတ် ၂

မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးနှင့် မင်္ဂလာဈေးတို့တွင် ဟွာဝေးဖုန်းဟန်းဆက်အတုများ ရောင်းချနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ဟွာဝေး Y511 ဟန်းဆက်အတုများနှင့် ယင်းဟန်းဆက်များကို AJ Mobile ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ အရောင်းဆိုင်ရှိ တရုတ်အမျိုးသားထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် Song Hai Bo (၃၆ နှစ်) ပတ်စပို့နံပါတ် E-34065198 ဖုန်းရောင်းဝယ်ရေးနှင့် ကားရောင်းဝယ်ရေး၊ အမှတ် ၄၃(က) ခေမာသီ(၂)လမ်း မိကျောင်းကန်အပိုင်း(၃) သဃ်န်းကျွန်းမြို့နယ်နေသူ၏ နေအိမ်အား သွားရောက်ရှာဖွေဖမ်းဆီးရာ Honor GXI ၂၃ လုံး၊ ဟွာဝေး Y511 အလုံး ၈၀၊ ဟွာဝေး Y6 ၁၃၆ လုံး၊ ဟွာဝေး Honor ၇၉ လုံး၊ ဟွာဝေး G 730 ၁၉၆ လုံး၊ ဟွာဝေး Y625 ၉၅ လုံး၊ ဟွာဝေး G610S ၂၅ လုံး၊ ဟွာဝေး G630 သုံးလုံး၊ ဟွာဝေး Y 635 ၄၆ လုံးနှင့် ဟွာဝေးတံဆိပ်ဖုန်းမျိုးစုံ

အဟောင်း ၄၄ လုံး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ငွေရေစက်တစ်လုံး၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ငွေလက်ငင်းဘောက်ချာများနှင့် ငွေကျပ် ၂၁၀၀၀၀ တို့နှင့်အတူ Song Hai Bo (၃၆ နှစ်) ကို ဖမ်းဆီးရမိခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

သက်ဆိုင်ရာသို့ လက်နက်ခဲယမ်းများ လာရောက်အပ်နှံ

ရေး ဩဂုတ် ၂

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကိုးမိုင်ကျေးရွာအုပ်စုပိုင် ကိုင်းမိုင်သစ်တောကြိုးဝိုင်းအတွင်းမှ တွေ့ရှိသော လက်နက်နှင့် ခဲယမ်းများအား မလွှဲတောင် သဘာ၀/ကဗျာ၀ စီမံကိန်းဥက္ကဋ္ဌ ဦးနိုင်ထောစွန်းနှင့် အဖွဲ့က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံ ဩဂုတ် ၂ ရက် ညနေ ၃ နာရီက လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

မလွှဲတောင်သဘာ၀/ကဗျာ၀စီမံကိန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးသန်းနိုင်က ထိုသို့ လာရောက်အပ်နှံခြင်းမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က တရားမဝင် လက်နက်များ အပ်နှံရန် ညွှန်ကြားထားသည့်အတွက် ကိုးမိုင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခြင်းဖြစ်ကြောင်း ပြောသည်။

ယနေ့တွင် တူမီးသေနတ်နှစ်လက်၊ လုပ်သေနတ်အတိုတစ်လက်၊ ကိုးလုံးကျည်ကိုးတောင်နှင့် ယမ်းထောင်းတံနှစ်ချောင်းတို့ကို လာရောက်အပ်နှံခြင်းဖြစ်ပြီး တရားမဝင် လက်နက်ခဲယမ်းများကို ယခုအကြိမ်အပါဝင် လေးကြိမ်မြောက် လာရောက်အပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၄ စီး၊ သွင်းကုန် ၆၀၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ADVan နှစ်စီး၊ ခြောက်ဘီးယာဉ် တစ်စီး နှင့် Fuso ၁၂ ဘီးယာဉ်တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Syh (Leader L-1) အလုံး၂၀ ၊Syh (Young Y 33) အလုံး ၂၀ ၊ Syh (Keypad) (1×50)(1)Pkgs ၊ Solar (80W)(1×5) (5) Pkgs ၊ Solar (25W) (1×5) (5)Pkgs ၊ Pan Cooker (1×8) (50) Pkgs ၊ FM Radio (Audio player)(1×100) (3) Pkgs ၊ Radio Sony(1×40) (1) Pkgs, (1×100) (1) Pkgs ၊ Multifunction Wireless Speaker (1×25) (1) Pkgs, (1×50) (5) Pkgs ၊ Selfie Stick(1×200) (1) Pkgs ၊ Electric Kettle(1×24) (60) Pkgs ၊ Rice Cooker (1×8) (20) Pkgs ၊ ကျောပိုးအိတ် ၂၈၀ အိတ်၊ Gold Hills (Nut)(10kg) (10) Pkgs ၊ Sunny Instant Custard Mix(20kg) (10) Pkgs၊ Chicken Floss(30kg) (5) Pkgs ၊ အ၀တ်အထည်မျိုးစုံ အထည် ၇၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၆၂၀ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ၊ Syh၊ Solar၊ Pan Cooker ၊ FM Radio၊ Radio (sony)၊ Multifunction Wireless Speaker၊ Selfie Stick၊ Electric kettle၊ Rice Cooker ၊ ကျောပိုးအိတ် ၊ Gold Hills (Nut)၊ Sunny Instant Custard Mix၊ Chicken Floss နှင့် အ၀တ်အထည်မျိုးစုံကို တွေ့ရစဉ်

(သတင်းစဉ်)

မိုင်းယောင်း၌ ခိုးဝင်နိုင်ငံခြားသားတစ်ဦး ဖမ်းမိ

မိုင်းယောင်း ဩဂုတ် ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ ဇူလိုင်လ နောက်ဆုံးပတ်က မိုင်းယောင်း-မိုင်းဖြတ် ကားလမ်းမပေါ်ရှိ မုန်းလိုက်တံတားတွင် ခိုးဝင်နိုင်ငံခြားသား တစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်မူးယစ်တပ်ဖွဲ့မှ ဒုတိယရဲအုပ် သန့်ဇင်ထွဋ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယလ၀ကမှူး ဦးကံဒွေးမြင့်၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှောင်တခင်စစ်ဆေးဆောင်ရွက်နေစဉ် ခိုးဝင်နိုင်ငံခြားသား ကျန်အာပိုကို ဖမ်းဆီးရမိခဲ့ပြီး မိုင်းယောင်းမြို့မရဲစခန်းတွင် လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖခင် အမည်မှန်

နွားထိုးကြီးမြို့ အောင်ပြည့်စုံကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးရာမြင့် ၈/ရစက (နိုင်)၁၂၆၆၅၇ ဖြစ်ပါကြောင်း။

ဦးရာမြင့်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
တောင်ငူခရိုင် တရားရုံးတော်
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၄

မသူဇာဝင်း နှင့် **ဦးကျော်မျိုးထက်**
တရားလို **တရားပြိုင်**

ဖြူးမြို့နယ်၊ အမဲခေါင်ကျေးရွာအုပ်စု၊ ထန်းကုန်းကျေးရွာ(ယခုနေရပ်လိပ်စာမသိ)နေ ဦးကျော်မျိုးထက်(ဘ)ဦးဝင်းကြည် သိစေရမည်။

သင့်အပေါ်၌ မသူဇာဝင်းက လင်မယားကွာရှင်းပေးစေလိုမှုနှင့် နှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ရက်(၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းစာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးလွင်)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ငူခရိုင်တရားရုံး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် အထက လက်ပန်လှ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်အောင်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၉/စကန(နိုင်)၀၂၀၅၀၁ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဦး

အမည်မှန်နှင့်ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် သဲတော အထက တက္ကသိုလ်ဝင်တန်း(A)မှ မဖြူမ၏ အမည်မှန်မှာ မဖြူဖြူဆန်းဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအုန်းခိုင် ၉/ဝတန(နိုင်)၁၃၂၈၁၀ ဖြစ်ပါကြောင်း။ **မဖြူဖြူဆန်း**

ဦးအုန်းခိုင်

ဖခင်အမည်မှန်

စဉ့်ကူးမြို့၊ လက်ပန်လှကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်း(D)မှ မမိုးမြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/စကန(နိုင်)၀၃၅၄၅၉ ဖြစ်ပါကြောင်း။

ဦးဇော်ဝင်း

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ် အထက(၅) တက္ကသိုလ်ဝင်တန်းမှ မရွှေယမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ၁၂/ဒဂရ(နိုင်)၀၁၀၅၃၇ ဖြစ်ပါကြောင်း။

ဦးအောင်နိုင်

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် သဲတော အထက တက္ကသိုလ်ဝင်တန်း(B)မှ မချယ်ရီမင်း၏ဖခင် အမည်မှန်မှာ ဦးသက်မင်း ၉/ဝတန(နိုင်)၁၁၅၃၅၅ ဖြစ်ပါကြောင်း။

ဦးသက်မင်း

မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ် သဲတော အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ဆန်းလင်း၏ မိဘအမည်မှန်မှာ ဦးဝင်းဆန်းနှင့် ဒေါ်ပပလင်းတို့ ဖြစ်ပါကြောင်း။ **ဦးဝင်းဆန်း-ဒေါ်ပပလင်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၄၈၂၃၉ Suzuki Revo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်မြင့် ၇/မညန(နိုင်)၀၄၄၇၉၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(သာယာဝတီ)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့်တာဝတိံသာလမ်းထောင့်၊ မဟာဗန္ဓုလစီမံကိန်းအိမ်ရာ၊ တိုက်အမှတ် စီ၊ အခန်းအမှတ် ၇၀၃/စီ၏ တိုက်ခန်းအမည်ပေါက်မှာ ဒေါ်နန်းဝိုးဖက် ၁၃/တကန(နိုင်)၁၂၅၁၉၆ ဖြစ်ပါသည်။ အဆိုပါအခန်း အမည်ပေါက် ဒေါ်နန်းဝိုးဖက်မှ မူရင်းပိုင်ဆိုင်မှုစာအုပ်လက်ဝယ်ရရှိခဲ့ခြင်းမရှိသဖြင့် အခန်းပိုင်ဆိုင်မှုအတွက် မိတ္တူမှန်(Owner Book) ထုတ်ယူခွင့်ပြုပါရန် စာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ (၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းပိုင်ဆိုင်မှုမိတ္တူမှန် (Owner Book) ထုတ်ပေးရန်အတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အိမ်ရာ(၂)
မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉C1၊ မြေကွက်အမှတ် ၁၅၊ မြေကွက်တည်နေရာအမှတ် ၁၈၊ ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်း (ဦးခွာ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား စမ်းချောင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၈/၂၀၁၄၊ စမ်းချောင်းမြို့နယ်တရားရုံး၊ ဇာရီမှုအမှတ် -၂/၂၀၁၆တို့အရ တရားရှုံး ဒေါ်ကြည်သန်းပါ(၆) ဦးကိုယ်စား ဒေါ်ဆောင်းစန္ဒာဦး(ဘီလစ်)၁၂/ကတတ(နိုင်)၀၂၄၅၂၈က ၂၂-၈-၂၀၁၆ရက်စွဲပါ တာဝန်ခံနှ့်အပ်စာ၊ (၇-၃-၂၀၁၇)ရက်စွဲပါ အမည်ပေါက် ဦးခွာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ အကွက်အမှတ် ၆၆၄/ဆင်ခေါင်းကြီး၊ အကွက်အမှတ် (A6+A7+A8) ဦးပိုင်အမှတ် ၃၅၊ မြေယာ ဧရိယာ (၁၂၀×၁၂၀)ပေရှိမြေကွက်အား မြေငှားဂရန်သစ် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးဆွဲ ခွင့်ပြုပါရန် ဒေါ်မိုးသီတာကျော် ၁၂/ကမရ(နိုင်)၀၂၆၇၄၇ မှ လျှောက်ထားပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက သက်ဆိုင်ရာပိုင်ဆိုင်မှု အထောက်အထားပြည့်စုံခိုင်လုံစွာဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်မိုးသီတာကျော် ၁၂/ကမရ(နိုင်)၀၂၆၇၄၇

သွေးသည် အသက်

✱ *ကျောဖုံးမှ*

လက်ရှိ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၇၁ ပွဲတွင် ၃၁ ပွဲနိုင် ၂၉ ပွဲသရေ နှစ်ပွဲရှုံး ရလဒ်ကို ပိုင်ဆိုင်ထားသူ တစ်ဦးဖြစ်သည်။

ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ပိုလန်နိုင်ငံသား ဆာလာဒွိုက်သည် ပြီးခဲ့သော ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့သော WLC-2 နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အမှတ်ပေးစည်းမျဉ်းတွင် စိုးလင်းဦးကို အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ယခုဒုတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲသည် မြန်မာ့ရိုးရာလက်ဝှေ့ အလဲထိုး နည်းစနစ်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပိုလန်နိုင်ငံသား ဆာလာဒွိုက်သည် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပြိုင်ဘက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဒူး၊ တံတောင် တိုက်ခိုက်မှုပိုင်းဆိုင်ရာ ကောင်းမွန်သလို ခြေကန်ချက်ပိုင်းတွင်လည်း သူမတူ ပါဝါပြည့်ကစားတတ်သော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

"ဒုတိယအကြိမ် မြန်မာနိုင်ငံမှာလာပြီး ရိုးရာလက်ဝှေ့ကို ပြန်လည်ယှဉ်ပြိုင်ကစားရတာ ဝမ်းသာပါတယ်။ အထူးသဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကစားရတာ မွေထိုင်းထက်ပိုမို ရင်ခုန်မိပါတယ်။ ဒီပွဲအတွက် ပြိုင်ဘက် စိုးလင်းဦးကလည်း နိုင်လိုစိတ်နဲ့ အထူးပြင်ဆင်ထားသလို ကျွန်တော့်ဘက်ကလည်း ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားပီပီ ရင်ဆိုင်ယှဉ်ပြိုင်သွားမှာပါ။ အကောင်းဆုံး ရင်ဆိုင်ယှဉ်ပြိုင်သွားမှာဖြစ်သလို ရလဒ်ကောင်းကိုလည်း ထပ်မံပိုင်ဆိုင်ခွင့်ရမယ်လို့ မျှော်လင့်ထားပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ပတ်သက်ပြီး ပွဲစီစဉ်သူရှိမယ်ဆိုရင် နောက်ပွဲတွေလည်း လာရောက်ယှဉ်ပြိုင်ထိုးသတ်ဖို့ အဆင်သင့်ပါပဲ" ဟု မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲသို့ ဒုတိအကြိမ် လာရောက်ယှဉ်ပြိုင် ထိုးသတ်မည့် ပိုလန်နိုင်ငံသား ဆာလာဒွိုက်က ပြောသည်။

ယင်းအထူးစိန်ခေါ်ပွဲနေ့တွင် မြန်မာ့ရိုးရာလက်ဝှေ့ တွဲဆိုင်းများဖြစ်သည့် စောအယ်လေး(Adventure) နှင့် စိန်မျိုးအောင်(မန္တလေး)၊ ဇွဲရွှေကို(T&T သထုံ)နှင့် ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်ကလပ်)၊ ရွှေကျောင်းသား (T&T သထုံ)နှင့် သက်ပိုင်အောင်(တောင်ကလေး)၊ ပိုက်ထွေး (T&T သထုံ)နှင့် အောင်ပိုင်(နဂါးမာန်)၊ ဟိန်းထွန်းအောင် (T&T သထုံ)နှင့် ကျော်စွာဝင်း (ယူနိုက်တက်)၊ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် ဇာမဏီသွေး(ရောဝတီသား)၊ ချစ်မောင်မောင် (တောင်ကလေး)နှင့် ချစ်ဦး(ခ) စောမင်းနိုင်(ရွှေသောင်ရင်း)၊ လက်သီးမိုး (T&T သထုံ)နှင့် စောဖိုးထွန်း(သတ္တိ)တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲအား မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများအတွက် MRTV-4 for Sport ရုပ်သံလိုင်းမှ ဩဂုတ် ၇ ရက် (တနင်္လာနေ့) ညနေတွင် Delay ပြန်လည်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂ - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ လပွတ္တာမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ဇန်းမော်မြို့ တောင်ကုတ်မြို့နှင့် ပေါင်မြို့တွင် ၃ ဒသမ ၃၀ လက်မစီ၊ သထုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၆၀လက်မ၊ ကမမောင်းမြို့တွင် ၂ ဒသမ ၅၃ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၄၄လက်မ၊ ရေးမြို့နှင့်ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

ဂရစ်ဇ်မန်း အေတီမက်မှာ ပျော်ရွှင်နေ

အက်သလက်တီကိုမက်ဒရစ်ကြယ်ပွင့် ဂရစ်ဇ်မန်းသည် ဘာစီလိုနာအသင်း၏ ချိတ်ဆက်မှုခံနေရသော်လည်း အသင်းတွင်ပျော်ရွှင်လျက်ရှိကြောင်း ဂျွန်ဖရန်က ဆိုသည်။

ပီအက်စ်ဂျီအသင်းထံသို့ ပြောင်းရွှေ့ရန် သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိနေသော တိုက်စစ်မှူး နေမာ၏ နေရာကို အစားထိုးရန်အတွက် တိုက်စစ်မှူးတစ်ဦးဦးကို အပူတပြင်း ရှာဖွေလျက်ရှိပြီး အဆိုပါ ဂရစ်ဇ်မန်းသည် ဘာစီလိုနာအသင်းထံသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခံရသည့် နောက်ဆုံးကစားသမား ဖြစ်သည်။

ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့် ဇွန်လတွင် အသင်းနှင့် ၂၀၂၂ ခုနှစ်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သူဖြစ်သည်။

"ဂရစ်ဇ်မန်းဟာ အေတီမက်မှာ ပျော်နေပါတယ်။ ကျွန်တော်တို့ဟာ အသင်းအတွက် အရာရာတိုင်းကို ပေးဆပ်ချင်ကြပါတယ်" ဟု ဂျွန်ဖရန်က ဆိုသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဩဂုတ် ၁ ရက်တွင် အော်ဒီဖလား၌ နာပိုလီအသင်းကို ဖာနန်ဒိုတောရက်စ်နှင့် လူစီယာနိုဗီရက်တိုတို့၏ ဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြ ဆီမြွန်နီကလည်း "ကျွန်တော်တို့ဟာ အမြဲတမ်းနိုင်ချင်ကြပြီး အကောင်းဆုံးပေးဆပ်ချင်ကြတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ အသင်းတိုင်းကို နိုင်ချင်ကြတဲ့အတွက်ကြောင့်လည်း ပရိသတ်တွေက ဂုဏ်ယူနေပါလိမ့်မယ်" ဟု ပြောကြားသည်။

ဇော်ဇော်

လိမ္မော်ရောင်ကောလိပ် ဝါဆိုသင်္ကန်း ကပ်လှူမည်

အမှတ်(၂) ဒေသကောလိပ် ရန်ကုန်တိုင်းနှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တွင် ၁၉၇၆ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများ စုပေါင်းပြီး ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၆ ရက်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ခွာညိုဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ကျင်းပမည်ဖြစ်ပြီး အလှူငွေထည့်ဝင်လိုသော ကျောင်းသားဟောင်းများအနေဖြင့် ဝေဠု ဖုန်း-၀၉-၂၅၃၂၄၀၄၅၂၊ ဇော်မြင့် ဖုန်း-၀၉-၇၉၉၉၅၆၁၉၇၊ ကိုင်ဇာ ဖုန်း-၀၉-၅၄၁၁၆၁၆၊ ဇော်ထူးဦး ဖုန်း-၀၉-၄၅၄၄၄၁၉၃၀၊ ခင်ထားထားအောင် ဖုန်း-၀၉-၃၁၅၂၀၃၃၂၊ လှိုင်လှိုင်ဝင်း ဖုန်း-၀၉- ၄၂၁၁၁၅၆၅၉၊ ကြည်လွင် ဖုန်း-၀၉-၅၅၀၀၅၃၇၊ ဝင်းချို ဖုန်း-၀၉-၇၃၂၀၂၄၁၁၊ ဗသက်အောင် ဖုန်း-၀၉-၂၅၄၃၈၁၂၆၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ နယ်မှ လှူဒါန်းလိုသူများအနေဖြင့် ကမ္ဘောဇဘဏ် (ကမာရွတ်ဘဏ်ခွဲ) ငွေစာရင်းအမှတ် ၀၂၁၃၀၂၁၆၀၀၀၄၁၇၉၀၁၁ သို့ ငွေလွှဲဖြင့် လှူဒါန်းနိုင်သည်။

ဖခင်အမည်မှန်

စဥ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မတင်ဇာဖြိုးဝေနှင့် အဋ္ဌမတန်း(E)မှ မောင်ဖြိုးစည်သူတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၉/စကန(နိုင်)၀၆၅၂၀၆ ဖြစ်ပါသည်။ **ဦးမြင့်ဦး**

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ချမ်းသာကုန်းအုပ်စု၊ သရက်ဖြူကန်ကျေးရွာနေ ဦးကိုဌေး ၇/သဝတ(နိုင်)၀၆၇၈၆၆နှင့် ဦးလှဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကိုဌေး(ခ)ဦးလှဌေး**

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်

စဥ့်ကူးမြို့နယ်၊ လက်ပန်လှ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟန်ပြည့်ဖြိုးဦးနှင့် မောင်ဟန်ပြည့်ဖြိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်းဦး ၉/စကန(နိုင်)၀၅၄၂၈၈ဖြစ်ပါသည်။ **ဦးမောင်မောင်သန်းဦး**

ငါန်းဇွန်မြို့နယ်အသင်း(ရန်ကုန်)
ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
ဖိတ်ကြားလွှာ

ငါန်းဇွန်မြို့နယ်အသင်း(ရန်ကုန်)၏ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်၊ ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီမှ ၁၁နာရီအထိ
အစီအစဉ် - ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲ(နံနက်-၉နာရီမှ ၁၀း၃၀နာရီ ရွှေဟင်္သာတိုက်သစ်ကျောင်းသံဃာ(၅၅)ပါးနှင့် ပင့်သံဃာ(၂၅)ပါးတို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ဧည့်ပရိသတ်များအား နေ့လယ်စာ ထမင်းဧည့်ခံကျွေးမွေးပါမည်။ (နံနက် ၁၁) နာရီ
နေရာ - ရွှေဟင်္သာတိုက်သစ်ကျောင်း၊ ရွှေယင်းမာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (မဟာဗောဓိကျောင်းတိုက်နှင့် မျက်နှာချင်းဆိုင်လမ်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/5572 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/2866 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7421 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2768 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်ကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းအောင်မှ မအေးအေးနွယ်နှင့် သတ္တမတန်းမှ မောင်အုန်းကျော်မြင့်တို့၏ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ ၇/ကတခ(နိုင်)၀၈၁၅၆၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်း အထက တက္ကသိုလ်ဝင်တန်း(B)မှ မဝင်းဝင်းပ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၇/ညလပ(နိုင်)၁၁၇၈၄၄ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၄၅-က)မြေကွက်ပေါ်ရှိ အကျယ်ပေ(၂၀'×၆၀')ရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင် ဒေါ်အေးအေးစိုး ၁၂/ဥကတ(နိုင်)၀၂၅၇၂၉က တစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် မိမိတို့ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်ထွေးသူဇာညို(အထက်တန်းရှေ့နေ)
အမှတ် ၂၃၆၊ သူရ(၈)လမ်း၊ (၉)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၆၈၄၀၁၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
WTO Valuation Agreement နှင့် အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲဖိတ်ကြားလွှာ

အကောက်ခွန်ဦးစီးဌာနမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် WTO Valuation Agreement နှင့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်းပစ္စည်းတင်သွင်းခြင်း/တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများ၊ စိတ်ပါဝင်စားသူများ သိရှိနားလည် သဘောပေါက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဒုတိယအကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး သိရှိလိုသည်များအား နှောင်းစာရင်းစစ်ဆေးရေးဌာနစိတ်၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊ အမှတ် ၂၀၅/၂၁၁၊ တတိယထပ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၉ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပြီး ဆွေးနွေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ကျင်းပမည့်ရက် - ၂၅-၈-၂၀၁၇ရက်
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီ
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ - ၀၉-၄၄၄၇၆၇၅၄၁၊ ၀၉-၄၄၄၇၆၇၅၄၂၊ ၀၉-၄၄၄၇၆၇၅၄၃

ပြင်သစ်ဂျက်လေယာဉ်တစ်စင်း ဒုံးကျည်စမ်းသပ်မှုဇုန်ကို ဖြတ်ကျော်ပျံသန်း

ဝါရှင်တန် ဩဂုတ် ၂

ပြင်သစ်ဂျက်လေယာဉ် တစ်စင်းသည် ဂျပန်ပင်လယ်ပြင်ပေါ်၌ ဖြတ်ကျော်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း အမေရိကန်အစိုးရ အဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် အဆိုပါ နယ်နိမိတ်အတွင်း၌ ပြီးခဲ့သည့်သောကြာနေ့က ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့သည်။

တိုကျိုနှင့် ပါရီကိုပြေးဆွဲသည့် လေကြောင်းလိုင်းခရီးစဉ်ဖြစ်သည့် Air France ဂျက်လေယာဉ် ၂၉၃ သည် ဂျပန်ပင်လယ်မှ ဟော့ကိုင်းဒိုးအနောက်ဘက်ဆီသို့ပျံသန်းခဲ့သည်။ လေကြောင်းလိုင်းခြေရာခံသည့် Flightrader 24 က လေယာဉ်သည် ဂျပန်ပင်လယ်အတွင်း၌ ဒုံးကျည်ဆင်းသက်ခဲ့သည်ဟု ယူဆရသည့် အချိန်လောက်တွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀၀ ခန့်၌ မြောက်ဘက်စူးစူးသို့ဦးတည်ပျံသန်းသွားခဲ့ကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ ဒုတိယမြောက်တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုအောင်မြင်ကြောင်း ပြီးခဲ့သည့်စနေနေ့ကကြေညာခဲ့သည်။ အမေရိကန်ကာကွယ်ရေးဌာနပြောရေးဆိုခွင့်ရှိသူ ဂျက်ဖ်ဒေးဗစ်က စီးပွားရေးလုပ်ငန်းသုံးလေယာဉ်များ၊သင်္ဘောများနှင့် အာကာသယာဉ်များအား ဒုံးကျည်စမ်းသပ်မှုကြောင့်ဖြစ်ပွားနိုင်သည့် အန္တရာယ်များကို တနင်္လာနေ့တွင် သတိပေးခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အီရတ်ပဋိပက္ခကြောင့် ဇူလိုင်လအတွင်းသေဆုံးသူ ၂၃၉ ဦးရှိကြောင်း ကုလသမဂ္ဂမှ ကြေညာချက်ထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၂

အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခတို့ကြောင့် ယခုနှစ် ဇူလိုင်လအတွင်း သေဆုံးသူ ၂၃၉ဦး သေဆုံးပြီး ၂၇၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီထောက်ပံ့ရေးအဖွဲ့က ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခတို့ကြောင့် သေဆုံးဒဏ်ရာရရှိသူအရေအတွက်သည် အီရတ်နိုင်ငံမြောက်ပိုင်း နီနီဗာပြည်နယ်တွင် အများဆုံးဖြစ်ကြောင်း၊ ထို့အပြင် အစိုးရတပ်ဖွဲ့နှင့် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့ကြား ဖြစ်ပွားခဲ့သည့် မိုဆူးလ်တိုက်ပွဲတွင်လည်း အရပ်သား ၁၂၁ ဦးသေဆုံးခဲ့ပြီး ၁၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့၏ တိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူလူထုတို့ ဒုက္ခရောက်ခဲ့ရကြောင်း၊ ထို့ကြောင့် အီရတ်တပ်ဖွဲ့အနေဖြင့် ဆက်လက်ပြုလုပ်မည့် အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်ရေးများတွင် ပြည်သူလူထုအားကာကွယ်ရန် အစီအမံများ ထည့်သွင်း ဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂအီရတ်အထူး ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

မိုဆူးလ်မြို့ကို အစိုးရတပ်ဖွဲ့များ သိမ်းပိုက်နိုင်ခဲ့သော်လည်း အီရတ်နိုင်ငံမြောက်ပိုင်းပြည်နယ်များနှင့် ဆီးရီးယားနိုင်ငံနယ်စပ်ဒေသများတွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းများ ကျန်ရှိနေသေးကြောင်း သိရသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယားက စမ်းသပ်ပစ်လွှတ်လိုက်သည့်ဒုံးကျည် အမေရိကန်၏ရေိယာအများစုသို့ ရောက်ရှိနိုင်သည်ဟု အာဏာပိုင်များယူဆ

ပြုံယမ်း ဩဂုတ် ၂

အမေရိကန်ရှိ ဧရိယာအများစုသည် မြောက်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့် သောကြာနေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သော တိုက်ချင်းပစ် ဒုံးကျည်ရောက်ရှိနိုင်သည့် အကွာအဝေးအတွင်းသို့ ကျရောက်နိုင်ကြောင်း အမေရိကန်အစိုးရအဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

အာဏာပိုင်တစ်ဦးက မြောက်ကိုရီးယား၏ဒုံးကျည်နှင့် ပတ်သက်၍ နောက်ဆုံးပြုလုပ်ခဲ့သည့် အသေးစိတ်လေ့လာဆန်းစစ်တွေ့ရှိမှုအကြောင်းကို အင်္ဂါနေ့တွင် အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဌာနက မြောက်ကိုရီးယားမှ စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်မှာ ၄၅ မိနစ်ခန့်ကြာအောင် ပျံသန်းခဲ့ရာ ၎င်းတို့ ပစ်လွှတ်သော ဒုံးကျည်များအနက် အချိန်အကြာဆုံးဒုံးသွားနိုင်သည့် ကျည်ဖြစ်ကြောင်း လေ့လာသုံးသပ်ခဲ့ကြသည်။

သို့သော် ကာကွယ်ရေးဌာန၏ အဆိုအရ မြောက်ကိုရီးယား၏ ဒုံးကျည်မှာ ဖွံ့ဖြိုးဆဲအဆင့်သာ ရှိသေးကြောင်း ပြောကြားခဲ့သည်။ ဒုံးကျည်၏ အမြင့်ဆုံးရောက်ရှိနိုင်သည့် အကွာအဝေးသည် ဒုံးကျည်ပျံသန်းမှု လမ်းကြောင်းအမြင့်နှင့် ဒုံးကျည်အင်ဂျင်စွမ်းအားအပေါ်တွင် အခြေခံထားကြောင်း ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးအဖြစ် ခရစ္စတိုဖာဝရေးကိုရွေးချယ်

ဝါရှင်တန် ဩဂုတ် ၂

ခရစ္စတိုဖာဝရေးကို ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ညွှန်ကြားရေးမှူးသစ်အဖြစ် အတည်ပြုရန် ယမန်နေ့တွင် အမေရိကန်လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ခရစ္စတိုဖာဝရေးကို ဂျိမ်းကော်မီနေရာတွင် အစားထိုးခန့်အပ်မည်ဖြစ်ကြောင်းသိရသည်။ ဂျိမ်းကော်မီသည် ထရန့်မဲဆွယ်ပွဲနှင့် ရုရှားအစိုးရအကြား ချိတ်ဆက်မှုဆိုင်ရာ ဖြစ်နိုင်ချေများကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သောကြောင့် ၎င်းအားအမေရိကန်သမ္မတဒေါ်နယ်ထရန့်က မေလတွင် အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရစ္စတိုဖာဝရေးသည် ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲ ငါးမဲဖြင့် အက်ဖ်ဘီဘိုင် ညွှန်ကြားရေးမှူးဖြစ်လာမည်ဖြစ်သည်။ ၎င်းအားထရန့်က ဂျိမ်းကော်မီနေရာတွင်အစားထိုးခန့်အပ်ရန်အတွက် ဇွန်လကနာမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ခရစ္စတိုဖာဝရေးသည် ၁၉၈၉ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ကာ ၁၉၉၂ခုနှစ်တွင် ယေးလ်ရှေ့နေကျောင်းမှ ရှေ့နေဘွဲ့ရရှိခဲ့ကြောင်းသိရသည်။ ခရစ္စတိုဖာဝရေးကို နယူးယောက်ရှေ့နေမိသားစုမှ မွေးဖွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန် အရှေ့တောင်အာရှနိုင်ငံများသို့ အလည်အပတ်လာရောက်မည်

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်သည် လာမည့် ဩဂုတ် ၅ ရက်မှ ၉ ရက်အတွင်း ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ အလည်အပတ်ခရီးစဉ် လာရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့်အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း ဒေသတွင်းစည်းဝေးပွဲသို့ တက်ရောက်မည်ဖြစ်ကာ အစည်းအဝေးတွင် အခြားနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံကာ ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားကင်းစင်ရေး၊ ရေကြောင်းလုံခြုံရေး အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးတို့နှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်၏ ထိုင်းနိုင်ငံခရီးစဉ်တွင် ကွယ်လွန်သွားခဲ့သော ထိုင်းဘုရင်ဟောင်းဘူမိဘော အဒူလျာဒတ်အား သွားရောက်ဂါရဝပြုမည်ဖြစ်သလို ထိုင်းနိုင်ငံဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးနှင့် ဒေသတွင်းကိစ္စရပ်များ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မလေးရှားခရီးစဉ်တွင်လည်း တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နှစ်ပေါင်း ၆၀ ကြာတည်ရှိခဲ့သော အမေရိကန်-မလေးရှားဆက်ဆံရေးကို အခြေခံကာ နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန် ဆွေးနွေးသွားမည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

နိုင်ငံတကာသံခင်းတမန်ခင်းမှာ ဒေါ်နယ်ထရန့်နဲ့ ပနံသင့်နေတဲ့ ထရူးဒီယူ

တင်လင်းအောင်

အမေရိကန်ပြည်ထောင်စု ရို့ဒ်ကျွန်းရဲ့မြို့တော် ပရိုဗီးဒင့်မှာ နိုင်ငံ့မြို့တော်ဝန်များအဖွဲ့ကို မကြာသေးမီက မိန့်ခွန်းပြောကြားရာမှာ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့စီးပွားရေးအတွေးအမြင်နဲ့ ပတ်သက်ပြီး မသိမသာပြစ်တင်ရှုတ်ချလိုက်ပါတယ်။

သို့သော်လည်း တစ်ဖက်မှာတော့ "လွတ်လပ်စွာကုန်သွယ်မှုက အခုအလုပ်ဖြစ်ပါတယ်"လို့ ဂျက်စတင်ထရူးဒီယူက ပြောပါတယ်။ ဒီလိုပြောလိုက်ခြင်းကိုကြည့်ရင် အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရန့်တို့နဲ့ ဆက်ဆံတဲ့အခါမှာ ဂျက်စတင် ထရူးဒီယူရဲ့ကျွမ်းကျင်ပိုင်နိုင်တဲ့ နည်းပရိယာယ်ကို တွေ့ရမှာဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံတဲ့အခါမှာလည်း ဂျက်စတင်ထရူးဒီယူက သူ့ရဲ့ မူဝါဒတွေကို ပါးပါးနပ်နပ် ဝေဖန်ခဲ့ပါတယ်။ ထိုသို့ပြုလုပ်ခြင်းဟာ ဂျက်စတင်ထရူးဒီယူအတွက်တော့ ကနေဒါဝန်ကြီးချုပ်တွေရဲ့ အမိကစိန်ခေါ်မှုတွေကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ပြယုဂ်ကောင်းကောင်း လုပ်ပြနိုင်ခဲ့တယ်လို့ပဲ ဆိုရမှာပါ။

ထရန့်ကို ဝေဖန်ကြတဲ့ ကမ္ဘာ့ခေါင်းဆောင်အများစုကိုလည်း ထရန့်က ပျစ်ပျစ်နှစ်နှစ် ပြန်လည်လှောင်ပြောင်ဝေဖန်ခဲ့ပါတယ်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ရဲ့ဒုက္ခသည်များနဲ့ပတ်သက်ပြီး ချမှတ်ခဲ့တဲ့မူဝါဒအပေါ် ထရန့်က စိတ်မန္တသောလုပ်ရပ်ဟု လှောင်ပြောင်ပြောဆိုလိုက်သလို ထရန့်ရဲ့ နိုင်ငံအတွင်းသို့ မွတ်စလင်များဝင်ရောက်ခြင်းကို တားမြစ်သည့် အဆိုပြုချက်ကိုဆန့်ကျင်တဲ့ လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်ကိုလည်း နလပိန်းတုံးကောင်လို့ လှောင်ပြောင် ခေါ်ဆိုလိုက်ပါတယ်။

သို့သော်လည်း ထရန့်က ဂျက်စတင်ထရူးဒီယူကိုတော့ ချစ်ခင်ဟန်တူပါတယ်။ ဘာလို့လဲဆိုတော့ ကနေဒါပြည်သူများနဲ့ သူငယ်ချင်းသစ်အဖြစ်တွေ့ခဲ့တဲ့ အဆွေတော်ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူ ကျန်းမာစေကြောင်း ဆုမွန်တောင်းလိုက်ပါတယ်လို့ တွစ်တာမှာ ဖော်ပြထားလို့ပါပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် ထရန့်ဟာ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူကို သက်ညှာတဲ့သဘောရှိတယ်ဆိုတာ တွေ့နိုင်ပါတယ်။

ကနေဒါနိုင်ငံအတွက် ဂျက်စတင်ဟာ အံ့ဩဘနန်းလုပ်ဆောင်ခဲ့တယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ ချီးမွမ်းခန်းဖွင့်လိုက်ပါတယ်။ ဒ့ါအပြင် သမ္မတဒေါ်နယ်ထရန့်ရဲ့လွှတ်တော်ကို မကြာသေးမီလပိုင်းက ပြောခဲ့တဲ့မိန့်ခွန်းမှာလည်း ဂျက်စတင်ကို ချီးကျူးလိုက်ပါသေးတယ်။

လိမ္မာပါးနပ်စွာ

ကနေဒါဝန်ကြီးချုပ် ထရူးဒီဟာ ပြည်တွင်းမှာ ခက်ခဲတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သို့သော်လည်း သူ့ရဲ့ အစိုးရဟာ အဆိုပါရှုပ်ထွေးတဲ့ အခြေအနေတွေကို ကောင်းကောင်း လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်ခဲ့ပြီး သမ္မတထရန့်နဲ့ ပနံသင့်ခဲ့ပါတယ်။

ကနေဒါ-အမေရိကန် ဆက်ဆံရေးကောင်းမွန်ဖို့ဆိုတာ ကနေဒါဝန်ကြီးချုပ်တိုင်းအတွက် အရေးကြီးဆုံး အလုပ်တစ်ခုဖြစ်ပါတယ်။ ကုန်သွယ်ရေးနဲ့ ကာကွယ်ရေးမှာ သူ့ရဲ့အိမ်နီးချင်းကိုသာ မှီခိုနေရတဲ့ ကနေဒါဟာ သူ့ရဲ့အချုပ်အခြာပိုင်ဆိုင်မှု လွတ်လပ်တဲ့နိုင်ငံခြားရေးမူဝါဒနဲ့ တစ်မူထူးခြားတဲ့ သူ့ရဲ့ ယဉ်ကျေးမှုကဏ္ဍတွေကိုတော့ ကာကွယ်ထားတာ တွေ့ရပါတယ်။ တကယ်တမ်းဆိုရင်တော့ ကနေဒါဟာ ခက်ခဲတဲ့ အနေအထားတစ်ခုမှာရှိပါတယ်။ ဘာလို့လဲဆိုရင် အမေရိကန်ကသာ တစ်မျိုးတစ်မည်ပြောင်းလဲသွားမည်ဆိုပါက အမေရိကန်ကိုသာမှီခိုနေရတဲ့ ကနေဒါအတွက် ခက်ခဲမှုပေါင်းစုံ ရင်ဆိုင်ရနိုင်ပါတယ်။

တကယ်တမ်းဆိုရင် ကနေဒါနိုင်ငံရေးဟာ အမေရိကန်ထက် ငြိမ်းချမ်းရေးဘက်ကိုပိုယိမ်းပါတယ်။ သို့သော်လည်း အကယ်၍ ကနေဒါဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးခံယူချက် ပြောင်းလဲသွားမယ်ဆိုရင် ပိုမိုရှုပ်ထွေးတဲ့အခြေအနေကို တွေ့ကြုံရမှာမလွဲပါဘူး။ သို့သော်လည်း ထရူးဒီအနေနဲ့ အဆိုပါအခြေအနေတွေကြားမှာ ဟန်ချက်ညီအောင် ထိန်းညှိရင်း နူးညံ့ပျော့ပြောင်းစွာနဲ့ နိုင်ငံကို ရှေ့ဆက်သွားနေတာကို တွေ့ရမှာပါ။

မှတ်ချက်ပြုပြောဆို

ထရန့်ကို တိုက်ရိုက်မပြောဘဲ အမေရိကန်မြို့တော်ဝန်များဟာ ပင်ကိုလက္ခဏာအားဖြင့် ပါးနပ်ကြတယ်ဟု ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူက မှတ်ချက်ပြုပြောဆိုခဲ့ပါတယ်။ သို့သော်လည်း ဒါဟာ မျိုးချစ်စိတ်နဲ့ ကုန်သွယ်မှုဆန့်ကျင်တဲ့ ကိစ္စကိုရည်ညွှန်းပြီး အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ပါးနပ်စွာပြောလိုက်ခြင်းပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း လွတ်လပ်ရေးကို ထိန်းသိမ်းထားသလို တစ်ဖက်ကလည်း အာဝဇ္ဇန်းသန်သန်နဲ့ မျိုးချစ်စိတ်နဲ့ ကုန်သွယ်မှုဆန့်ကျင်တဲ့ကိစ္စကို ရည်ညွှန်းပြီး ပြောလိုက်နိုင်ပါတယ်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို မကြာခဏဆိုသလို ပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့သော်လည်း ထိုသို့ပြုလုပ်ခဲ့သည့်အချိန်တိုင်း ပြင်းပြင်းထန်ထန်မဟုတ်ဘဲ ပါးနပ်စွာနဲ့ ပြုလုပ်လေ့ရှိပါတယ်။ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်မှ အမေရိကန်ခွဲထွက်ဖို့ ဆုံးဖြတ်ချက်ကို ကနေဒါနိုင်ငံအနေနဲ့ စိတ်ပျက်မိကြောင်းပြောခဲ့ပြီး နိုင်ငံတကာသံခင်းတမန်ခင်းမှာ အဖုအထစ်တစ်ခုဖြစ်ခဲ့တယ်လို့ ဂျက်စတင်ကဆိုပါတယ်။

မွတ်စလင်ဒုက္ခသည်တွေကို တားမြစ်လိုက်ကြောင်း ထရန့်လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာတော့ ထရူးဒီက တွစ်တာမှာ အကြမ်းဖက်မှုတွေနဲ့စစ်ပွဲတွေကြားက ရှောင်ပြေးလာတဲ့ ဒုက္ခသည်တွေကို လက်ခံပါတယ်ဆိုတဲ့အကြောင်း ရေးသားခဲ့ပါတယ်။ ကွဲပြားခြင်းက အင်အားလို့ ထရူးဒီက လူမှုစာမျက်နှာဖြစ်သော တွစ်တာမှာရေးသားခဲ့ပါတယ်။

သို့သော်လည်း ထရန့်က ကနေဒါကို တိုက်ခိုက်မှုတွေ ရှိလာတဲ့အခါမှာတော့ ထရူးဒီက ပါးနပ်စွာနဲ့ ထိပ်တိုက်တွေ့မှုမှ ရှောင်ဖယ်နိုင်ခဲ့ပါတယ်။ တစ်ချိန်က ကနေဒါရဲ့ ကုန်သွယ်ရေးမူဝါဒနဲ့ ပတ်သက်ပြီး ထရန့်က ရှက်ဖွယ်လိလိ ရေးသားခဲ့တာကို ထရူးဒီယူက မိမိနိုင်ငံရဲ့အကျိုးစီးပွားအတွက်ကာကွယ်ခြင်းသာ ဖြစ်တယ်လို လှုလှုပပလေးပြန်ပြောလိုက်ပါတယ်။

အမေရိကန်သာအားထားရာ

သမိုင်းတစ်လျှောက်မှာတော့ ထရန့်ဟာ ကနေဒါမှာ ကျော်ကြားတဲ့သူ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကနေဒါမှာ အမေရိကန်ပြည်ထောင်စုရဲ့ ဂုဏ်သိက္ခာကို မှေးမှိန်စေခဲ့တာကြောင့်ပါ။ မကြာသေးမီကမှ ထုတ်ပြန်တဲ့ နယူးစ်ဝိခ်စစ်တမ်းအရ ကနေဒါလူမျိုး ကိုးရာခိုင်နှုန်းလောက်သာ အမေရိကန်အပေါ်မှာ အကောင်းမြင်တဲ့အကြောင်း သိရပါတယ်။ ကနေဒါဝန်ကြီးချုပ် ထရူးဒီယူရဲ့ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီသစ်မှ တွမ်မူကိုင်ရာဆိုရင် ထရန့်ကို ဖက်ဆစ်ကောင်လို့တောင် ပြောပါတယ်။ ပြီးတော့ ထရူးဒီယူကိုလည်း အမြင်မကြည်သလို အမေရိကန် သမ္မတကိုလည်း ရှုတ်ချလိုက်ပါတယ်။

ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ

ကနေဒါဟာ အခြားနိုင်ငံများနည်းတူ အမေရိကန်ကို မှီခိုနေရပါသေးတယ်။ ကနေဒါပို့ကုန် ၇၅ ရာခိုင်နှုန်းလောက်ကို အမေရိကန်ကို ပို့နေရတုန်းပဲရှိပါသေးတယ်။ အကယ်၍များ အမေရိကန်သမ္မတ ထရန့်ကသာ ကနေဒါနယ်စပ်ကို ပိတ်လိုက်မယ်ဆိုရင် ကနေဒါရဲ့စီးပွားရေးကို ထိခိုက်သွားမှာပဲဖြစ်ပါတယ်။ ထို့အတူ အမေရိကန်စီးပွားရေးကို ထိခိုက်နိုင်သော်လည်းပဲ ကနေဒါလောက်တော့ ဆိုးဆိုးရွားရွားဖြစ်နိုင်မယ်မထင်ပါ။

ဒါကြောင့် အမေရိကန်နိုင်ငံနဲ့ဆက်ဆံတဲ့အခါမှာ ကနေဒါနိုင်ငံ့ခေါင်းဆောင်တွေဟာ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆိုသလို ဟန်ချက်မညီမှာကို သတိထားနေရပါတယ်။

ကနေဒါလွတ်လပ်ရေးကိုထိန်းသိမ်းရင်း အမေရိကန်သမ္မတ ထရန့်နဲ့ဆက်ဆံရေးကိုလည်း အကောင်းဆုံးဖော်ဆောင်နေတဲ့ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒီယူဟာဆိုရင် ငယ်ရွယ်သော်လည်း နိုင်ငံတကာသံခင်းတမန်ခင်းဆက်ဆံရေးမှာ လိမ္မာပါးနပ်လှပါကြောင်း။ ။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံတဲ့အခါမှာလည်း ဂျက်စတင်ထရူးဒီယူက သူ့ရဲ့မူဝါဒတွေကို ပါးပါးနပ်နပ် ဝေဖန်ခဲ့ပါတယ်။ ထိုသို့ပြုလုပ်ခြင်းဟာ ဂျက်စတင်ထရူးဒီယူအတွက်တော့ ကနေဒါဝန်ကြီးချုပ်တွေရဲ့အမိကစိန်ခေါ်မှုတွေကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီး ပြယုဂ်ကောင်းကောင်း လုပ်ပြနိုင်ခဲ့တယ်လို့ပဲ ဆိုရမှာပါ

ဒုံးကျည်ကာကွယ်ရေးစနစ်ထပ်မံချထားရန် နောက်ထပ်ဆုံးဖြတ်ခဲ့ပြီးနောက် ဒုံးကျည်ကာကွယ်ရေးစနစ်ကိုဆန့်ကျင်သည့် ချီတက်စုဝေးမှုများပြန်လည်ထွက်ပေါ်

ဆိုးလ် ဩဂုတ် ၂

တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် THAAD လောင်ချာများကို နောက်ထပ်ချထားမှုပြုလုပ်ရန်အတွက် အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် အမိန့်ပေးအပ်လိုက်ပြီးနောက် တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ကန့်ကွက်သည့်ဆန္ဒပြစုဝေးချီတက်မှုများကို အင်္ဂါနေ့တွင် ပြန်လည်ပြုလုပ်လာကြကြောင်း သိရသည်။

ပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူများသည် ဆိုးလ်မြို့လယ်ကောင်ရှိ ဂွမ်ဟာမမ်စကွဲယားတွင် စုဝေးရောက်ရှိခဲ့ကြပြီး နိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ချထားခဲ့သည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်ကို အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်နှင့် သမ္မတအိမ်ပြာတော်အပြင်ဘက်တွင် တနင်္လာနေ့ကပြုလုပ်ခဲ့သည့်ဆန္ဒဖော်ထုတ်မှုပြီးနောက် ယခုဆန္ဒဖော်ထုတ်မှုထပ်မံဝင်ရောက်လာခြင်းဖြစ်ပြီး ဆန္ဒဖော်ထုတ်မှုအတွင်း တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ချထားသည့်နေရာအနီးရှိ ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများနှင့် ဒေသခံတစ်ရာကျော်တို့ပါဝင်ခဲ့ကြကြောင်း သိရသည်။ **(ဆင်ဟွာ)**

တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

ယမန်နေ့မှအဆက်

(ဂ) (၁) ပုဒ်မ ၂၄ နှင့်ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ ခွင့်ပြုမည့် အချိန်အထိ လျှောက်ထားချက် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက် အခွဲများအဖြစ်ခွဲ၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက် အခွဲတစ်ခုစီအတွက် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့ကို လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူရမည်။

(ဃ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

၂၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၅ ပါလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

အခန်း (၁၀)

စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၇။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြား၍ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြရမည်။

(ခ) ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို ရုပ်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါသတ်မှတ်သည့်အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၈။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်သည် မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ တီထွင်မှု မူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများ ပေးရန် ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့ရက်မှရက်ပေါင်း ၆၀ အတွင်းတောင်းဆိုချက်တစ်ရပ်ကိုတင်ပြခြင်း၊

(၂) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များ အားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း၊

(ခ) မှတ်ပုံတင်အရာရှိသည် အောက်ပါအခြေအနေများတွင် ပုဒ်မခွဲ (က) အရ အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ဆိုင်းငံ့ထားရမည် -

(၁) အယူခံတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေး အရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သို့မဟုတ် ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုပါက ထိုတောင်းဆိုသည့် နေ့ရက်တွင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၃၀။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၂၉ အရ ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ သုံးလအတွင်း သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ဤဥပဒေပါ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တွင် ဖော်ပြထားသော အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၃၁။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်တင်သွင်းလာသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်စေခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။ အဆိုပါဆုံးဖြတ်ချက်ကို ကန့်ကွက်လွှာ တင်သွင်းသူနှင့် တင်သွင်းခံရသူထံ အကြောင်းကြားပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၃။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့်အား အသေးစိတ်စစ်ဆေးပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သည့် အချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေး၍ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန် သင့်၊ မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။

၃၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်၍ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၃၅။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်တွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်သည့် အချိန်အတွင်း တင်ပြရန် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏မိတ္တူ၊

(ခ) လျှောက်ထားသူပြည်ပမှ ရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါလျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ၊ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့် တီထွင်မှုမူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင် ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၃၆။ ညွှန်ကြားရေးမှူးချုပ်သည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပြည်ပတီထွင်မှု မူပိုင်ခွင့်ရုံးများသို့လည်းကောင်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန်တောင်းဆိုနိုင်သည်။

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျောက်ဆုံး သို့မဟုတ် ပျက်စီးပါက မိတ္တူမှန် ထပ်မံ ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၇ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၇ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

၃၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဦးစီးဌာန၌ နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါ တီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် စပ်ဆိုင်သောဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိချိန်အထိ အဆိုပါ လျှောက်ထားချက်ကို မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သော လျော်ကြေးပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို ဦးစီးဌာနတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထား မှတ်ချက်မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှု မူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့် ဖြစ်ပေါ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့် လျော်ကြေးရရှိရန် တောင်းဆိုနိုင်သည်။ ယင်းလျော်ကြေးပမာဏကို မကျေနပ်ပါက တရားရုံးမှ သတ်မှတ်ပေးရန် လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထား ရှိရန်လိုအပ်ခြင်း မရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ(က)အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၁)

ဦးစားပေးအခွင့်အရေး

၄၀။ **ပါရီ**ကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့်နေ့ရက်မှတစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၁။ **ပါရီ**ကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ တစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသောတီထွင်မှုကို လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေး ခံစားရမည်။

၄၂။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့် နေ့ရက်မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

၄၃။ လျှောက်ထားသူသည် သတ်မှတ်ထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင် ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရေးအတွက် ပုဒ်မ ၂၈ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

အခန်း (၁၂)

တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့်မှတ်ပုံတင်ကြေး

၄၄။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှ နှစ် ၂၀ ဖြစ်သည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ဦးစီးဌာနသို့ ကာလအပိုင်းအခြားအလိုက် သတ်မှတ်သည့် နှစ်စဉ်ကြေးပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ကြေးပေးသွင်းရမည့် နေ့ရက်မတိုင်မီ ခြောက်လအတွင်း သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် ကုန်ဆုံးသည့် နောက်တစ်ရက်မှ အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း၌သာ ပေးသွင်းခွင့်ရှိသည်။ ယင်းသို့ပေးသွင်းသည့်အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၆။ မှတ်ပုံတင်အရာရှိသည်-

(က) နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ခ) နှစ်စဉ်ကြေးကို အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပေးသွင်းခြင်း မရှိသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ပျက်ပြယ်စေရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ ထိခိုက်ခြင်းမရှိဟုယူဆလျှင် ငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီး နောက်တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှု မူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ဃ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၇။ ပုဒ်မ ၄၅ တွင် ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက် ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၂၈ ပါ အချက်များနှင့်ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

အခန်း (၁၃)

တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အခန်း(၁၂) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက တီထွင်မှုမူပိုင်ခွင့်သက်တမ်းကာလအတွင်း ဤအခန်းပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၉)

သိပ္ပံစာရေးဆရာကိုကိုအောင်

လေခွင်းအား

မော်တော်ကားတစ်စီးကို လေခွင်းအားကောင်းအောင် တွက်ချက်ရာ၌ ကားအမျိုးအစားနှင့် ပုံစံတို့အပေါ်မူတည်ပြီး တွက်ချက်ရပုံ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိသည်။ Sports Type မော်တော်ကားများသည် လေခွင်းအားကောင်းအောင် တွက်ချက်ရမှု အဆင့်အမြင့်ဆုံးသောကားများဖြစ်ကြပြီး ဆလွန်းနှင့် ဆီဒင်ကားငယ်များမှာ ငြိမ့်ညောင်းစွာ စီးနင်းအသုံးပြုနိုင်ရေးကို ဦးစားပေးရသည့်ကားများ ဖြစ်ကြသဖြင့် လေခွင်းအားအထူးကောင်းမွန်ရေးထက် ကား၏တည်ငြိမ်မှုကို အဓိကထားကာ တွက်ချက်ထုတ်လုပ်ပေးကြရသည်။

Sports Utility Vehicle-SUV ကားများသည်လည်း ကြမ်းတမ်းသော လမ်းမျက်နှာပြင်များပေါ်၌ မောင်းနှင်သည့်အခါ အကြမ်းခံပြီး ဆလွန်းကဲ့သို့ငြိမ့်ညောင်းအောင် ဖန်တီးပြုလုပ်ထားရသည့်ကားများဖြစ်ကြရာ လေခွင်းအားကောင်းစေရေးထက် တည်ငြိမ်မှုနှင့် ငြိမ့်ညောင်းမှုတို့ကို ပိုမိုဦးစားပေးကာ တွက်ချက်ထုတ်လုပ်ကြရသည်။ ဗင်နှင့်ဝက်ဂွန်ကားများအဖို့မူ ဝန်ပေါ့ကုန်ပစ္စည်းများတင်ဆောင်ပြီး လမ်းမျက်နှာပြင်မရွေး မောင်းနှင်သွားလာနိုင်အောင် ထုတ်လုပ်ပေးထားရခြင်း ဖြစ်သည့်အတွက် လေခွင်းအားကောင်းမွန်ရေးကို အထူးဦးစားပေးတွက်ချက်ရသည့် ကားအမျိုးအစားထဲ၌ ပါဝင်ခြင်းမရှိပေ။

လမ်းဖောက်လုပ်ထားခြင်းမရှိသောနေရာများ၊ တောင်ကုန်းနှင့် တောင်စောင်းနေရာများ၊ ရွှံ့ညွန်ထူထပ်သောနေရာများ၊ သဲကန္တာရ ခရီးလမ်းများ၊ မြစ်ကူးချောင်းဖြတ်နေရာများ၊ ဆီနှင်းပြင်နှင့်ရေခဲပြင်များ၊ မြေသားအောက်ခံပျော့သော နေရာများစသည်တို့၌ မောင်းနှင် အသုံးပြုရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော 4WD Off-road Vehicle များသည်လည်း ခရီးလမ်းကြမ်းများ၌သုံးရန်ကိုသာ အဓိကထားသည့်ကားများဖြစ်ကြသည့်အားလျော်စွာ လေခွင်းအားကောင်းမွန်အောင် တွက်ချက်ပေးထားခြင်း လုံးဝမရှိပေ။

အပေါ့စားကုန်တင်ယာဉ်နှင့် ထရပ်ကားကြီးများ၊ ဘတ်စ်ကားကြီးများ၊ နောက်တွဲဆွဲယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ၊ မော်တော်ကားတင်ယာဉ်ကြီးများ၊ လောင်စာနှင့်ဓာတ်ငွေ့တင်ယာဉ်ကြီး များ၊ ကွန်ကရစ်ဖျော်ရည်တင်ယာဉ်ကြီးများ၊ ရေသယ်ယာဉ်နှင့် မီးသတ်ယာဉ်များ၊ အဝီစိတွင်းတူးယာဉ်များ၊ ဒုံးပစ်စင်တင်ယာဉ်ကြီးများ၊ ကရိန်းနှင့်ယန္တရားတင် ယာဉ်ကြီးများ၊ စစ်မြေပြင်သုံး ထရပ်ကားကြီးများ၊ အမြောက်တင်ယာဉ်များ၊ အမှိုက်ရှင်းလင်းရေးယာဉ်နှင့် အမှိုက်သယ်ယာဉ်များ စသည်တို့ အပါအဝင် လုပ်ငန်းသုံးယာဉ်ကြီးများ အားလုံးတို့သည်လည်း လေခွင်းအားကောင်းအောင် တွက်ချက်ထုတ်လုပ်ပေးရသည့်စာရင်းတွင် ပါဝင်မှုမရှိသော အကြီးစားမော်တော်ကားများ ဖြစ်ကြသည်။

မော်တော်ကားတစ်စီးကို လေခွင်းအားကောင်းမွန်အောင် ဦးစားပေးတွက်ချက်သည်ဟုဆိုရာ၌ပင် လေယာဉ်ဦးခေါင်းကဲ့သို့ လုံးဝန်းချွန်ထွက်နေအောင် ဒီဇိုင်းပြုလုပ်၍ မရနိုင်ပေ။ အကြောင်းမှာ ဘီးလေးဘီးပေါ်၌ရပ်တည်နေရသော ယာဉ်ဖြစ်သည့်အားလျော်စွာ ကား၏ရုပ်ဆင်းအင်္ဂါ တင့်တယ်ကြည့်ကောင်းစေရေးအတွက် ကား၏ရှေ့ဘီးနှစ်ဘီးကို ယာဉ်ကိုယ်အခွံ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော Mud Guard က ဖုံးအုပ်ထားသည့် ဒီဇိုင်းမျိုးကိုသာ ရေးဆွဲထုတ်လုပ်ပေးကြရသည့်အတွက် ဖြစ်သည်။

အတိတ်ကာလများက ကား၏ရှေ့ပိုင်းပုံစံ ဦးချွန်ဖြစ်နေသည့် သုံးဘီးကားများကို ထုတ်လုပ်ခဲ့ကြသည့်တိုင် အရှိန်ပြင်းပြင်း မောင်းနှင်၍ မရခြင်း၊ အကွေ့များ၌ အန္တရာယ်ရှိနေခြင်း၊ မြန်နှုန်းမြင့်လာသည်နှင့်အမျှ ကား၏တည်ငြိမ်မှု သိသာစွာ ပျက်ယွင်းလာခြင်းစသော အားနည်းချက်များကြောင့် သုံးဘီးကားများကို ဆက်လက်ထုတ်လုပ်ခြင်းမရှိကြတော့ပေ။

မျက်မှောက်ခေတ်၌ ထုတ်လုပ်နေကြသော Sports Type မော်တော်ကားများ၏ပုံစံကို လေ့လာကြည့်လျှင် ကား၏ဦးခေါင်းရှိ အင်ဂျင်စက်ဖုံးမှာ ရှေ့ဘက်သို့ သိသာစွာလျှောဆင်းနေသလို ဝဲယာ ဘေးနှစ်ဖက်ဆီသို့လည်း နိမ့်လျှောဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ နိမ့်လျှောဖြစ်နေသည့် မော်တော်ကားဦးခေါင်းပုံသဏ္ဌာန်မျိုး ဖြစ်လာစေရန်အတွက် မော်တော်ယာဉ်အင်ဂျင်နီယာများအဖို့ အတော်ပင်အချိန်ယူကာ လေးလေးနက်နက် စဉ်းစားတွက်ချက်ခဲ့ကြရသည်။

Sports ကားများ၏သဘာဝနှင့်အညီ မြင်းကောင်ရေအားများပြီး အရွယ်အစားကြီးမားသော အင်ဂျင်များကို တပ်ဆင်ပေးထားရသည့်အားလျော်စွာ၊ လေခွင်းအားကောင်းစေရေးကို အထူးဦးစားပေးကာ ပုံစံရေးဆွဲကြရာ၌ သာမန်လူစီးကားငယ်များ၏ အင်ဂျင်မျိုးထက်ပို၍ အရွယ်အစားကြီးမားနေသော အင်ဂျင်နှင့်တကွ ဆက်စပ်အစိတ်အပိုင်းများ ထားသိုတပ်ဆင်ရန် နေရာအခက်အခဲနှင့် ကြုံတွေ့ကြရသည်သာ ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် Sports ကားမော်ဒယ်သစ်တစ်မျိုးအတွက် လေခွင်းအားကောင်းအောင် တွက်ချက်ပုံစံထုတ်ရသော လုပ်ငန်းစဉ်သည် သမားရိုးကျ ဇိမ်ခံလူစီးကားများကို လေခွင်းအားကောင်းအောင် တွက်ချက်ပုံစံထုတ်ရသော လုပ်ငန်းစဉ်ထက် ပိုမိုလေးနက်ကာ အချိန်လည်းပိုကုန်၊ ကျွမ်းကျင်ပညာရှင် အင်အားကိုလည်း ပို၍လိုအပ်ပြီး ငွေကုန်ကြေးကျအားဖြင့်လည်း ပို၍များပြားနေရခြင်းဖြစ်သည်။ ထိုကဲ့သို့သော လုပ်ငန်းသဘာဝကြောင့်ပင် Sports ကားများသည် ထုတ်လုပ်မှုစရိတ်ကြီးမြင့်ပြီး ရောင်းချသောဈေးနှုန်းကလည်း မြင့်မားကာ ဝယ်ယူသုံးစွဲသူတို့အနေဖြင့်လည်း သမားရိုးကျဇိမ်ခံကားများထက် ငွေကြေးပိုမိုပေးရခြင်း ဖြစ်သည်။

မော်တော်ကားတစ်စီးအနေဖြင့် ရွေ့လျားမောင်းနှင်နေခြင်းသည် ဘေးပတ်လည်၌ရှိနေသော လေထုထဲသို့ တိုးဝင်ရွေ့လျားနေခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ လေထုအတွင်း တိုးဝင်မောင်းနှင်ကြရာ၌ ယာဉ်ကိုယ်ထည်၏ ထုထည်ပမာဏကြီးမားလေ တန်ပြန်ကျရောက်သော လေထု၏ ဖိအားသက်ရောက်မှုက ကြီးမားလေဖြစ်သည်။ ထုထည်ပမာဏချင်းတူစေကာမူ ဘတ်စ်နှင့်မီနီဘတ်စ်ကဲ့သို့သော ရှေ့မျက်နှာစာ စတုဂံပုံဖြစ်သည့်ပုံစံမျိုးထက် ကျည်ဆန်ထိပ်ဖူးကဲ့သို့ ဦးချွန်ပြီး ရှေ့နှင့်ဘေးနှစ်ဖက်သို့ ပြေပြေပြစ်ပြစ်လျှောဆင်းသွားသော မျက်နှာစာမျိုးက လေဖိအား၏ တန်ပြန်သက်ရောက်မှုကို များစွာ လျော့ပါးသက်သာစေသည်။

မော်တော်ကားတစ်စီး မောင်းနှင်သည့်အခါ ရှေ့တူရူမှ ဆန့်ကျင်ခုခံနေသောလေဖိအားသည် ကား၏ရှေ့မျက်နှာစာနှင့် လေကာမှန်တို့အပေါ်၌သာ သက်ရောက်သည်မဟုတ်ဘဲ မော်တော်ကား၏ ဘီးများဆီသို့လည်းကောင်း၊ ယာဉ်ကိုယ်ထည် ဝမ်းဗိုက်အောက်သို့လည်းကောင်း အသီးသီးသက်ရောက်လျက်ရှိနေကြသည်။ မော်တော်ကားဘီးများဆီသို့ တိုက်ရိုက်တိုးဝင်နေသော လေထု၏ဖိအားသည် ဘီးများ၏ရွေ့လျားမှုကို ဆန့်ကျင်ခုခံလျက်ရှိနေသလို ယာဉ်ကိုယ်ထည် ဝမ်းဗိုက်အောက်သို့ တိုးဝင်ရောက်ရှိသွားသော လေများကလည်း ယာဉ်ကိုယ်ထည်တစ်ခုလုံးကို အပေါ်သို့ကြွတက်သွားအောင် ပင့်တင်ပေးလျက်ရှိနေကြသည်။

ယာဉ်ကိုယ်ထည် ဝမ်းဗိုက်အောက်သို့ တိုးဝင်ရောက်ရှိလာသောလေများသည် ယာဉ်ကိုယ်ထည်တစ်ခုလုံးကို အထက်သို့ ပင့်တင်ထားကြသည့်အတွက် မော်တော်ကားဘီးများသည် လမ်း မျက်နှာပြင်နှင့် ထိတွေ့လည်ပတ်ရာ၌ ကုတ်အား သိသာစွာ ကျဆင်းသွားကြသည်။ ကားဘီးများ၏ ကုတ်အား ကျဆင်းသွားခြင်းသည် မော်တော်ယာဉ်အင်ဂျင်နီယာပညာအရ စွမ်းအားများဆုံးရှုံးခြင်းပင် ဖြစ်သည့်အတွက် သတ်မှတ်ခရီးတာတစ်ခုကို မောင်းနှင်သည့်အခါ လောင်စာဆီသုံးစွဲနှုန်းကလည်း လိုအပ်သည်ထက် ပိုမိုကုန်ကျမှုများဖြစ်ပေါ်လာသည်။

သို့ဖြစ်၍ နောက်ဆုံးပေါ် ဇိမ်ခံလူစီးကားများ၌ ရှေ့ဘမ်ပါများကို ကြီးမားပြန့်ကားသောပုံစံမျိုး ထုတ်၍ တပ်ဆင်ပေးထားခြင်း ဖြစ်သည်။ ကြီးမားပြန့်ကားသော ရှေ့ဘမ်ပါများသည် ယာဉ်ကိုယ်ထည် ဝမ်းဗိုက်အောက်သို့ လေများတိုးဝင်ရောက်ရှိမှုနည်းပါးအောင် ကာရံပေးထားသလို ရှေ့ဘီးနှစ်ဘီးဆီသို့ တိုးဝင်ရောက်ရှိလာမည့် လေစီးကြောင်းများကိုလည်း ဘေးဘယ်ညာ နှစ်ဖက်သို့ ချော်ထွက်လမ်းလွဲသွားအောင် လမ်းကြောင်း လွှဲပြောင်းပေးနိုင်ကြသည်။

အချို့သော နောက်ဆုံးပေါ်ဆလွန်းကားများဆိုလျှင် ရှေ့ဘမ်ပါ၏အောက်၌ စကတ်(Skirt)ကို ပူးတွဲတပ်ဆင်ထားကြသလို ဘေးဘယ်ညာ တံခါးရွက်များ၏အောက် ရှေ့ဘီးနှင့်နောက်ဘီး အကြား၌လည်း ဘေးစကတ်များကို တပ်ဆင်ပေးထားကြသည်။ ရှေ့ဘမ်ပါစကတ်နှင့် ဘေးစကတ်များသည် ယာဉ်ကိုယ်ထည်ဝမ်းဗိုက်အောက်သို့ လေများတိုးဝင်ရောက်ရှိမှု နည်းနိုင်သမျှ နည်းပါးအောင် ကာရံပေးထားကြသည့်အတွက် မော်တော်ကားကို အရှိန်ဖြင့်မောင်းနှင်နေသည့်အခါ ယာဉ်ကိုယ်ထည် ဝမ်းဗိုက်အောက်၌ လေဖိအားနည်းသည့် ရပ်ဝန်းငယ်တစ်ခုကို ဖြစ်ပေါ်လာစေသည်။

ထိုအခြေအနေမျိုးတွင် ယာဉ်ကိုယ်ထည်အပေါ်ဘက်ရှိ ဖိအားမြင့်သောလေထု၏ ဖိထားမှုကြောင့် ကားဘီးများသည် လမ်းမျက်နှာပြင်နှင့် ထိထိမိမိရှိနေကြသည့်အတွက် ကုတ်အားများစွာရရှိကာ ကား၏ရွေ့လျားမှုကို သွက်လက်စေသလို လောင်စာဆီကုန်ကျနှုန်းကိုလည်း များစွာ လျော့ပါးသက်သာစေသည်။



အချို့သော မော်တော်ကားအမှတ်တံဆိပ်များဆိုလျှင် ဘမ်ပါစကတ်နှင့် ဘေးစကတ်များ တပ်ဆင်ထားသည့်အပြင် ယာဉ်ကိုယ်ထည်ဝမ်းဗိုက်အောက်သို့ အနည်းအကျဉ်းမျှရောက်ရှိလာသော လေများကို လေပွေများကဲ့သို့ ရစ်ပတ်စေပြီး ကား၏နောက်ဘက်သို့ လျင်မြန်စွာထွက်သွားစေရန် ယာဉ်ကိုယ်ထည်၌ ဝမ်းဗိုက်ဖောင်းလိုင်းများကို စနစ်တကျ ပုံစံထုတ်ပေးထားကြသည်။ ထိုကားမျိုးကို အမျိုးအစားတူ ခေတ်ပြိုင် အခြားကားများနှင့် နှိုင်းယှဉ်မည်ဆိုလျှင် တပ်ဆင်ထားသည့် အင်ဂျင်စွမ်းရည်ချင်းတူပါက အရှိန်မြှင့်တင်နှုန်း သာလွန်ကောင်းမွန်ပြီး တစ်နာရီလျှင် သုည ကီလိုမီတာမှ ကီလိုမီတာတစ်ရာအထိ အရှိန်မြှင့်တင်မှုတွင် စက္ကန့်အနည်းငယ် အသာစီးရသွားလိမ့်မည်ဖြစ်သည်။

ဤနေရာတွင် ခရီးလမ်းကြမ်းများ၌မောင်းနှင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော 4WD မော်တော်ကားအချို့ကမူ တောတောင်လျှိုမြောင်များနှင့် ချောက်ကန်သင်းများကို ဖြတ်ကျော်မောင်းနှင်နိုင်ရန်အတွက် အောက်ခြေမြင့်သော ယာဉ်ကိုယ်ထည်၊ ဘီးများနှင့်အလုမ်းကွာဝေးသော Mud Guard နှင့် ထူထဲသောဖြက်ရှိသည့် တာယာများဖြင့် တပ်ဆင်ထုတ်လုပ်ထားကြသည်ကို တွေ့ရှိနိုင်သည်။

အဆိုပါကားများမှာ စနစ်တကျဖောက်လုပ်ထားသော လမ်းမများပေါ်၌ မြန်နှုန်းမြင့်မြင့် မောင်းနှင်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်း မဟုတ်သည့်အတွက် လေခွင်းအား၊ လေ၏တန်ပြန်တွန်းအားနှင့် လေ၏ပင့်အားသက်ရောက်မှုတို့ကို အသေးစိတ် တွက်ချက်ထားခြင်းမရှိပေ။ ယာဉ်၏ကြံ့ခိုင်မှုကို အဓိကထားကာ ထုတ်လုပ်ထားကြသည့် မော်တော်ကားများသာ ဖြစ်ကြသည်။

ဒယဉ့်တိုက်ပါခြင်း

အများပြည်သူသုံးလမ်းမများပေါ်၌ မောင်းနှင်သွားလာနေကြသော မော်တော်ကားများသည် တစ်ခါတစ်ရံ၌ အကြောင်းအမျိုးမျိုးကြောင့်ဦးတည်ရာလမ်းကြောင်းလွဲချော်ကာ အရပ်မျက်နှာတစ်ခုခုသို့ ဒယဉ့်တိုက်ပါသွားလေ့ရှိသည်။ ယင်းကဲ့သို့ ဒယဉ့်တိုက်ပါသွားရခြင်းမျိုးမှာ အောက်ပါအကြောင်းရင်းတစ်ရပ်ရပ်ကြောင့် ဖြစ်သည်။

(က) ဗဟိုခွာအားသက်ရောက်ခြင်း
(ခ) ကုတ်အားကျဆင်းသွားခြင်း
(ဂ) ဘီးများဘရိတ်အမိ မညီခြင်း
(ဃ) လမ်းချော်ခြင်း
(င) ဝန်ပိုတင်ဆောင်ထားခြင်း

ဗဟိုခွာအားသက်ရောက်ခြင်း ဆိုသည်မှာ အဝိုင်းပတ်ရာ၌လည်းကောင်း၊ လမ်းကွေ့လမ်းကောက်များတွင် မောင်းနှင်ရာ၌လည်းကောင်း၊ အရေးပေါ်အခြေအနေအရ ရုတ်တရက်ချိုးကွေ့ရာ၌လည်းကောင်း၊ အရှိန်မြှင့်၍ မောင်းနှင်မိသည့်အခါမျိုးတွင် ချိုးကွေ့စက်ဝိုင်း(Turning Circle)၏ စက်ဝန်းမျဉ်းပေါ်မှ သွေဖည်ဝေးကွာသွားခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ချိုးကွေ့အချင်းဝက်(Turning Radius)၏ မူသေအနေအထား ပျက်ယွင်းသွားခြင်းပင် ဖြစ်သည်။ ဗဟိုခွာအားသက်ရောက်မှုသည် မော်တော်ကားတစ်စီးကို ဒယဉ့်တိုက်ပါသွားစေနိုင်သည်။

ကုတ်အားကျဆင်းသွားခြင်း ဆိုသည်မှာ မောင်းနှင်နေရင်း မြန်နှုန်းတစ်ခုသို့အရောက်တွင် မော်တော်ကား၏ဝမ်းဗိုက်အောက်သို့ တိုးဝင်ရောက်ရှိလာသော လေထုအစုအဝေးက ကြီးမားလာကာ လေဖိအားများသည့်ရပ်ဝန်းငယ် ဖြစ်တည်လာပြီး ကားတစ်စီးလုံးကို ကြွတက်သွားအောင် ပင့်တင်ထားသည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေသည် ကားကို ဒယဉ့်တိုက်ပါသွားစေနိုင်သော အခြေအနေတစ်ရပ်ပင်ဖြစ်သည်။

မော်တော်ကားတစ်စီး၌ ဘီးလေးဘီး တပ်ဆင်ထားသည်ဖြစ်စေ၊ ခြောက်ဘီး သို့မဟုတ် ထို့ထက် အရေအတွက်ပိုများအောင် တပ်ဆင်ထားသည်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် အရှိန်သတ်ရန် ဘရိတ်ဖမ်းလိုက်သည့်အခါ ဘီးတစ်ဘီးနှင့်တစ်ဘီး ဘရိတ်အမိ မညီခြင်းကြောင့်လည်း ကားကို ဒယဉ့်တိုက်ပါသွားစေနိုင်သည်။

ကားလမ်းမပေါ်၌ ဆီနှင့်အဆီများ ရှိနေခြင်း၊ ပလတ်စတစ်ပြားနှင့် ကော်ပြားများရှိနေခြင်း၊ နေအပူရှိန်ကြောင့် ကတ္တရာများ အရည်ပျော်နေခြင်း၊ အအေးလွန်ကဲမှုကြောင့် ကားလမ်းမပေါ်၌ ဆီးနှင်းများဖုံးနေခြင်း၊ မိုးရွာသွန်းမှုကြောင့် ကတ္တရာသားအတွင်း စိမ့်ဝင်ရောက်ရှိနေသော စက်ဆီချောဆီစသည့် ချွဲပျစ်သောအရည်များ ကတ္တရာမျက်နှာပြင်ပေါ်သို့ တက်ရောက်လာခြင်း၊ တာယာပန်းသားများ မရှိခြင်း၊ ပွန်းစားမှုကြောင့် တာယာပန်းသားများ မျက်နှာပြင် မညီညာခြင်း စသော အကြောင်းများကြောင့် လမ်းချော်မှု ဖြစ်ပေါ်သည့်အခါ၌လည်း ဒယဉ့်တိုက်ပါသွားနိုင်ခြေရှိနေသည်။ ။

Sports ကား မော်ဒယ်သစ်တစ်မျိုးအတွက် လေခွင်းအားကောင်းအောင် တွက်ချက်ပုံစံထုတ်ရသော လုပ်ငန်းစဉ်သည် သမားရိုးကျ ဇိမ်ခံလူစီးကားများကို လေခွင်းအားကောင်းအောင် တွက်ချက်ပုံစံထုတ်ရသော လုပ်ငန်းစဉ်ထက် ပိုမိုလေးနက်ကာ အချိန်လည်းပိုကုန်၊ ကျွမ်းကျင်ပညာရှင် အင်အားကိုလည်း ပို၍လိုအပ်ပြီး ငွေကုန်ကြေးကျအားဖြင့်လည်း ပို၍များပြားနေရခြင်းဖြစ်သည်။ ထိုကဲ့သို့သော လုပ်ငန်းသဘာဝကြောင့်ပင် Sports ကားများသည် ထုတ်လုပ်မှုစရိတ်ကြီးမြင့်ပြီး ရောင်းချသောဈေးနှုန်းကလည်း မြင့်မားကာ ဝယ်ယူသုံးစွဲသူတို့အနေဖြင့်လည်း သမားရိုးကျဇိမ်ခံကားများထက် ငွေကြေးပိုမိုပေးရခြင်း ဖြစ်သည်

လျှပ်စစ်ဓာတ်အား လိုင်းဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်

ပြင်ဦးလွင် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး ပြင်ဦးလွင် ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းတာဝန်ခံဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု ရက်တိုသင်တန်း (၁/ ၂၀၁၇) ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီခွဲက ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ) သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းမှပို့ချသင်ကြားပေးမည့် ဘာသာရပ်များကို အကျိုးရှိရှိ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ဂရုတစိုက်လေ့လာမှတ်သား သင်ယူကြရန် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက စီမံလုပ်ငန်းဘာသာရပ်၊ ဘဏ္ဍာရေးလုပ်ငန်း ဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

မင်းခေတ်

မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ကျောင်းသားများ စိုက်ပျိုးရေးသုတေသနဌာနသို့ လေ့လာ

နေပြည်တော် ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ကြီးကြပ်ဆရာ၊ ဆရာမများလိုက်ပါ၍ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀၉ ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီခွဲက လေ့လာရေးလာရောက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနက အဆိုပါလေ့လာရေးအဖွဲ့ဝင်များကိုကြိုဆိုခဲ့ကြပြီး မျိုးစေ့ဘဏ်ညွှေ့ခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်း၊ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ သုတေသနရလဒ်များ၊ နိုင်ငံအဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများ အစရှိသည့် အကြောင်းအရာများပါဝင်သည့် မှတ်တမ်းတင်ဗီဒီယိုကိုပြသခဲ့သည်။ ထို့နောက် မျိုးစေ့ဘဏ်ဌာနစုမှ တာဝန်ရှိသူတစ်ဦးက မျိုးစေ့ဘဏ်ကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဒေသအလိုက် သီးနှံမျိုးပွားများ၏ ဗီဇမျိုးများ မပျောက်ပျက်အောင်နှင့် ထိန်းသိမ်းထားရှိသောမျိုးများနှင့် ယင်းတို့၏ဗီဇမျိုးများကို သီးနှံမျိုးမွေးမြူရာတွင် ပြန်လည်အသုံးပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် အကျိုးရှိအောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုကိုရှုပ (နေပြည်တော်)

ခြင်အန္တရာယ်ကာကွယ်ရေးအတွက် ခြင်ဆေးများလိုက်လံဖျန်းပေး

ကန့်ဘလူ ဩဂုတ် ၂

ကန့်ဘလူမြို့၌ ခြင်ကြောင့် ဖြစ်ပွားနိုင်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ခြင်နှိမ်နင်းရေးဆောင်ရွက်မှုအနေဖြင့် ကန့်ဘလူမြို့ မြို့မိမြို့ဖအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာတို့ပူးပေါင်းကာ ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ရပ်ကွက်များတွင် ခြင်ဆေးလိုက်လံဖျန်းပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့ပေါ် အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရပ်ကွက်များသို့ တစ်ရပ်ကွက်လျှင် တစ်ရက်လိုက်လံဖျန်းပေးခဲ့ကာရပ်ကွက်အတွင်းရှိ လမ်းမများနှင့် စာသင်ကျောင်းပတ်ဝန်းကျင်တို့တွင် ခြင်ဆေးများဖျန်းပေးခဲ့ခြင်းဖြစ်သည်။ ခြင်ဆေးဖျန်းရာတွင် လိုအပ်သောခြင်ဆေး(ပိုးသတ်ဆေး)ဖိုးနှင့်စက်သုံးဆီဖိုး ကုန်ကျငွေကို မြို့မိမြို့ဖအဖွဲ့က လှူဒါန်းပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိုးလွင်ကြီးကြပ်သည့် ဝန်ထမ်းများက ခြင်ဆေးဖျန်းကိရိယာကိုလိုက်ထရပ်ကားပေါ်တင်၍ ခြင်ဆေးများဖျန်းပေးခဲ့ကြခြင်းဖြစ်သည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မြေယာဥပဒေ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းဆွေးနွေး

ဂန့်ဂေါ ဩဂုတ် ၂

ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာ၌ တောင်သူ ၂၅ ဦးတို့က မြေယာ ၆၂ ဒသမ ၅ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် အဆိုပါတောင်သူများ ဟံသာဝတီကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၉ ရက်က တွေ့ဆုံကာ မြေယာဥပဒေစည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များက အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူများနှင့်တွေ့ဆုံ၍ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် စည်းမျဉ်း၊ စည်းကမ်းများကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြင်သာကျေးရွာဒေသတွင် နိုင်တံခွန်ကုမ္ပဏီနှင့် ရွှေဘူမိကုမ္ပဏီတို့က ကျောက်မီးသွေး စမ်းသပ်တိုင်းတာခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်း

အဆိုပါ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျေးရွာမှရပ်မိရပ်ဖများနှင့် မြင်သာကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေယာအမှုများကို ၆၈ ရာခိုင်နှုန်းအထိ ဖြေရှင်းထား

မုံရွာ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး အထူးမြေစစ်အဖွဲ့အနေဖြင့် ၆၈ ရာခိုင်နှုန်းအထိဖြေရှင်းထားသော်လည်း အမှုပေါင်း ၄၁၅ မှု စိစစ်ဖြေရှင်းရန်ကျန်ရှိသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်နှင့် အထူးမြေစစ်အဖွဲ့ခေါင်းဆောင် ဦးသန်းအေးထံမှ သိရသည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်ကစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့်လက်ရှိတွင် စိစစ်ဖြေရှင်းရန်အမှုတွဲ ၁၂၉၁ တွဲရှိခဲ့ပြီး အဆိုပါအမှုများထဲမှ အသုံးပြုရန်လိုအပ်ချက်အရ စွန့်လွှတ်သည့်မြေကိစ္စ ၂၃၂ မှု၊ လျော်ကြေးပေးညှိနှိုင်းပြီး ဆက်လက်အသုံးပြုမှု ၅၆မှု၊ အသုံးပြုရန်ထက်ပိုမိုခြင်းကြောင့်စွန့်လွှတ်သည့်မြေကိစ္စ ၁၁ မှု၊ အသုံးမပြုဘဲစွန့်လွှတ်သည့်မြေကိစ္စ ၂၂ မှု၊ အကြောင်းအရာတူတိုင်ကြားမှု ၂၉၉ မှု၊ ပုဂ္ဂလိကအချင်းချင်း တရားစီရင်ရေးလုပ်ငန်းအရဖြေရှင်းရန်မြေကိစ္စ ၂၃၂ မှု၊ မှားယွင်းတိုင်သည့်အမှု ၂၄ မှုတို့ရှိကြောင်း သိရသည်။

အထူးမြေစစ်အဖွဲ့အနေဖြင့် မြေယာအမှုများကိုစစ်သည့်အခါ အဖွဲ့အနေဖြင့် ဆုံးဖြတ်ချက်ချ၍မရသည့်အခက်အခဲမှာ အဓိကဖြစ်နေကြောင်း အထူးမြေစစ်အဖွဲ့ခေါင်းဆောင်က ပြောသည်။ “အထူးမြေစစ်အဖွဲ့အနေနဲ့တပ်မတော်ကသိမ်းဆည်းခဲ့တဲ့ မြေယာတွေကို အဓိကထား စစ်ဆေးနေပါတယ်။ တပ်မတော်က သိမ်းဆည်းခဲ့တဲ့ မြေယာတွေကို တောင်သူတွေဆီ စွန့်လွှတ်တာရှိသလို ပြန်မစွန့်လွှတ်သေးတဲ့မြေယာတွေလည်း ကျန်နေပါသေးတယ်။ အဓိကအခက်အခဲကတော့ မြေယာစစ်ဆေးရာမှာ အဖွဲ့အနေနဲ့ တပ်မတော်ကသိမ်းထားတဲ့ မြေယာအမှုရယ်၊ အစိုးရကသိမ်းထားတဲ့ မြေယာအမှုတွေရယ် စစ်တဲ့အခါဆုံးဖြတ်ချက်ချလို့မရပါဘူး”ဟု ၎င်းက ဆိုသည်။

လက်ရှိအချိန်အထိအဖွဲ့အနေဖြင့် မြေယာအမှုများ၏ ၆၈ ရာခိုင်နှုန်းအထိ ဖြေရှင်းဆောင်ရွက်ထားသော်လည်း အမှုပေါင်း ၄၁၅ မှုကို စိစစ်ဖြေရှင်းရန် ကျန်ရှိသေးကြောင်း၊ အထူးမြေစစ်အဖွဲ့အနေဖြင့် ယခင်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မြေနေရာနှင့် ယင်းမာပင်မြို့နယ်အမှတ်(၂၈)လုံခြုံရေးတပ်ဖွဲ့မှ သိမ်းထားသောမြေနေရာများ အပါအဝင် မြေယာပြဿနာခြောက်မှုကိုဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သတင်းတိုများ

ကူးတို့လှေများတွင် အသက်ကယ်အင်္ကျီထားရှိဝတ်ဆင်မှုကို ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျောက်ဖြူမော်ကျေးရွာနှင့် ခမောင်းတုန်းကျေးရွာကြား ပြေးဆွဲသည့် ကူးတို့လှေဆိပ်တွင် ပြေးဆွဲနေသော လှေများ၌ အသက်ကယ်အင်္ကျီများ ထားရှိမှုနှင့် ခရီးသွားပြည်သူများ ရေယာဉ်စီးရာတွင် အသက်ကယ်အင်္ကျီဝတ်ဆင်မှု အခြေအနေကို သံတွဲမြို့နယ် စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း ဦးဆောင်သည့် ကော်မတီဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် တာဝန်ရှိသူများ ဇူလိုင် ၃၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ကူးတို့လှေစီးနင်းသည့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အသက်အန္တရာယ်ကင်းဝေးစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ အသက်ကယ်အင်္ကျီများ ထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဟားခါးမြို့ သီးမစ်ချောင်း၌ လူတစ်ဦး ရေနစ်သေဆုံး

ချင်းပြည်နယ် ဟားခါးမြို့ရှိ သီးမစ်ချောင်းအတွင်း၌ ဇူလိုင် ၃၀ ရက် ည ၆နာရီခွဲခန့်က လူတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဟားခါးမြို့ မြို့သစ်ရပ်ကွက်နေ ဦးဇတလိန်းထန်(၂၈ နှစ်)သည် သီးမစ်ချောင်းသို့ ငါးဖမ်းသွားရန် သူငယ်ချင်းများနှင့်အတူ ချောင်းဖြတ်ကူးနေစဉ် ရေစီးနှင့်အတူ မျောပါသွားကြောင်း သိရ၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်း၍ လိုက်လံရှာဖွေကြသော်လည်း ဇူလိုင် ၃၁ ရက် နံနက်တွင်မှ အလောင်းအား ဆယ်ယူနိုင်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဟားခါးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ်းပြို၍ ရွှေ့ပြောင်းရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

ကလေး ဩဂုတ် ၂

ကလေးမြို့နယ် တောင်ဦးကျေးရွာ၌ ဇူလိုင် ၂၁ ရက်က မြစ်သာမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ကို ကြိုတင်ဖျက်သိမ်း၍ ရွှေ့ပြောင်းခဲ့ရသော အိမ်နှစ်အိမ်မှအိမ်ထောင်စုနှစ်စုအတွက် ဇူလိုင် ၂၄ ရက်က ထောက်ပံ့ပေးခဲ့ပြီးနောက် ဇူလိုင် ၂၆ ရက်တွင်လည်း နေအိမ်ဖျက်၍ထပ်မံပြောင်းရွှေ့ရသော အိမ်တစ်အိမ်ကို ကလေးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် လူအသုံးအဆောင်ပစ္စည်းများ ဇူလိုင် ၃၁ ရက်က ထောက်ပံ့ခဲ့သည်။

အဆိုပါ အိမ်ထောင်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်တစ်သိန်းနှင့် အိမ်ထောင်စုဝင် လူရှစ်ဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေ ၁၈၆၀၀ ကျပ်နှင့် အိမ်သုံးနှင့်လူသုံးပစ္စည်း ၁၀ မျိုးတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းတို့က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား(ပြန်/ဆက်)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ၂၈ နှစ်တာခရီး အပိုင်း(၁)

မြင့်စိုး (နတလ)

၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှာ Good Bye နတလ လုပ်ရတော့မည်။ သက်ပြည့်ပင်စင်ကာလ ရောက်ပြီဖြစ်၍ သံယောဇဉ် တော်တော်များများကို လွှတ်ချရင်း ကျွန်တော် ချစ်သော နတလဦးစီးဌာနနှင့် လုပ်ဖော်ကိုင်ဘက် ဝန်ထမ်း များအား နှုတ်ဆက်ခွဲခွာရပါတော့မည်။ လွှတ်ချခဲ့ရမည့် သံယောဇဉ်များထဲတွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားကလေးငယ်များ၏ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ၊ ယနေ့အထိ နတလနှင့် ခိုင်ခိုင်မြဲမြဲ လက်တွဲထားကြသော တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများ ဌာနေပြည်သူ့စစ်အဖွဲ့များနှင့် သက်ဆိုင်သောလုပ်ငန်းတွေ ပါဝင်နေပါလိမ့်မည်။

သို့တစေ အငြိမ်းစားဝန်ထမ်းအဖြစ် လျှောက်လှမ်းတော့ မည့် ကျွန်တော့ဘဝခရီးလမ်းမှာ လွှတ်ချ၍မရနိုင်သော အရာ တစ်ခုရှိနေပြီဆိုတာကလည်း အလွန်သေချာပါသည်။ မြင့်စိုး (နတလ)နှစ်ပေါင်းများစွာ ခုံခုံမင်မင် သုံးစွဲလာခဲ့သည့် ကျွန်တော့် ကလောင်အမည် မြင့်စိုး(နတလ)၊ သည်အရာ တစ်ခုကိုတော့ဖြင့် Good Bye မလုပ်နိုင်မှန်း ကိုယ့်ကိုယ် ကိုယ်သိနေပါသည်။

ရန်ကုန်မှာနေစဉ်က ဒုညွှန်မှူးဘဝဖြင့် စီးခွင့်ရခဲ့သော မာဇဒါဂျစ်၌ နတလရုံးတံဆိပ်ကို ကားရှေ့မှန်မှာတစ်ခု၊ ကား တံခါးပေါက်မှာ ဘယ်တစ်ခု ညာတစ်ခု၊ စုစုပေါင်း သုံးခုကြီးများ တောင်ကပ်ပြီး စီးခဲ့သော ကျွန်တော်၊ ထိုတံဆိပ်ကြောင့်ပဲ "ဆရာက နတ်တလင်းကလာတာလား" မကြာခဏအမေး ခံရသောကျွန်တော် မြင်သာ ကညနရုံးမှာ လိုင်စင်ဝင်ဖို့ အတွက် ရုံးရှေ့ကားလမ်းမကြီး၌ ကားကိုခေတ္တရပ်၍ စောင့် ဆိုင်းနေစဉ် စိတ်ကျန်းမာရေး ချို့တဲ့နေသူတစ်ဦးက နတလ ရုံးတံဆိပ်ကို သေချာစိုက်ကြည့်ပြီး "နတလဆိုတာ နင်တတ် လားလို့ မေးနေတာလေ" အကျယ်ကြီး အော်ပြောသွားခဲ့ဖူး တာကိုလည်း ယနေ့တိုင် မမေ့ခဲ့။

နတလအား နတ်တလင်း "အဓိပ္ပာယ်ဖွင့်ဆိုခဲ့သူတွေကိုလည်း ရီမောရင်း ကျွန်တော်ခွင့်လွှတ်ခဲ့သည်။ နယ်စပ်ဒေသတွေမှာ ဆောင်ရွက်ပေးနေသော နတလလုပ်ငန်း သဘောသဘာဝ များကို မြို့ကြီးပြကြီးကလူတွေ ထဲထဲဝင်ဝင်မသိသေးသည့် အချိန်ကာလတစ်ခုဖြစ်သည်။ ကျွန်တော်သည်ပင်လျှင် တပ်မတော်သားဘဝဖြင့် ၁၉၈၈ ခုနှစ်(အရေးအခင်းမဖြစ်မီ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ အမှတ်(၃၃)ခြေလျင် တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်နှစ်ခန့် အကြာတွင်မှ နတလနှင့် စတင်ရင်းနှီးကျွမ်းဝင်ခဲ့ခြင်းဖြစ် သည်။

တန့်ယန်းဒေသ၌ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် ၁၉၈၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကိုးကန့်တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များ ဗကပလက်အောက်မှခွဲထွက်ပြီး လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်ကာ တရားဥပဒေဘောင်အတွင်း ဝင် ရောက်လာသည့်သတင်းများ ကြားရသည်။ ကိုးကန့်အဖွဲ့ ဝင်ရောက်လာမှုက တန့်ယန်းဒေသအတွက် သိပ်မထူးခြား သော်လည်း သူ့နောက်မှ 'ဝ'အဖွဲ့၊ SSAအဖွဲ့များ ဝင်ရောက် လာချိန်တွင်မူ တန့်ယန်းဒေသကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွား စေခဲ့သည်။

ကျွန်တော်မကြာခဏရေးခဲ့ဖူးသလို တန့်ယန်းဆိုသော လက်ဝါးသာသာမြို့ကလေး၏ ပတ်ဝန်းကျင်မှာ ဗကပလည်း ရှိခဲ့ဖူးသည်။ SSA လည်းရှိသည်။ MTA ခေါ် လွယ်မော် အတွက်လည်း သူတို့၏ ဇာတိမြေ။ သည်ကြားထဲ ဖြတ်သွား ဖြတ်လာ KIA ကလည်း ရှိသေးသည်မဟုတ်လား။ သည့် အတွက်ကြောင့်လည်း SSA အဖွဲ့ဝင်ရောက်လာချိန်၌ ခေါင်းဆောင် ဦးဆေးထင်၏ဇနီးက ပန်ဆန်းမှာရှိနေသဖြင့် သူအပါအဝင် ပန်ဆန်းမှ ထွက်ခွာလာသူများကို တာကော် အက် ကူးတို့ဆိပ်မှ စောင့်ကြို၍ တန့်ယန်းမြို့ ခလရ (၃၃) ရိပ်သာသို့ ပို့ဆောင်ခဲ့ရဖူးသည်။ သံလွင်အရှေ့ခြမ်း မန်ကန်၊ ပန်ဖိန်း၊ ဝိန်းကောင်၊ ပန်ဆန်းတို့တွင် သွားရောက်တာဝန် ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်း များ သွားရေးလာရေး အဆင်ပြေအောင် ဝိုင်းဝန်းကူညီခဲ့ကြရ သည်။

ခလရ(၃၃)မှနေ၍ စစ်ဦးစီးမှူး(တတိယတန်း)တာဝန်ဖြင့် ရမခ လှုပ်ရှားအမှတ်(၁) စစ်ဗျူဟာ(တန့်ယန်း)သို့ ပြောင်းရ

ချိန်၌မူ ဝိန်းကောင်ဆရာဝန် ဒေါက်တာသန်းအောင်နှင့် သူ့ တပည့် ဆေးစပ်ဆရာ စောဂျင်မီတို့၏ အတွေ့အကြုံများကို စာနာနားလည်ခဲ့ရသည်။ ကျွန်တော့်အဘ စစ်ဗျူဟာမှူး ဗိုလ် မှူးကြီးစောဘိုးသာ(ကွယ်လွန်)ထံ မကြာခဏ လာရောက်၍ ရင်ဖွင့်ပြောပြကြသည်။ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု မရ သေးမီကာလအတွင်း ကြိုးစားကုသပေးနေရင်းက ကွယ် လွန်ခဲ့သည့် လူနာများအတွက် ဆရာတပည့်တွေ ပေါက်ပြား ထမ်းကာ သုသာန်အထိ လိုက်ပါပို့ဆောင် မြေမြှုပ်သင်္ဂြိုဟ် ပေးခဲ့ရသည်ဆို၏။ နောင်တွင် သူတို့ယုံကြည်သွားတော့လည်း ဒေါက်တာသန်းအောင်ကို ဝိန်းကောင်မှ မပြန်စေချင်ကြ တော့ပေ။ သူမှသူဖြစ်နေပြီး အခြားသူများ အစားမပို့ပါနှင့် တော့ ဟူ၏။ သည်ဖြစ်စဉ်လေးကိုကြည့်ပြီး ယုံကြည်မှုတည် ဆောက်သည်ဆိုရာမှာ သံယောဇဉ်ကိုလည်း အရင်းအနှီးပြုရ သည်။ အချိန်ကာလ အတိုင်းအတာတစ်ခုအထိလည်း ပေးဆပ်ရသည်။ ဖြူစင်သည့် စိတ်ရင်းစေတနာဖြင့်လည်း သက်သေပြရသည်ကို ကောင်းစွာသဘောပေါက်ခဲ့ရ၏။

ဤနေရာတွင် စကားစပ်မိ၍ တင်ပြလိုတာတစ်ခုရှိပါသည်။ ဒေါက်တာသန်းအောင်တို့ တာဝန်ထမ်းဆောင်ခဲ့သော ၁၉၉၀ ခုနှစ်လောက်က ဝိန်းကောင်ဆေးရုံဆိုသည်မှာ ရွှံ့သရိုးကိုင်၊ သက်ငယ်မိုး မြေစိုက်တဲရှည်လေးတစ်လုံးကို ဆေးရုံအဖြစ် သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ဒေါက်တာအောင်သိန်းဌေး လက်ထက်အထိ မိုးယို၍ အမိုးဖာရလျှင် ကိုယ်တိုင်တက်၍ ဖာကြရသည်။ ထိုကဲ့သို့ တဲတန်းလျားကို ဆေးရုံအမှတ်ဖြင့် ၄/၅ နှစ် ခန့်နေပြီး ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင်မှ ဝိန်း ကောင်ဆေးရုံကို စတင်အုတ်မြစ်ချခဲ့ကြရသည်။ သစ်မရှိ၊ သဲ မရှိ၊ အုတ်ဖုတ်၍လည်းမရ၊ ရေသွယ်ရန်လည်း ခက်ခဲ သောဒေသ။ အုတ်နှင့်သဲကို ပန်ဆန်းမှ သယ်ရသည်။ သစ်ကို သီပေါ၊ ကျောက်မဲမှ၊ ဘိလပ်မြေကို တန့်ယန်းမှ စသည်ဖြင့် ခက်ခက်ခဲခဲသယ်ယူကြပြီး ဆောက်ခဲ့ကြရခြင်းဖြစ်သလို တာကော်အက်- လွယ်ပန်လုံ-ဝိန်းကောင် ကားလမ်းကလည်း တစ်ကြောင်းထိုး မြေလမ်းမျှသာ။

အလားတူ နယ်မြေဒေသအသီးသီး၌ နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေ အခြေအနေအပေါ်မူတည်ပြီး အလွန်နည်းပါးသော ခွင့်ပြု နှုန်းထားများဖြင့် ဆောင်ရွက်ခဲ့ကြရသည်။ ၁၉၈၉-၁၉၉၀ အစောပိုင်းနှစ်များ၌ မြေလမ်းတစ်မိုင် ကျပ်သုံးသိန်း၊ ကျောက် လမ်း တစ်မိုင် ခြောက်သိန်း၊ ကတ္တရာလမ်း ၁ မိုင် ကိုးသိန်း နှုန်းမျှသာ။ ထိုနည်းတူစွာ မူလတန်းကျောင်းတစ်ကျောင်း၊ ဆေးခန်း တစ်ခန်းလျှင် ကျပ်သိန်း ၃၀ ခန့်ဖြင့် ဆောက်လုပ် ပေးခဲ့ကြသည်။

ကျွန်တော် မှတ်မိသလောက် ထိုအချိန်က ပအိုဝ်းဒေသ တစ်ခုသာလျှင် ပြည်သူလူထုထည့်ဝင်ငွေများ ပါဝင်ပူးပေါင်း လျက် ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများကို သတ်မှတ်အရွယ် အစားထက် ပိုမိုကြီးမားအောင် ဆောက်လုပ်နိုင်ခဲ့ကြသည်။ ကျန်နယ်စပ်ဒေသများအားလုံးတွင် မည်သူကမျှ ပါဝင် လှူဒါန်းနိုင်ခြင်း မရှိခဲ့ကြ။ သည့်အတွက် နိုင်ငံတော်အစိုးရ ကသာလျှင် သားသမီးများကို စောင့်ရှောက်သကဲ့သို့ အားလုံး တာဝန်ယူခဲ့ရသည်။

နတလ ခွင့်ပြုနှုန်းထားများကို တဖြည်းဖြည်းတိုးမြှင့်ပေး သည် ဆိုဦးတော့။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ မြေလမ်း တစ်မိုင် ကိုးသိန်း၊ ကျောက်လမ်း တစ်မိုင် ကျပ်သိန်း ၃၀၊ ကတ္တရာလမ်း တစ်မိုင် ကျပ်သိန်း ၆၀ နှုန်းဖြင့် ဆောင် ရွက်နေရဆဲဖြစ်၏။ အလားတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ အမကကျောင်းဆောင် တစ်ဆောင်အတွက် ကျပ် ၆ ဒသမ ၂ သန်း၊ အလကကျောင်းဆောင်အတွက် ၆ ဒသမ ၆ သန်း၊ အထက ကျောင်းဆောင်အတွက် ကျပ် ၇ သန်းသာ ခွင့်ပြုပေး နိုင်ခဲ့ပါသည်။

ခွင့်ပြုရန်ပုံငွေပမာဏ နည်းပင်နည်းငြားသော်လည်း နယ်စပ်ဒေသများတွင် လမ်းတံတားလုပ်ငန်းများကို အထူး ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ တွင် လမ်းများပေါက်သွားခြင်းဖြင့် တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်သွယ် သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှု တိုးပွား ကာ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ပါသည်။ ယနေ့အချိန်တွင်မူ ခေတ်ကာလနှင့် လျော်ညီစွာ ခွင့်ပြုနှုန်းထားများကို အထိုက်အလျောက် တိုးမြှင့်သတ်မှတ် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ခွင့်ပြုရန်ပုံငွေပမာဏ နည်းပင်နည်းငြားသော်လည်း နယ်စပ်ဒေသများတွင် လမ်းတံတားလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ ဝေးလံခေါင်ဖျား နယ်စပ်ဒေသ များတွင် လမ်းများပေါက်သွားခြင်းဖြင့် တစ်နေရာနှင့်တစ်နေရာ ကူးလူး ဆက် သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုတိုးပွားကာ ပြည်ထောင်စုစိတ်ဓာတ် များ ထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ပါသည်။ ယနေ့အချိန်တွင်မူ ခေတ် ကာလနှင့်လျော်ညီစွာ ခွင့်ပြုနှုန်းထားများကို အထိုက်အလျောက် တိုးမြှင့် သတ်မှတ် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကျွန်တော် နတလကိုရောက်ချိန်မှာ ၁၉၉၅ ခုနှစ်ဖြစ်သည်။ နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းချိန်၌ ရောက်နှင့်သူများကတော့ ကျွန်တော့်ထက် ခြောက်နှစ်ခန့် စောပါသည်။ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ဟိုမိန်းဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့ရသည့် အတွေ့အကြုံများ ရခဲ့သည်။ ၁၉၉၃-၁၉၉၄ ခုနှစ်များ၌ ကိုးကန့်ဒေသ လောက်ကိုင်၊ 'ဝ' ဒေသ နမ့်တစ်၊ မိုင်းမော၊ ပန်ဆန်း၊ ဝိန်းကောင်ဒေသများသို့ အမျိုးသမီးဝန်ထမ်းများ ကိုယ်တိုင်ဆန္ဒပြုလျက် သုံးလတန် သည်၊ လေးလတန်သည် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ ကြဖူးသည်။ သူတို့အကြောင်းကို 'ပန်းဝတ်မှုန် ထုံကာသင်းလို့ ရယ်နှင့် အခြားဆောင်းပါးများ' စာအုပ် (စာပေဗိမာန်စာမူ ဆုရ)တွင် ကျွန်တော် ရေးသားဂုဏ်ပြုခဲ့ဖူးပါသည်။

တစ်ဖန် နတလသို့ ကျွန်တော်ရောက်ရှိသည့်ကာလ ၁၉၉၅ ခုနှစ်တွင် ဦးခွန်ဆာ၏ MTA အဖွဲ့နှင့် ဦးစောထွန်းဦး၏ ဗကပ (ရခိုင်ပြည်နယ်)အဖွဲ့တို့ကလွဲ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၅ ဖွဲ့သည် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီဖြစ်သည်။ အဖွဲ့ငယ်၊ အဖွဲ့ခွဲများလည်း ၂၀ ကျော် ဝင်ရောက်ခဲ့ကြပြီးဖြစ် ကြောင်း တွေ့ရသည်။ သူတို့အခြေပြုနေထိုင်ရာ ဒေသ အသီးသီးတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း အရှိန်အဟုန်ရနေပြီဖြစ်ကြောင်း တွေ့ရသည်။ တိုက်တိုက်ဆိုင် ဆိုင်လို့ပဲ ပြောရမလား။ MTA အဖွဲ့ အကြွင်းမဲ့လက်နက်စွန့်ခဲ့ သည့် ၁၉၉၆ ခုနှစ် ဇန်နဝါရီလ၌ ကျွန်တော်သည် ဟိုမိန်းဒေသ သို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်။)

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှုကို ကွင်းဆင်းကြည့်ရှု

ပန်းတောင်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ညောင် ကုန်းကျေးရွာရှိ တောင်သူဦးမောင်သောင်း၏ စံပြလယ်မြေ ၁၀ ဧက၌ မျိုးစေ့ချ စက် ကိရိယာ(Drum Seeder)ဖြင့် စပါးစိုက်ပျိုးထားမှုများကို စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများ ဇူလိုင်နောက်ဆုံးပတ်အတွင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေး ကိုကိုနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်၊ ဒုတိယဦးစီးမှူး ဦးမြင့် လွင်နှင့် ပြည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိန်လှမြင့်တို့အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ပန်းတောင်းမြို့နယ်ဦးစီးမှူး ဦးအောင်စိန်နှင့် ဝန်ထမ်းများက စံပြလယ်မြေတွင် စိုက်ပျိုးထားမှုများကို လိုက်လံပြသရှင်းလင်းခဲ့သည်။ **မြင့်နိုင်(ပြည်)**

နန့်တီဆင်းတံတား မကြာမီ ဖြတ်သန်းနိုင်တော့မည်

မြို့သစ် ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မင်းသာကျေးရွာရှိ နန့်တီဆင်းချောင်းပေါ်တွင် တည်ဆောက်ထားသော နန့်တီဆင်းတံတားသည် လွန်ခဲ့သောနှစ်က ချောင်းရေ တိုက်စားမှုကြောင့် ပျက်စီးသွားသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ပြန်လည်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖြတ်သန်းသွားလာနိုင်တော့ မည်ဖြစ်ကြောင်း သိရသည်။ နန့်တီဆင်းတံတားသစ်သည် အရှည်ပေ ၁၆၀၊ အကျယ် ၁၂ ပေခွဲရှိပြီး သံကူကွန်ကရစ်အုတ်မြစ် ဘေလီသစ်သားတံတားဖြစ်ကြောင်း၊ တည် ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ ဩဂုတ် ၅ ရက်မှစတင်ကာ ဒေသခံပြည်သူ များအား ဖြတ်သန်းသွားလာခွင့်ပြုသွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှတာဝန်ရှိသူ တစ်ဦးက ပြောသည်။ အဆိုပါတံတားသည် ကဘော်ချိုင့်ဝှမ်းဒေသ အထက်ပိုင်း ကျေးရွာများနှင့် ဟုမ္မလင်းမြို့နယ်ကြား ဆက်သွယ်သွားလာရာတွင် အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။ **ထွန်းမင်းအောင်(ပြန်/ဆက်)**

မိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် စပါးဖျက်ခရုကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြ

ဘားအံ ဩဂုတ် ၂

ဘားအံမြို့နယ်အတွင်းမှ တောင်သူများအား မိုးစပါး(FS to RS)မျိုးစေ့ထုတ်လုပ်ခြင်း၊ SRI စနစ်စိုက်ခင်းစိုက်ပျိုးခြင်းနှင့် စပါးဖျက်ခရုကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲအောက်ရှိ ဘားအံဗဟိုမျိုးသန့်ခြံ၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက ၄၃၄၉၀၀ လျာထားသည့်အနက် ၂၁၄၈၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စပါးစိုက်ခင်းများသို့ ခရုများဝင်ရောက်ဖျက်ဆီးမှုများ ဖြစ်လျက်ရှိရာ မြို့နယ်အတွင်း၌ စိုက်ခင်းများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တောင်သူများအနေဖြင့် ကာကွယ်နှိမ်နင်းမှုများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်း ရွှေခရုဟုခေါ်သော စပါးဖျက်ခရုများ ကျရောက်နေသဖြင့် ကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းခြင်းနည်းလမ်းများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးဇော်လင်းက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

နှစ်လမှ သုံးလအရွယ် ရွှေခရု အမတစ်ကောင်သည် ဥ ၈၀၀ မှ ၁၀၀၀ အထိ ဥချနိုင်ပြီး ထိုဥများသည် နှစ်ပတ်မှ သုံးပတ်အတွင်း အကောင်ပေါက်၍ ဥမြုံတစ်မြုံ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အကောင်အဖြစ် ရှင်သန်နိုင်ကြောင်း၊ အကောင်ပေါက်ပွားနှုန်း အလွန်အားကောင်းပြီး နှစ်ရက်သားအရွယ်မှာပင် စပါးပင်များကို စတင်ဖျက်ဆီးနိုင်၍ ယခုလို ဥချိန်၌ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းမှာ အကောင်ဖြစ်ပြီးမှ နှိမ်နင်းခြင်းထက် ပိုမိုထိရောက်ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုခြံအတွင်း စံပြစိုက်ပျိုးထားသော SRI ဆင်းသုခစိုက်ခင်း နှစ်ဧက၏ ပင်ပွားထွက်ရှိနေမှု၊ ရေသွင်းရေထုတ်စနစ် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ GAP စိုက်ပျိုးနည်းစနစ်၊ အစေ့ချ(Seeder) စိုက်ပျိုးနည်းစနစ်၊ တောင်သူကြဲခင်းစနစ်များဖြင့် နည်းစနစ်ယှဉ်ပြိုင် စမ်းသပ်ကွက်များကိုလည်းကောင်း တောင်သူလယ်သမားများက ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များမေးမြန်းကြရာ စိုက်ကွင်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

နေမျိုးလွင်(ဘားအံ)

ပုဂံလောကနန္ဒာစေတီတော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပလျက်ရှိ

ညောင်ဦး ဩဂုတ် ၂

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော လောကနန္ဒာစေတီတော်မြတ် ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ဝါခေါင်လ၌ ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ ပွဲဈေးတန်းများခင်းကျင်း၍ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပွဲတော်သို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပြည်သူများလာရောက်ကာ သံဃာတော်များအား သပိတ်လုံးများကပ်လှူနိုင်ရန် ဝါခေါင်လဆန်း ၈ ရက်မှစ၍ သပိတ်လုံးနှင့် ငွေပဒေသာပင်များကို ဘုရားကြီးတွင် ဦးတိုက်လာရောက် ဆပ်ကပ်လှူဒါန်းကြရာ သပိတ်လုံးအရေအတွက် ၃၀၀၀ ကျော်ခန့် အလှူခံရရှိခဲ့ပြီး ကြွရောက်လာကြသည့် သံဃာတော် ၂၅၂ ပါးအား ဘုရားကြီးဂေါပကအဖွဲ့က ဦးဆောင်၍ စာရေးတံမဲစနစ်ဖြင့် ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနှစ်သပိတ်လုံးလှူဒါန်းတဲ့သူ ပိုများလာလို့ အလှူခံရရှိတဲ့အရေအတွက် များတယ်။ ခန့်မှန်းတော့ ၃၀၀၀ ကျော်လောက်ရှိမယ်၊ အလှူခံသံဃာတစ်ပါးကို သပိတ်လုံး ခုနှစ်လုံးနဲ့ ဝတ္ထုအနေနဲ့တော့ ကျပ်နှစ်သောင်းခန့်လောက် လှူဒါန်းမယ်လို့ ရည်မှန်းထားပါတယ်"ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘုရားပွဲတော် စည်ကားသိုက်မြိုက်ရေးအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် ဂျပန်ဂိုးကျည်းပြိုင်ပွဲ၊ ဘောလီဘောပြိုင်ပွဲ၊ ဆွမ်းတော်ကြီးပွဲ၊ အရုပ်သွန်းလှည့်လည်ပွဲ၊ ညအချိန်တွင် ဗလာဇာတ်သဘင်ပွဲများ ကပြဖျော်ဖြေမှုများလည်း ပါဝင်ကြောင်း၊ ထို့ပြင် ဝါခေါင်လဆန်း ၇ ရက်နှင့် ၈ ရက်တွင် လှေအလှလှော်ခတ်ပွဲကိုလည်း ကျင်းပရာ ရွာဟောင်းကြီး၊ ကျွန်းသီရိ၊ ဇီးကုန်း၊ သဖန်းပင်၊ ကြက်လျှာ၊ ဆွဲကြီး အစရှိသည့်ကျေးရွာများမှ ပြည်သူများ လာရောက်၍ လှေအလှလှော်ခတ်ကြသလို ကြည့်ရှုသူလည်း အများအပြားဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ကျောင်းသူ ၄၀၀၀ အား အမျိုးသမီးကျန်းမာရေးပညာပေးမှုများ ဆောင်ရွက်မည်

ကျုံပျော် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၂၀ မှ ကျောင်းသူ ၄၀၀၀ နှင့် မိဘ ၂၀၀၀ တို့အား အမျိုးသမီး တစ်ကိုယ်ရေကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီး တစ်ကိုယ်ရေကျန်းမာရေးလုပ်ငန်း အစီအစဉ်ကို ကျောင်းကျန်းမာရေးဌာနခွဲနှင့် JICA, Unicharm, JOICFP တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျုံပျော်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၀ မှ ကျောင်းသူ ၄၀၀၀ နှင့် မိဘများ ပါဝင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံ၌ အမျိုးသမီးငယ်များ၏ ကျန်းမာရေးကိစ္စများကို ဆွေးနွေးရာတွင် ရှက်ကြောက်မှုများများစွာရှိနေကြောင်း၊ ကျန်းမာရေးအသိအားနည်းသည့်အတွက် မဖြစ်သင့်သည့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ကြရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အပျိုဖော်ဝင်စ အမျိုးသမီးငယ်များ၏ တစ်ကိုယ်ရေကျန်းမာရေး အသိပညာပေးမှုများ လာရောက်ဆောင်ရွက်ပေးခြင်းအတွက် ဝမ်းမြောက် ကျေးဇူးတင်ကြောင်း မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ဌေးရီက ပြောကြားသည်။

အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် Program for Improving Female Personal Hygiene"ပညာပေးလုပ်ငန်း ဆောင်ရွက်ရန် အသိပေးဆွေးနွေးပွဲကို အထက(၁) ကျုံပျော် အောင်ဆန်းခန်းမ၌ ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

အင်းလေးဒေသထွက်ခရမ်းချဉ်သီး အထွက်နှုန်းကောင်းပြီး ဈေးကွက်ပိုမိုရရှိစေမည့် GAP စိုက်ပျိုးနည်း

နေမျိုးသူရိန်

အင်းလေးဒေသရှိ ခရမ်းချဉ်သီးစိုက်တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းကောင်းရန်နှင့် ဈေးကွက်ပိုမိုရရှိစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(GAPS) များ ကျင့်သုံးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကမ္ဘာ့ဘဏ်အုပ်စုတို့ ပူးပေါင်း၍ ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် ဟုပင်ဟိုတယ်၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) မှ ဒေါ်ခင်သီတာမော်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ CTI Engineering ကုမ္ပဏီလီမိတက်မှ ဒေါက်တာနှင်းဝတ်ရည်၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) မှ ဒေါက်တာအောင်ကျော်ဖြိုးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျွန်းမျောခရမ်းချဉ် စိုက်ပျိုးခြင်းလုပ်ငန်းဖြင့် ဘဝရပ်တည်နေထိုင်လျက်ရှိသောဒေသဖြစ်သည့် အင်းလေးဒေသအတွင်း ဓာတုပိုးသတ်ဆေးများ မဆင်မခြင်အလွန်အကျွံ သုံးစွဲမှုများ ပြားလာပါက စိုက်ပျိုးထွက်ကုန် ခရမ်းချဉ်သီးများ၏ အရည်အသွေး ကျဆင်းပျက်စီးခြင်း၊ စားသုံးသူများ အန္တရာယ်ဖြစ်စေမည့် ညစ်ညမ်းမှုများ ကူးစက်ခြင်းတို့သည် စိုက်ပျိုးသည်မှ စားသုံးသူထံ ရောင်းချချိန်အထိ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အစားအစာထုတ်လုပ်မှု လုပ်ငန်းစဉ်များ စီမံခန့်ခွဲမှု မမှန်ကန်ခြင်းကြောင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော ကျွန်းမျောခရမ်းချဉ်စိုက်ပျိုးနည်းစနစ် ထူထောင်ခြင်းဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ရေရှည်တွင် အန္တရာယ်ကင်းရှင်းသော အစားအစာများကို ဝလင်စွာ စားသုံးလာရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများ ပြုလုပ်ရာတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းဆိုင်ရာ ကဏ္ဍများဖြစ်သည့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏ အရည်အသွေးကဏ္ဍနှင့် လုပ်သားများကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍများဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပွဲမှ သိရသည်။

အင်းလေးဒေသအတွင်း ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကျေးရွာပေါင်း ၁၃၆ ရွာတွင် ကျွန်းမျောခရမ်းချဉ်စိုက်တောင်သူ ၆၅၆ ဦးက ဧက ၆၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကာ မိုးခရမ်းချဉ်သီးကို ကျွန်းမျောဧက ၄၇၅၀ နှင့် ဆောင်းခရမ်းချဉ်သီးကို ဧက ၁၂၅၀ စိုက်ပျိုးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခရမ်းချဉ်စိုက်ဧကပေါင်း ၁၅၆၁၈ ဧက ရှိသည့်အတွက် ၃၈ ရာခိုင်နှုန်းမှာ အင်းလေးဒေသ၌ စိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အင်းလေးဒေသတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် UNA ကုမ္ပဏီတို့ပူးပေါင်းပြီး အင်းလေးဒေသဖွံ့ဖြိုးရေးအတွက် GAP ခရမ်းချဉ် စံပြစိုက်ခင်းများကို ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာငါးရွာမှ တောင်သူ ၅၄ ဦးက ဧက ၅၀ စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီး GAP အသိ အမှတ်ပြုလက်မှတ်ကို အဆိုပါတောင်သူ ၅၄ ဦးထံသို့ ပေးအပ် နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသည် ဓာတုပစ္စည်းသုံး စိုက်ပျိုးခြင်းထက် တင်း ၁၄၀ နှုန်း လျော့နည်းထွက်ရှိသော်လည်း GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ခရမ်းချဉ်သီးကို ပုံမှန်ပေါက်ဈေးထက် တစ်တင်းလျှင် နှစ်ထောင်ကျပ်နှုန်း ပိုပေးသဖြင့် အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ နှိုင်းယှဉ်ရာတွင် GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းက တစ်ဧကကုန်ကျစရိတ် ၃၇ သိန်းနီးပါးရှိပြီး ဓာတုပစ္စည်းအသုံးပြု စိုက်ပျိုးခြင်းမှာ တစ်ဧကကုန်ကျစရိတ် ၄၅ သိန်းကျော်ရှိသဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းမှာ အကျိုးအမြတ်ပိုမိုရရှိကြောင်း ဒေသခံ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွန်းမျောခရမ်းချဉ် GAP စိုက်ခင်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး၊ ဒေသခံတောင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

CLAIMS DAY NOTICE
M.V VIKING CHANCE VOY: NO(7)

Consignees of cargo carried by **M.V VIKING CHANCE** VOY: NO(7) are here by notified that the vessel will arrive on about 4-8-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3836 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဂရန်မူရင်းပယ်ဖျက်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၃၃) တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၄၁၃၊ ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၆၆၅၇၁ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၆၆၅၇၁ မှ မြေငှားစာချုပ်ဂရန်မူရင်းကို အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲဒါန်း၊ ဘဏ်သို့အာမခံပစ္စည်းအဖြစ် တင်သွင်းထားခြင်း ကင်းရှင်းကြောင်းနှင့် ၎င်းမြေငှားဂရန် အမှန်တကယ်ပျောက်ဆုံးသွားခြင်းမှန်ကန်ကြောင်း၊ (၁၁-၁-၂၀၁၇) ရက် ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ဝန်ခံချက်တို့တင်ပြ၍ မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာခြင်းအတွက် (၃၁-၃-၂၀၁၇)ရက် မြို့တော်သတင်းစာနှင့် ကြေးမုံသတင်းစာ၊(၁-၄-၂၀၁၇)ရက် မြန်မာ့အလင်းသတင်းစာတို့တွင် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ငြာထည့်သွင်းခဲ့သော်လည်း ကန့်ကွက်ချက်မရှိသဖြင့် အမှုတွဲအမှတ် ၉၉/၉၅ အရ (၂၇-၄-၁၉၉၅) ရက်မှစ၍ ထုတ်ပေးခဲ့သော နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၆၇/ရတနာ့အိမ်ယာ၊မြေကွက်အမှတ်-၁၀၆၊မြေကွက်တည်နေရာအမှတ်-၁၀၆၊ရတနာ့အိမ်ရာ၁၆၇-ရပ်ကွက်၊သာကေတမြို့နယ်၊ဦးကျော်ဆန်း(MGN-၁၀၄၄၂၄)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကျော်ဆန်း(MGN-၁၀၄၄၂၄)(၁၂/အလန(နိုင်)၀၂၂၁၄၇)မှဂရန်မူရင်းတင်ပြ၍အပိုင်ပေးစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာမြေစာရင်းမှတ်ချက်ရှိ ၁၉၉၉ ခုနှစ်တွင်ဦးကျော်ဆန်းမှမြေပုံမြေရာဇဝင်ကူးယူခဲ့ခြင်းနှင့်ပတ်သက်၍မမှတ်မိကြောင်း၊အဆိုပါမြေပုံမှာ၎င်း၏လက်ဝယ်တွင်မရှိကြောင်း၊ ၁၉၉၉ ခုနှစ်တွင်မြေပုံမြေရာဇဝင်အားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်လွှဲဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်း၊ဘဏ်ချေးငွေရယူထားခြင်းမရှိကြောင်းပြဿနာပေါ်ပေါက်လာပါကတာဝန်ယူကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏(၂၁-၆-၂၀၁၇)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်(၆-၁၃၈၈/၂၀၁၇)တင်ပြလာသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇အီး)၊မြေကွက်အမှတ်(V၂၁၁)၊မြေကွက်တည်နေရာအမှတ်(၆၀)၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊(၁၀)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊(၁)ဦးထွေး(စီအိုင်-၀၄၉၇၈၄)၊(၂)ဒေါ်ငွေလှ(အိုင်အက်စ်အင်န်-၃၁၃၅၃၇)၊(၃)ဦးမြင့်ဦး(အီး/အာရ်ဂျီအင်န်-၀၁၉၅၅၆)၊(၄)ဦးမြင့်ထွေး(အီး/အာရ်ဂျီအင်န်-၀၂၁၂၇၈)၊(၅)ဦးမြင့်ငွေး(အီး/အာရ်ဂျီအင်န်-၀၂၃၀၆၉)၊(၆)ဦးမြင့်ထူး(အီး/အာရ်ဂျီအင်န်-၀၂၀၂၄၈)အမည်ပေါက်၊နှစ်(၉၀)ဂရန်မြေအားအမည်ပေါက်-ဦးထွေး(ဖခင်)၊ဒေါ်ငွေလှ(မိခင်)နှင့်သားတစ်ဦးဖြစ်သူဦးမြင့်ထူးတို့အသီးသီးကွယ်လွန်သဖြင့်ကျန်သားများဖြစ်သည့်အမည်ပေါက်များလည်းဖြစ်သူ(၁)ဦးမြင့်ဦး(၁၂/ပဇတ(နိုင်)၀၁၂၂၉၁)၊(၂)ဦးမြင့်ထွေး(၁၂/ကတတ(နိုင်)၀၂၆၉၁၁)၊(၃)ဦးမြင့်ငွေး(၁၂/ပဇတ(နိုင်)၀၁၁၂၅၂)နှင့်ဦးမြင့်ထူး(ကွယ်လွန်)၏ဇနီးဖြစ်သူဒေါ်နုနုအေး(၁၂/ဗတထ(နိုင်)၀၂၁၅၃၁)တို့ကအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်စဉ်-၅၁၅၂၈/၂၀၁၇(၂၃-၅-၂၀၁၇)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဦးထွေး၊ဒေါ်ငွေလှနှင့်သားဦးမြင့်ထူးတို့၏သေစာရင်းများ၊နှစ်(၉၀)မြေငှားစာချုပ်ဂရန်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅၊ မြေကွက်အမှတ် ၆၅၆၊ ၆၅၉၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧက မြေကွက်တည်နေရာအမှတ် (၆၅၆+၆၅၉)၊ နဝရတ်(၄)လမ်း၊ ၅ ရပ်ကွက်၊ လှိုင်သာယာ၊ ဦးခင်မောင်မြ (MMN-၅၆၂၁၀၇) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြ (MMN-၅၆၂၁၀၇) ၁၂/လမတ(နိုင်)၀၁၅၉၇၉ ကိုယ်တိုင်မှ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၈၈)၊ ၇၃×၇၄ လမ်းကြား၊ ပျူစောထီး×ကျန်စစ်သားလမ်းကြားရှိ ဦးရဲညွှန့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးနေမျိုးထိုက် ၉/ခမစ(နိုင်)၀၀၂၁၃၆၊ ဒေါ်ကြူကြူသိန်း ၅/စကန(နိုင်)၁၇၈၁၉၃တို့မှ မြို့သစ်တိုးချဲ့ ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8803 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

သွေးသည် အသက်

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၆၀	မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	နေပြည်တော် ၀၉ ၄၅၇၇၄၂၈၈၂ ၀၉ ၄၅၇၇၄၂၈၈၃	ရွှေဆောင် ၀၉၄၅၇၇၄၂၈၈၀ ၀၉၄၅၇၇၄၂၈၈၁	မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal (စိန်ဂေဟာ-ဖါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂	မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅ ၀၉၂၆၁၃၉၀၁၁၆	မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃	ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁	မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇	မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂	မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆	NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၁-၂	မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၁ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃	ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ	၄.၈.၂၀၁၇ နေ့မှပြမည့်ဇာတ်ကားသစ်များ	

ည
ရန်ကုန် - သမ္မတ မန္တလေး - ဝင်းလိုက်

War for the Planet of the Apes (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မင်္ဂလာ(ဂမုန်းပွင့်) တောင်ငူ - NEW 3D CINEMA
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း မကွေး - မင်္ဂလာစံပြ

DUNKIRK
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်၊ မင်္ဂလာစံပြ
မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

MUNNA MICHAEL
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်

ဘုန်းကာညာနှစ်ပါး
ရန်ကုန် - သွင်၊ မင်္ဂလာစံပြ၊ Top Royal
မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မန်းနေပြည်တော်၊ မင်္ဂလာ ဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ
တောင်ငူ - NEW 3D CINEMA ပဲခူး - မင်္ဂလာ Icon

ကြောက်ကြောက်ကြောက်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(၁)၊ မင်္ဂလာ(ဂမုန်းပွင့်)
မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ
မန္တလေး - မြို့မ၊ မင်္ဂလာ ဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA ပဲခူး - မင်္ဂလာ Icon

JASMINE PALACE HOTEL
YANGON • MYANMAR
(၁ – ၈ – ၂၀၁၇) မှစ၍
JASMINE PALACE HOTEL YANGON
30% OFF
ကမ္ဘောဇဘဏ်ကတ်အသုံးပြုသူများ
အတွက် အထူးအစီအစဉ်
(အခန်းအမျိုးအစားအားလုံးအပါအဝင် စားသောက်ဆိုင်များနှင့်
Jasmine Spa အတွက်ခံစားခွင့်ရှိပါသည်။)
KBZ BANK
MPU
Platinum
Asia
UnionPay
Travel Mate. Asia
VISA
EXPLORE
Teens
Explore
MasterCard
JASMINE NGAPALI RESORT
(၁ – ၁၀ – ၂၀၁၇) မှစ၍
JASMINE NGAPALI RESORT
341 Pyay Road, Sanchaung Township, Yangon, Myanmar
Tel : +95 (1) 230 4402-03 , Fax : +95(1) 230 6398-99
For more information : info@jasminepalacehotel.com
For Reservation : rsvn1@jasminepalacehotel.com, rsvn2@jasminepalacehotel.com
www.jasminepalacehotel.com

ဖခင်အမည်မှန်

ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မသိမ့်သိမ့်စိုး၏ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၃/ကလန(နိုင်) ၀၄၆၂၀၆ ဖြစ်ပါကြောင်း။ **ဦးမြင့်ရွှေ**

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ န၀မတန်း(E) မှ မောင်သန့်ဇင်ဦးအား ယနေ့မှစ၍ မောင်နေဝင်း ၁၃/တကန(နိုင်)၃၁၉၈၇၇ ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နေဝင်း**

မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မစပယ်ဦး၏ မိဘအမည်မှန်မှာ ဦးသန်းမော် ၁၃/တကန(နိုင်)၁၇၉၉၄၉နှင့် ဒေါ်အေးစိုး ၉/မထလ (နိုင်) ၂၁၁၂၃၁ ဖြစ်ပါကြောင်း။ **ဦးသန်းမော်-ဒေါ်အေးစိုး**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၂) သာကေတမြို့နယ်၊ ဆဋ္ဌမတန်း (D)မှ မဖူးပွင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးလှမင်း ၈/မဘန(နိုင်) ၀၈၉၆၁၈ ဖြစ်ပါကြောင်း။ **ဦးလှမင်း**

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048, 202046 256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 09 443001453,01-503472, 09 30775232

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 13 Aug
10-11:30 (Mon~Thurs) 14 Aug
3:30 - 5 (Mon~Thurs) 29 Aug

BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 1 Aug
1 - 4:00 (Sat + Sun) 5,26 Aug
3:30 - 5 (Mon~Thurs) 7 Aug
1 - 2:30 (Mon~Thurs) 8 Aug
10-12:00 (Mon~Thurs) 14 Aug
9 - 12:00 (Sat + Sun) 19 Aug
6 - 7:30 (Mon~Thurs) 21 Aug

BASIC WRITING
3:30 - 5 (Mon ~ Thurs) 31 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 7,22 Aug
1 - 4:00 (Sat + Sun) 13 Aug
3:30 - 5 (Mon ~ Thurs) 14 Aug
9 - 12:00 (Sat + Sun) 27 Aug

INTERMEDIATE (ACADEMIC ENGLISH)
2 - 5:00 (Sat + Sun) 13 Aug
1 - 2:30 (Mon ~ Thurs) 21 Aug

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 14 Aug

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 21 Aug
1 - 2:30 (Mon ~ Thurs) 4 Sep

IELTS (Writing + Grammar)
7:30 - 9 (Mon ~ Thurs) 18 Sep

BASIC ENGLISH SPEAKING
6 - 7:30 (Mon~Thurs) 14 Aug
3:30 - 5 (Mon~Thurs) 22 Aug
7:30-10:30 (Sat + Sun) 26 Aug
1 - 2:30 (Mon~Thurs) 29 Aug

BASIC GRAMMAR
1 - 2:30 (Mon ~Thurs) 1 Aug
7:30-10:30 (Sat+Sun) 19 Aug

IELTS (Preparation)
1 - 3:30 (Mon~Thurs) 7 Aug
7:30-9:30 (Mon~Thurs) 18 Sep

IELTS (Speaking + Vocab)
10-11:30 (Mon~Thurs) 4 Sep

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 11 Sep

BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 21 Aug
1 - 2:30 (Mon~Thurs) 21 Aug
6 - 7:30 (Mon~Thurs) 28 Aug
3:30 - 5 (Mon~Thurs) 29 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
12 - 3:00 (Sat + Sun) 19 Aug
7:30 - 9 (Mon~Thurs) 21 Aug
6 - 7:30 (Mon~Thurs) 28 Aug

INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 5 Aug
6 - 7:30 (Mon~Thurs) 28 Aug

IELTS (Preparation)
4:30-7:30 (Sat + Sun) 29 Jul

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 29 Jul

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5877, Mitsubishi Fuso FP517D, T/H ယာဉ်လက်ဝယ်ရှိသူ PHYO & BAN YAR, Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

REQUEST FOR EXPRESSIONS OF INTEREST
(CONSULTING SERVICES – FIRMS SELECTION)

MYANMAR
South East Asia Disaster Risk Management Project
Project ID. P160931
Assignment Title: Component 2 Preparation of Detailed Engineering Designs and Bidding Documents for Drainage Infrastructure Improvements for the 6 Downtown Townships of Yangon (Lanmadaw, Latha, Pabedan, Kyauktada, Botahtaung and Pazundaung) and Construction Management and Supervision of the Works
Reference No. C2 CS1

The Government of the Republic of the Union of Myanmar has applied for financing from the World Bank toward the cost of the South East Asia Disaster Risk Management Project, and intends to apply part of the proceeds to finance the Works for drainage infrastructure improvements for six townships (Lanmadaw, Latha, Pabedan, Kyauktada, Botahtaung and Pazundaung) of Yangon City and the cost of Consulting Services.

The Consulting Services ("the Services") shall consist of two Stages: Stage 1 covering Detailed Design; and Stage 2 covering Contract Management and Construction Supervision. A single proposal (technical and financial) covering both stages will be requested. Separate contracts will be awarded for each stage with award of the contract for Stage 2 being conditional on satisfactory performance on Stage 1. Stage 1 shall include carrying out hydrological and hydraulic studies; hydrological modelling; preparation of Drainage Plans; Detailed Engineering Designs for storm water drains, storm water retention basin/s and other Sustainable Drainage System (SuDs) measures, river outfalls and outlet structures to incorporate screens, storm water pumps, standby generators, automatic tidal gates, a SCADA system and other related ancillary equipment; a cost benefit analysis of the drainage plans, preparation of an environmental and social impact assessment (ESIA) in conformity with an existing Environmental and Social Management Framework (ESMF); detailed cost estimates; identification of a List of Priority Investments; proposals for procurement packaging and preparation of Bidding Documents for a number of priority bid packages using World Bank Procurement Guidelines and Standard Bidding Documents. Stage 2 shall cover Contract Management and Construction Supervision of the works including assisting YCDC with overall coordination and during the Defects Liability Period of the works.

The duration of services for Stages 1 and 2 are estimated at about eight (8) months and thirty six (36) months respectively not including Defects Liability Period. Defect Liability Period is expected to be 12 months.

The budget available for the priority drainage infrastructure improvement works is around US$65 million.

The Yangon City Development Committee will be implementing the Project and now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services.

The short listing criteria: (1) at least 10 years working experience in storm water management including the development of urban drainage systems and plans incorporating retention basins and other Sustainable Drainage System (SuDs) methodologies to attenuate floods, and outlet structures incorporating storm water pumps and ancillary equipment, automatic tidal gates and SCADA systems in both developed and developing countries, (2) experience in the design and implementation of large scale urban storm water management systems, (3) experience in conducting hydrological studies, including hydrological modeling, topographical surveys, etc. (4) availability of experienced and qualified staff (but not individual experts' biodata), (5) proven experience in carrying out similar assignments within the past 5 years.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers dated January 2011 and revised in July 2014. ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub consultancy to enhance their qualifications. The "association" may take the form of a joint venture or a sub consultancy. In case of a joint venture (JV), all members of the JV will be evaluated jointly for the purpose of short listing and shall be jointly and severally liable for the assignment and shall sign the contract jointly in case of award is made to that JV. Interested consultants should clearly indicate the structure of their "association" and the duties of the partners and sub consultants in their application. Unclear expression of interests in terms of "in association with" and/or "in affiliation with" and etc. without indicating the status of the partnership and designation of the lead partner may not be considered for short listing.

A Consultant will be selected in accordance with the Quality and Cost Based Selection (QCBS) method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours [9.30a.m to 4.30p.m, Monday to Friday].

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by Thursday, August 17, 2017 before 3:00 pm.

EDRB in Yangon City Hall
Contact Person: U Nyan Thar
Engineering Department (Roads & Bridges)
3th Floor, Yangon City Hall,
Kyauktada Township, Yangon,
Republic of the Union of Myanmar.
Tel: ++95 1 371126
Fax No. : 951-371126, 01-371126
E-mail: ycdcedrb@gmail.com

ကံ့ကော်ရိပ် စာတူ့ထွာတန်း

၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ခုနှစ်
ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင်အသီးသီးတွင် စစ်ဆေးခဲ့သော
(၃) နှစ်စာမေးခွန်းဟောင်းနှင့် စံပြအဖြေများ

